# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄) အမှတ် (၆)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၆ ရက်၊ တနင်္လာနေ့။


## ဗိုလ်ချုပ်ကြီးပရာယုဒ်ချန်အိုချာ(ငြိမ်း)နှင့်ဇနီး မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော်　အောက်တိုဘာ　၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ(ငြိမ်း)နှင့်ဇနီး တွဲဖက်ပါမောက္ခ နာရာပွန် ချန်အိုချာတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီးလာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ပညာရေးအဆင့်မြင့်မားနေသည့်နိုင်ငံသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို ကောင်းစွာအထောက်အကူပြုနိုင်





ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော်　အောက်တိုဘာ　၅**

မျိုးဆက်သစ်လူငယ်များကို အသိအတတ်ပညာရှင်များဖြစ်စေရန် ပြုစုပျိုးထောင်ပေးကြသည့် ဆရာ ဆရာမများ၏ ကြိုးပမ်းဆောင်ရွက်မှုကိုလည်းကောင်း၊ လူ့အဖွဲ့အစည်းတွင် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် မရှိမဖြစ် အရေးပါမှုကို အသိအမှတ်ပြုသည့် အနေဖြင့်လည်းကောင်း၊ ပညာရေးလုပ်ငန်းများကို အဓိကအကောင်အထည်ဖော်ဆောင်ပေးနေသည့် ဆရာ ဆရာမများ၏ ကြီးမားသည့်တာဝန်နှင့် မွန်မြတ်သည့်ဂုဏ်အင်္ဂါတို့ကိုလည်းကောင်း အလေးထားဂုဏ်ဖော်သည့်အနေဖြင့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC-II)၌ကျင်းပရာ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း

*စာမျက်နှာ ၈ ကော်လံ ၁* ◆

“ မိမိတို့နိုင်ငံသားများသည် အခြားသောအာဆီယံနိုင်ငံများနှင့် တန်းတူယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်းရှိရန်၊ ကျွမ်းကျင်သည့်ပညာရှင်များ မွေးထုတ်ပေးရန် လိုအပ်လာသကဲ့သို့ နိုင်ငံ၏ကြီးထွားလာမည့် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများနှင့် အံဝင်ခွင်ကျဖြစ်သည့်ပညာရှင်များ မွေးထုတ်ပေးရန် လိုအပ် ”

## ယနေ့ မာတိကာ


တောင်မြောက်ကိုရီးယားနှစ်နိုင်ငံ အဆင့်မြင့်အဆင့်ဆွေးနွေးမှု သဘောတူညီ — စာ ၄

ကျွန်တော်နဲ့ မန္တလေး — ဆောင်းပါး — စာ ၆

တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်တွင် မီးပုံးပျံများ ဆန်းသစ်တီထွင်လာ — စာ ၁၃


## မြန်မာ့ရေနံဓာတ်ငွေ့ရည် တိုးမြှင့်ထုတ်လုပ်နေ

**ရန်ကုန်　အောက်တိုဘာ　၅**

ယခင်က ရပ်ဆိုင်းထားခဲ့ရသည့် ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး) ကို ယခုအခါ ပြန်လည်ပြုပြင်မှုများ ပြုလုပ်နိုင်ခဲ့သဖြင့် ရေနံဓာတ်ငွေ့ရည် (LPG) များ နေ့စဉ်ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းမှ ထုတ်ပြန်သော သတင်းအချက်အလက်များ၌ ဖော်ပြသည်။

ရေနံဓာတ်ငွေ့ရည် တိုးမြှင့်ထုတ်လုပ်ရန် ကြိုးစားနေသော မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းလက်အောက်မှ ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)သည် ယခုအခါ ရေနံဓာတ်ငွေ့ရည် နေ့စဉ် ၁၀ တန်ခန့် ထုတ်ပေးနိုင်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဝေယံဦး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ရေနံဓာတ်ငွေ့ရည်စက်ရုံသည် ၁၉၈၅ ခုနှစ်က ကန်ထရိုက်ဖြစ်သော ဂျပန်နိုင်ငံမှ Mitsubishi Heavy Industry မှ အကောင်အထည်ဖော်တည်ဆောက်ခဲ့သော စက်ရုံဖြစ်သည်။ ယင်းစက်ရုံမှ Propane Refrise-ration Compressor ချွတ်ယွင်းသွားသဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ စတင်ကာ ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ယခုအခါ အငြိမ်းစားပညာရှင်နှင့် ဝန်ထမ်းများ၏ ကြိုးစားပြုပြင်မှုကြောင့် ပြန်လည်၍ စက်ရုံလည်ပတ်နိုင်ခဲ့ပြီဖြစ်ရာ ရေနံဓာတ်ငွေ့ရည်များကို နေ့စဉ်ထုတ်လုပ်နိုင်ပြီဖြစ်သည်။




ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး) ကို တွေ့ရစဉ်။

ယင်းစက်ရုံမှ ရေနံဓာတ်ငွေ့ရည်များကို အိမ်သုံးလောင်စာအပြင် ပွင့်လင်းရာသီ၌ ပုဂံဒေသနှင့် အင်းလေးဒေသများတွင် မီးပုံးပျံဖြင့် လေ့လာလိုသော ကမ္ဘာလှည့် ခရီးသွားများအတွက်

*စာမျက်နှာ ၇ ကော်လံ ၆* ❀

## ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဝမ်းပျက်ဝမ်းလျှောရောဂါသတိပြုစရာ

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသော အစားအစာနှင့် သောက်သုံးရေတို့မှတစ်ဆင့် ကူးစက်တတ်သော ရောဂါတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်ရာသီမရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် ရာသီဥတုပြောင်းလဲသော ကာလများဖြစ်သည့် မိုးအကုန် ဆောင်းအကူးတွင် ဖြစ်ပွားလေ့ရှိကြောင်း တွေ့ရှိရပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါပြင်းထန်သည့် ကာလဝမ်းရောဂါသည် Vibrio Cholerae ဟုခေါ်ဆိုသော ဗက်တီးရီးယားပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ရောဂါပြင်းထန်ကာ အချိန်မီ ကုသမှုမရှိပါက အသက်ဆုံးရှုံးနိုင်ပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါပြင်းထန် ဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီကုသမှုခံယူရန်နှင့် အဆင့်ဆင့် အချိန်မီ အမြန်ဆုံးသတင်းပေးပို့ရန် လိုအပ်ပါသည်။

ကလေးသူငယ်များတွင်ဖြစ်ပွားသော ဝမ်းပျက်ဝမ်းလျှောရောဂါမှာ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများကြောင့်ဖြစ်ပွားလေ့ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ထိရောက်ပြည့်စုံသော ကုသမှုခံယူရန် လိုအပ်ပါသည်။

ပြီးခဲ့သည့် စက်တင်ဘာလကုန်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်(၁၄) ရပ်ကွက် စီမံကိန်း(၁)တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့ရာ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က ရောဂါဖြစ်ပွားခဲ့သည့် ရပ်ကွက်အတွင်း ၂၄နာရီ ဆေးခန်းဖွင့်၍ လူနာသစ်ရှာဖွေကုသခြင်း၊ လူနာနှင့်အတူနေသူများအား ကြိုတင်ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ရပ်ကွက်အတွင်းရှိ သောက်သုံးရေအရင်းအမြစ်အားလုံးကို ကလိုရင်းဆေးခတ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်း၊ အရေးပေါ်လူနာလွှဲပြောင်းကုသမှု ခံယူစေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရသည်။

ရောဂါဖြစ်ပွားရခြင်းအကြောင်းရင်းနှင့်စပ်လျဉ်း၍ အိမ်သာများကျန်းမာရေး စံချိန်စံညွှန်းမကိုက်ညီခြင်း၊ ယင်လုံအိမ်သာသုံးစွဲမှုမရှိခြင်း၊ သောက်သုံးရေ အရင်းအမြစ်နှင့် အိမ်သာတို့ လုံလောက်သော အကွာအဝေးမရှိခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့်စားသောက်နေထိုင်မှုမရှိခြင်း၊ ကျန်းမာရေးအသိပညာနည်းပါးခြင်းတို့ကြောင့်ဖြစ်ကြောင်း ကျန်းမာရေးဝန်ထမ်းတစ်ဦးကထောက်ပြခဲ့သည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ခြင်း၊ အထူးသဖြင့် အစာမစားမီအချိန်တိုင်း လူနာကိုကိုင်တွယ်ပြီးတိုင်း ကလေးကိုပြုစုပြီးတိုင်း၊ အိမ်သာအသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာနှင့် စနစ်တကျစင်ကြယ်စွာ ဆေးကြောရန်၊ အစားအစာကိုပူပူနွေးနွေးစားသောက်ခြင်း၊ ယင်နားစာများ မစားသုံးခြင်း၊ ရေကောင်းရေသန့်ရရှိအောင် ဆောင်ရွက်ခြင်း (ကလိုရင်းဆေးခတ်ထားသော သောက်သုံးရေ သို့မဟုတ် ကျိုချက်ထားသော ရေကိုသာ သောက်သုံးခြင်း)၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို အမြဲမပြတ်ပြုလုပ်ခြင်းနှင့် ယင်လုံအိမ်သာ ရာခိုင်နှုန်းပြည့် သုံးစွဲအောင် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အချိန်မီသတင်းပေးပို့ခြင်းနှင့် ထိရောက်သော ကုသမှုခံယူခြင်းတို့ကို ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

**ပြည်တွင်းသတင်း**

# ကမ္ဘာလှည့်ခရီးသည်များ၏ လုံခြုံရေးနှင့်လိုအပ်သည့်အကူအညီများကို ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့က ကူညီဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံအတွင်း ဝင်ရောက်သွားလာလျက်ရှိသည့် ကမ္ဘာလှည့်ခရီးသည်များ၏ လုံခြုံရေးနှင့် အခြားလိုအပ်သည့် အကူအညီများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၈ ရက်က မန္တလေး မဟာမြတ်မုနိဘုရားကြီးသို့ ဘောင်းဘီတိုဖြင့်ဝင်ရောက်ခွင့်မရသည့် တရုတ်နိုင်ငံသား Mr.Xizhao Fene အား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့ဝင်များက ပုဆိုးတစ်ထည် ငှားရမ်းဝတ်ဆင်ပေးပြီး ဘုရားဖူးနိုင်ရေး ကူညီပေးခဲ့သည်။

ထို့ပြင် စစ်ကိုင်းမင်းကွန်းရှေးဟောင်းဇုန်သို့ ဝင်ရောက်ကြည့်ရှုရန် လက်မှတ်ဝယ်ယူရမည့် နေရာမသိရှိသော တရုတ်နိုင်ငံသား Mr.Hui ကို လက်မှတ်ရောင်းချသည့် ရှေးဟောင်းဦးစီးရုံးသို့ပို့ဆောင်ပေးပြီး ရှေးဟောင်း ဇုန်သို့ဝင်ရောက်ကြည့်ရှုနိုင်ရေး ကူညီပေးခဲ့သည်။

အလားတူ ယင်းနေ့က ဦးပိန်တံတားမှ အမရပူရကျောက်တော်ကြီးဘုရားသို့သွားမည့် အမေရိကန်နိုင်ငံသား Mr.David Schments၊အင်းဝ ဗားကရာကျောင်းမှ ကြောင်လိမ်ကျောင်းသို့သွားမည့် ဗြိတိန်နိုင်ငံသူ Ms.Caronjane Nounse၊ ရွှေကျောင်းမှ ကုသိုလ်တော်ဘုရားနှင့် မန္တလေးတောင်သို့သွားမည့် ပြင်သစ်နိုင်ငံသား Mr.Blond နှင့် ရွှေနန်းတော်မှ ရွှေကျောင်းသို့သွားမည့်တရုတ်နိုင်ငံသူ Ms. Chen Jia တို့သည် လမ်းမသိ၍ အခက်အခဲဖြစ်နေသဖြင့် လမ်းပြပို့ဆောင် ကူညီပေးခဲ့သည်။

ထို့ပြင် ကုသိုလ်တော်ဘုရားမှ မန္တလေးတောင်သို့သွားရန် လမ်းမသိသော ပြင်သစ်နိုင်ငံသူ Mrs. Paos Lca Julitte ၊ မရမ်းခြံဆိပ်မှဦးပိန်တံတားသို့သွားရန် လမ်းမသိသော ပြင်သစ်နိုင်ငံသား Mr. Philippe နှင့် မန္တလေးတောင်မှ တည်းခိုနေထိုင်ရာ Rich Queen Hotel သို့ပြန်ရန် လမ်းမသိသော နယူးဇီလန်နိုင်ငံ သား Mr. Sander တို့ကိုလည်း ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့ဝင်များက အငှားဆိုင်ကယ်များ ငှားရမ်းပေးခဲ့ပြီး သွားလိုရာသို့ ချောမောစွာရောက်ရှိရေး ကူညီပေးခဲ့ကြကြောင်း သိရသည်။

**ကိုရဲ**

# ညအမှောင်၌ အလင်းရောင်ပျောက်နေသည့်ကမာရွတ်လှည်းတန်း ခုံးကျော်တံတား

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်ရှိ လှည်းတန်း ခုံးကျော်တံတားသည် အထင်ကရ ပြယုဂ်တစ်ခုဖြစ်သည်။

အဆိုပါ လှည်းတန်းခုံးကျော်တံတားကို ပြည်သူများ ဖြတ်သန်းအသုံးပြုလျက်ရှိရာ ယခုအခါ လှည်းတန်းဘက် အဆင်းသည့် မတ်စောက်နေရာ တံတား ဘယ်ညာ လူသွားပလက်ဖောင်း အသုံးပြုသူများအဖို့ အန္တရာယ်ရှိနေသည့်အပြင် လှည်းတန်းခုံးကျော်တံတား ကတ္တရာလမ်းကို အဆင့်မြှင့်ခင်းလိုက်သဖြင့် ကတ္တရာလမ်းနှင့် လူသွားပလက်ဖောင်းတို့ တစ်ပြေးညီ ဖြစ်သွား၍ခရီးသွားများ ယာဉ်အန္တရာယ် ထိခိုက်လွယ်သည့် အနေအထား ဖြစ်ပေါ်လျက်ရှိသည်။

**ထင်သာမြင်သာပြုပြင်စရာ**

ညပိုင်းတွင် လှည်းတန်းခုံးကျော် လမ်းမီးတိုင်များ လုံးဝမီးမလင်း၍ ညဘက်သွားလာရသည့် ပြည်သူများသည် မမျှော်မှန်းနိုင်သည့် အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ခရီးသွားပြည်သူများ မီးလင်းရန်လိုလားလျက်ရှိသည်။ **ခင်မောင်မောင်(ကမာရွတ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ

**ပန်းတောင်း အောက်တိုဘာ ၅**

နှစ်(၅၀)ပြည့် ရွှေရတု မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့စခန်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းထံမှ ပေးပို့သော သဝဏ်လွှာကို ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**(ဝ၀၈)**




# ထားဝယ်ရိုးရာ သပိတ်မျှောပွဲကျင်းပမည်

**ထားဝယ် အောက်တိုဘာ ၅**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့ ထားဝယ်ရိုးရာ ယဉ်ကျေးမှု သပိတ်ပွဲတော်ကို လွန်ခဲ့သော နှစ် ၂၀၀ကျော်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ထိပင် ဖြစ်သည်။

ရှင်ဥပဂုတ္တ မထေရ်မြတ်အား ရည်စူး၍ အောက်တိုဘာ ၈ ရက် (သီတင်းကျွတ်လဆန်း ၁၅ ရက်) (အဖိတ်နေ့ ညမှ သီတင်းကျွတ်လပြည့်နေ့အကူး အရုဏ်ဦး)တွင် ထားဝယ်မြို့ ဒေါင်းငူ/ တံငါရပ်ကွက်ရှိ ဆိပ်ကမ်းသာလမ်း၊ ထားဝယ်မြစ်ကမ်းနဖူး၌ ထားဝယ်မြို့ရပ်ကွက်ပေါင်းစုံမှ မြို့သူမြို့သားများပါဝင်ပြီး သပိတ်မျှောပွဲမုခ်ဦးမှစ၍ အကွေ့၁၂ ကွေ့ရှိသော ဝက်ပါကို ပျော်ရွှင်စွာဖြတ်ကျော်ကာ သပိတ်မျှောကြမည်ဖြစ်သည်။ ပွဲတော်တွင် မြန်မာ့ရိုးရာ တေးဂီတအဖွဲ့၊ ထားဝယ်ရိုးရာ သပိတ်မျှောအကနှင့် ထားဝယ်ရိုးရာအကများ၊ ဇာတ်သဘင်ပွဲ၊ ကြည့်ချင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆွမ်းသပိတ်များကို ထားဝယ်မြို့ အိုးလုပ်ရပ်ကွက်မှ အိုးလုပ်ငန်းရှင်များက အထူးစီမံပြုလုပ်ထားသည့် အချင်း ၄၀နှင့် ၃၀လက်မ၊ ၈ လက်မ၊ ၆လက်မအရွယ် ရွှေသပိတ်၊ ငွေသပိတ်၊ မြေသပိတ်များတွင် ဆွမ်း၊ ခဲဖွယ်၊ သစ်သီး၊ ရေချမ်း၊ ဖယောင်းတိုင် ဆီမီးများ၊ တံခွန်ကုက္ကားများဖြင့် ဆင်ယင်ထည့်သွင်းပူဇော်ကြမည်ဖြစ်သည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော်
သီတင်းကျွတ်၊ တန်ဆောင်တိုင်
အထူးအရောင်းပွဲတော်
15% Off
Available at - ရန်ကုန် (၄၂၄) သိမ်ဖြူလမ်း၊ ယုဇနပလာဇာ၊ [illegible]၊ [illegible]၊ နေပြည်တော် Junction၊ မန္တလေး (၂၆) ဘီလမ်း။

ပြည်တွင်းသတင်း

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၅

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နယူးယောက်မြို့၌ ကျင်းပသည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ပြီး အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ ပြည်ထောင်စုဝန်ကြီးသည် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် စက်တင်ဘာ ၂၉ ရက်က အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားခဲ့သည်။**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်စဉ် အတွင်းအာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ) နိုင်ငံခြားရေးဝန်ကြီးများ နံနက်စာအလုပ်သဘောအစည်းအဝေး၊ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှု အပြည်ပြည်ဆိုင်ရာညီလာခံမှ ချမှတ်ထားသည့် လုပ်ငန်းအစီအစဉ် တိုးတက်မှုအခြေအနေကို ဆွေးနွေးသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၂၉)ကြိမ်မြောက်အထူးအစည်းအဝေး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကြီးမှူးပြုလုပ်သည့် ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး (၂၀၁၄)နှင့် နယူးယောက်မြို့ရှိ ရေးလ်ကလပ်၌ ပြုလုပ်သည့် သတ္တမအကြိမ် ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု နှီးနှောဖလှယ်ပွဲများသို့လည်း တက်ရောက်ခဲ့သည်။

နှစ်နိုင်ငံ တွေ့ဆုံမှုများအဖြစ် ပြည်ထောင်စုဝန်ကြီးသည် အာရပ်စော်ဘွားများ ပြည်ထောင်စု ဒုတိယနိုင်ငံခြားရေးဝန်ကြီး Ms. Reem Al Hashimi၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms.Leila Zerrougui၊ အီတလီ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Lapo Pistelli၊ ကိုလံဘီယာနိုင်ငံခြားရေးဝန်ကြီး Ms. Maria Angela Holguin Cuellar၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအတွက် ဘဏ္ဍာရေးဆိုင်ရာ အထူးပုဂ္ဂိုလ် နယ်သာလန်နိုင်ငံဘုရင့်မိဖုရား Queen Maxima ၊ အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC)အတွင်းရေးမှူးချုပ် Mr.Lyad Ameen Madani၊ တူရကီနိုင်ငံခြားရေးဝန်ကြီး Mr.Mevlut Cavusoglu၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် Mr.Gyan Acharya နှင့် South Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Martin Khor တို့နှင့်လည်း ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်စဉ်အတွင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးရာတွင် နှစ်ဖက်စိတ်ဝင်စားသည့် ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Mr.John F. Kerry နှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဦးဝဏ္ဏမောင်လွင်သည် နယူးယောက်မြို့၌ ကုလသမဂ္ဂအစည်းအဝေးများ တက်ရောက်ပြီးနောက် စက်တင်ဘာ ၃၀ရက်တွင် ဝါရှင်တန်မြို့၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Mr.John F. Kerryအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် ဝါရှင်တန်မြို့တွင် အမေရိကန်အောက်လွှတ်တော် နိုင်ငံခြားရေးရာ၊ အာရှနှင့်ပစိဖိတ် ဆပ်ကော်မတီ အဖွဲ့ဝင်လွှတ်တော်အမတ် Mr. Eni F.H. Faleomavaega ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတကာလုံခြုံရေးနှင့် အဏုမြူလက်နက်ဖျက်သိမ်းရေးဗျူရို၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.Thomas M.Countryman တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

# မဏ္ဍိုင်(၃)ရပ်နှင့် သတင်းမီဒီယာ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန Deutsche Welle နှင့် International Media Support တို့ ပူးပေါင်းကျင်းပသည့် မဏ္ဍိုင်(၃)ရပ်နှင့် သတင်းမီဒီယာ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး စုဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။



နိုင်ငံတော်၏ မဏ္ဍိုင်(၃)ရပ်နှင့် သတင်းမီဒီယာများထိတွေ့ ဆက်ဆံရေးတွင် အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုနှင့် အပြုသဘောဆောင်သည့် ဆက်ဆံရေးများ ပိုမိုရရှိရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများက သတင်းမီဒီယာဆိုင်ရာကိစ္စရပ်များ၊ Secretariat Team မှ တွေ့ရှိချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အပြန်အလှန် မေးမြန်းဆွေးနွေးသုံးသပ်ခဲ့ကြသည်။

အဆိုပါ မဏ္ဍိုင်(၃)ရပ်နှင့် သတင်းမီဒီယာ တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူတို့၏ စကားသံများထဲမှ ကြားမိသမျှကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဦးကိုနီ(တရားလွှတ်တော်ရှေ့နေ)**

မီဒီယာလောကအပေါ်မှာ ဌာနဆိုင်ရာတွေ နားလည်ထားတာနဲ့ ဌာနဆိုင်ရာတွေအပေါ် မီဒီယာတွေ နားလည်ထားတာတွေမှာ ကွာဟမှုတွေရှိနေပါတယ်။ တစ်ဖက်ကို တစ်ဖက် အကောင်းမြင်ဖို့ အခက်အခဲတွေ ရှိနေတာပေါ့။ ဒီအခြေအနေတွေကို ကျော်လွှားနိုင်အောင် ဆွေးနွေးပွဲကို တက်ရောက်လာတာဖြစ်ပါတယ်။ အခုကျွန်တော်တို့ ဆွေးနွေးတဲ့အခါမှာ တစ်ဖက်နဲ့တစ်ဖက် အပြုသဘောနဲ့ ဆွေးနွေးကြတာကို တွေ့ရပါတယ်။ မီဒီယာက ဥပဒေပြုရေးမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တွေကို ဝေဖန်ထောက်ပြ၊ အကြံပေးတာတွေလုပ်တဲ့အတွက် မီဒီယာနဲ့မဏ္ဍိုင်(၃)ရပ်ဆိုတာ ကင်းလို့မရပါဘူး၊ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတိုင်းမှာ မီဒီယာရဲ့အခန်းကဏ္ဍကို သက်ဆိုင်ရာ အာဏာပိုင်တွေက အသိအမှတ်ပြုရပါတယ်။ ဒီဆွေးနွေးပွဲကနေ ရှေ့လျှောက်ပြီး မဏ္ဍိုင်(၃)ရပ်နဲ့ မီဒီယာတွေ နားလည်အဆင် ပြေသွားမယ်လို့ မျှော်လင့်ထားပါတယ်။

**ပါမောက္ခဒေါက်တာ အောင်ထွန်းသက်**

ပွင့်လင်းပြောင်းလဲလာတဲ့အနေအထားမှာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ သတင်းမီဒီယာဆိုပြီး မဏ္ဍိုင်(၄)ခုရှိပါတယ်။ အဲဒီ(၄)ခုကို ဟန်ချက်ညီညီနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာကို အမြင်ချင်းဆွေးနွေးကြတဲ့ ပွဲဖြစ်ပါတယ်။ ဒီမဏ္ဍိုင်(၄)ခုက အင်မတန်အားကြီးပါတယ်။ ဒီမဏ္ဍိုင်(၄)ခုကို ဟန်ချက်ညီညီရွှေ့နိုင်ရင် နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေမှာ ပိုပြီးအကျိုးဖြစ်ထွန်းစေမှာပါ။ ဒီဆွေးနွေးပွဲက ရတဲ့အဖြေတွေကနေ မီဒီယာဆက်သွယ် ဆက်ဆံရေးအတွက် အခြေခံမယ့်အရာတစ်ခု ရအောင်ကြိုးစားသွားမှာ ဖြစ်ပါတယ်။

အခုဆွေးနွေးပွဲကနေ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှုတွေနဲ့ ယုံကြည်မှုတွေ တည်ဆောက်ပြီး ကိုယ့်လိုအပ်ချက်၊ သူ့လိုအပ်ချက်တွေ သူမှန်တယ်၊ ကိုယ်မှန်တယ် မဟုတ်ဘဲ နှစ်ဖက်နားလည်အောင် ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီကမှ အားသာချက်တွေကို ဆွဲထုတ်ပြီး အားနည်းချက်တွေကို လျော့ကျအောင်လုပ်တာ ဖြစ်ပါတယ်။



ဦးကိုနီ(တရားလွှတ်တော်ရှေ့နေ)



ပါမောက္ခဒေါက်တာ အောင်ထွန်းသက်



ဦးဇော်သက်ထွေး (မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အဖွဲ့ဝင်)

**ဦးဇော်သက်ထွေး (မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အဖွဲ့ဝင်)**

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကိုသွားတဲ့အချိန်မှာ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို မဏ္ဍိုင်(၃)ရပ်က ပိုင်ဆိုင်ပါတယ်။ အဲ့ဒီ မဏ္ဍိုင်(၃)ရပ်ကို ထောက်ပြဝေဖန်နေတာက သတင်းမီဒီယာဖြစ်ပါတယ်။ အဲဒီတော့ ထောက်ပြဝေဖန်တဲ့သူနဲ့ တိုင်းပြည်ကို ဦးဆောင်နေတဲ့ မဏ္ဍိုင်(၃)ရပ်ကြားမှာ အပြန်အလှန်နားလည်မှုတွေရှိဖို့အတွက် ဆွေးနွေးကြတာဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲက ဌာနဆိုင်ရာအကြီးအကဲတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ကိုယ်စားလှယ်တွေ တက်ရောက်တဲ့အတွက် အားရကျေနပ်စရာကောင်းပါတယ်။ ဒီဆွေးနွေးပွဲမှာ တစ်ဖက်ရဲ့အခက်အခဲကို တစ်ဖက်က နားထောင်ရပါတယ်။ သူတို့ ဘာတွေကြိုးစားရုန်းကန်နေရတယ်ဆိုတာကိုလည်း သိရပြီး ဘယ်လို ပူးပေါင်းဆောင်ရွက်မလဲဆိုတာတွေကိုတွေ့ရပါတယ်။ ဒီနေ့ တွေ့ဆုံဆွေးနွေးမှုကနေ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ လက်တွဲလုပ်ဆောင်မှုတွေ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ အဲဒီကနေ တိုင်းပြည်ရဲ့ ငြိမ်းချမ်းသာယာဝပြောတဲ့အခြေအနေကို မြန်မြန်ဆန်ဆန် ရောက်မယ်လို့ မျှော်လင့်ထားပါတယ်။

ဒီဆွေးနွေးပွဲမှာ မဏ္ဍိုင်(၃)ရပ်ရဲ့ ဆောင်ရွက်နေရတဲ့ ကျင့်ဝတ်နဲ့ တာဝန်ဝတ္တရားတွေကို သိခွင့်ရခဲ့သလို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) ဦးဆောင်ပြီး မီဒီယာတွေထဲမှာ ကျင့်ဝတ်တွေ ဆောင်ရွက်နိုင်အောင်လည်း အသိပေးနိုင်ခဲ့ပါတယ်။

**ဦးစိန်သန်း (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**

အခုလို ဆွေးနွေးပွဲလုပ်တာကောင်းပါတယ်။ မီဒီယာတွေနဲ့ တရားရုံးတွေရဲ့ ဆက်ဆံရေးကို ဆောင်ရွက်ဖို့အတွက် အချိန်ယူပြီး လေ့လာခဲ့ပါတယ်။ မီဒီယာတွေနဲ့ ပတ်သက်ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးမှာ သတင်းပြန်ကြားရေးအဖွဲ့ ဖွဲ့ပြီးတိုင်းဒေသကြီးနဲ့ ပြည်နယ်(၁၄)ခုမှာလည်း သတင်းပြန်ကြားရေးအဖွဲ့တွေ ဖွဲ့ပါမယ်။ နောက်ပြီး ခရိုင်တရားရုံးအားလုံးနဲ့ မြို့နယ်တရားရုံးအားလုံးမှာ ပြန်ကြားရေးအရာရှိတွေ ထားပါမယ်။ အဲဒီလိုဖွဲ့စည်းပြီး ထုတ်ဖော်ပြောကြားသင့်တဲ့ အကြောင်းအရာတွေအားလုံးကို ပြည်သူတွေအားလုံးသိရှိအောင် ထုတ်ပြန်သွားဖို့ ဆောင်ရွက်နေပါတယ်။ မီဒီယာဘက်ကလည်း စောင့်ထိန်းသင့်တဲ့ ကျင့်ဝတ်အတိုင်း ဆောင်ရွက်ဖို့ လိုပါတယ်။

**(သတင်းစဉ်)**

**ရန်ကုန် အောက်တိုဘာ ၅**

# အာရှ ယူ-၁၉ ပြိုင်ပွဲ လက်မှတ်များရောင်းချလျက်ရှိ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲ ပြိုင်ပွဲတစ်ခုလုံးအတွက် Special Pakage လက်မှတ်များကို အောက်တိုဘာ ၅ရက်မှစ၍ ရောင်းချပေးလျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲတစ်ခုလုံးအတွက် လက်မှတ်စောင်ရေ ၂၀၀၀ ရောင်းချလျက်ရှိပြီး အောက်တိုဘာ ၇ ရက်အထိ ဘောလုံးအဖွဲ့ချုပ်ဝင်ပေါက်၌ ရောင်းချလျက်ရှိသည်။ ပြိုင်ပွဲတစ်ခုလုံးအတွက် လက်မှတ်တစ်စောင်ဝယ်ယူပါက မြန်မာအသင်းဂျာစီ Ooredooဆင်းကတ်နှင့် မြန်မာအသင်းနှင့် ပတ်သက်သည့်အမှတ်တရပစ္စည်းများလက်ဆောင်ပေးအပ်မည်ဖြစ်သည်။ ပွဲတစ်ပွဲချင်းအလိုက်လက်မှတ်များကို အောက်တိုဘာ ၈ရက်မှစ၍ သုဝဏ္ဏအားကစားရုံ၊ အောင်ဆန်းကွင်းနှင့်စလင်းကွင်းတို့၌ ရောင်းချသွားမည်ဖြစ်သည်။ ပွဲတစ်ပွဲချင်းအလိုက်လက်မှတ်များကို ပွဲမကစားမီရက်နှင့် ပွဲကစားမည့်ရက်တို့တွင် ရောင်းချပေးမည်ဖြစ်သည်။

ပွဲတစ်ပွဲချင်းအတွက် လက်မှတ်များကို အထူးတန်းငွေကျပ် ငါးထောင်၊ ရိုးရိုးတန်းငွေကျပ် နှစ်ထောင်နှင့် ပြိုင်ပွဲတစ်ခုလုံးအတွက် လက်မှတ်ကို ငွေကျပ်ငါးသောင်း သတ်မှတ်ထားသည်။ **စိုးညွန့်**

နိုင်ငံတကာသတင်း

# တောင်မြောက်ကိုရီးယားနှစ်နိုင်ငံ အဆင့်မြင့်အဆင့် ဆွေးနွေးမှု သဘောတူညီ

**ဆိုးလ် အောက်တိုဘာ ၅**

မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ဖေဖော်ဝါရီလကတည်းက ရပ်ဆိုင်းထားခဲ့သည့် တရားဝင်အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲကို ပြန်လည်စတင်ရန် သဘောတူလိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယားမှ လာသောသတင်းများက ဆိုသည်။

မြောက်ကိုရီးယား အဆင့်မြင့်တာဝန်ရှိသူများ အာရှအားကစားပြိုင်ပွဲပိတ်ပွဲအခမ်းအနား တက်ရောက်ရန် တောင်ကိုရီးယားသို့ သွားရောက်ခဲ့ပြီးနောက် အဆိုပါသဘောတူညီချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါ ခရီးစဉ်တွင် မြောက်ကိုရီးယားအဆင့်မြင့် အရာရှိနှစ်ဦးပါဝင်ရာခေါင်းဆောင် ကင်ဂျုံအန်း၏ အနီးကပ်လက်ထောက်များ ဖြစ်ဖွယ်ရှိမည်ဟု ဆိုသည်။

ယင်းတို့သည် လာမည့်သီတင်းပတ်များအတွင်း ပြန်လည်တွေ့ဆုံဆွေးနွေးရန် သဘောတူလိုက်ကြပြီဖြစ်ကြောင်း နှစ်ဖက်တာဝန်ရှိသူများက ပြောသည်။



ဟွမ်ပြုံဆိုသည် မြောက်ကိုရီးယားနိုင်ငံတွင် ဒုတိယအာဏာအရှိဆုံးပုဂ္ဂိုလ်ဟုယူဆရပြီး ၎င်းသည် တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီး ရိုင်အူကင်ဂျေးနှင့် စနေနေ့က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ မစ္စတာဟွမ်သည် မြောက်ကိုရီးယား တပ်မတော်၏ နိုင်ငံရေးဆိုင်ရာ ထိပ်တန်းအရာရှိတစ်ဦးဖြစ်သည်။ မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့မှ အခြားနှစ်ဦးဖြစ်သည့် ချိုယောင်ဟေးနှင့် ကင်ရန်ဂွန်တို့သည် အာဏာရအလုပ်သမားပါတီမှ အဓိကအဖွဲ့ဝင်များဖြစ်ကြသည်။ **(ဘီဘီစီ)**

# ထိုင်းဘုရင် ဆေးရုံတွင် ကုသမှုထပ်မံခံယူ

**ဘန်ကောက် အောက်တိုဘာ ၅**

ကမ္ဘာ့နန်းသက်အရှည်ဆုံး ထိုင်းဘုရင် ဘူမိဘောအဒူလျာဒက်ဂျ် သည် စက်တင်ဘာလက ဘန်ကောက်မြို့ရှိ ဆေးရုံတစ်ခု၌ ဆေးကုသမှုခံယူပြီး ဆေးရုံဆင်းခွင့်ရရှိခဲ့ပြီးနောက် သောကြာနေ့တွင် ဆေးကုသမှုထပ်မံခံယူနေရသည်ဟု တော်ဝင်နန်းတော်က စနေနေ့တွင် ကြေညာချက်ထုတ်ပြန်သည်။

၈၆ နှစ်အရွယ် ထိုင်းဘုရင်သည် အဖျားကြီးပြီး သွေးဖိအားပုံမှန်မဟုတ်သည့်အတွက် ဆရာဝန်များက ဆီရီရက်ဂျ်ဆေးရုံတွင် အထူးဆေးကုသမှုခံယူစေခဲ့သည်ဟု တော်ဝင်နန်းတော်၏ ကြေညာချက်တွင် ဖော်ပြသည်။

ဆေးကုသမှုခံယူပြီးနောက် ထိုင်းဘုရင်၏ သွေးဖိအားမှာ ပုံမှန်ပြန်ဖြစ်လာပြီး အဖျားလျော့ကျသွားကြောင်း၊ ကျန်းမာရေးအခြေအနေမှာ တဖြည်းဖြည်းတိုးတက်ကောင်းမွန်လာကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ထိုင်းဘုရင်သည် အစာအိမ်ရောင်ရမ်းမှုကြောင့် တစ်လကျော်ကြာ ဆေးကုသမှုခံယူခဲ့ပြီးနောက် စက်တင်ဘာ ၁၅ ရက်က ဆေးရုံမှ ဆင်းခွင့်ရခဲ့သည်ဟု သိရသည်။ **(ရိုက်တာ)**

# အိုင်အက်စ်အဖွဲ့ကို အစွမ်းကုန်ချေမှုန်းမည် ဗြိတိန်ဝန်ကြီးချုပ်ပြောကြား

**လန်ဒန် အောက်တိုဘာ ၅**

အစ္စလာမ္မစ်နိုင်ငံတော်(အိုင်အက်စ်)အဖွဲ့၏ ထိန်းသိမ်းခြင်းကိုခံရသော ဓားစာခံများရှာဖွေကယ်ဆယ်ရေးနှင့် ယင်းစစ်သွေးကြွအဖွဲ့အား နှိမ်နင်းရေးအတွက် စွမ်းအားရှိသမျှ အသုံးပြုမည်ဖြစ်သည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက စနေနေ့တွင် ပြောကြားလိုက်သည်။

သောကြာနေ့က ဗြိတိန်အကူအညီပေးရေးလုပ်သား အလန်ဟင်နင်းခေါင်းဖြတ်ခံရသည့် ရုပ်အလောင်းပြသသော ဗီဒီယိုထွက်ပေါ်လာပြီးနောက် တွစ်တာပေါ်မှနေ၍ အမှာစကားပေးပို့ရာတွင် ဗြိတိန်နိုင်ငံတစ်ခုလုံးသည် ဟင်နင်းသေဆုံးမှုအတွက် ဝမ်းနည်းပူဆွေးနေကြသည်ဟု ပြောကြားသည်။

ထိန်းသိမ်းခံနေရသော ဓားစာခံများရှာဖွေကယ်ဆယ်ရေးနှင့် ဤရက်စက်ကြမ်းကြုတ်သော စစ်သွေးကြွအဖွဲ့အား သုတ်သင်ချေမှုန်းရေးအတွက် စွမ်းအားရှိသမျှ အသုံးချမည်ဖြစ်ကြောင်းနှင့် ဟင်နင်းအား သတ်ဖြတ်သူများကို ဖမ်းဆီးပြီး တရားခွင်အရောက်ပို့ဆောင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကင်မရွန်းက ပြောကြားသည်။

ဗြိတိသျှ လက်နက်ကိုင်တပ်ဖွဲ့နှင့် ထောက်လှမ်းရေးအေဂျင်စီများမှ အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကင်မရွန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မန်ချက်စတာမြို့မှ တက္ကစီယာဉ်မောင်း ဟင်နင်း (၄၇ နှစ်)သည် ပြီးခဲ့သည့် ဒီဇင်ဘာလက ဆီးရီးယားနိုင်ငံ အနောက်တောင်ပိုင်းရှိ ဆေးရုံတစ်ရုံအတွက် ဆေးဝါးပစ္စည်းများ တင်ဆောင်သည့် အကူအညီပေးရေး ယာဉ်တန်းနှင့်အတူ လိုက်ပါခဲ့ရာမှ စစ်သွေးကြွများ၏ ပြန်ပေးဆွဲခံရသည်ဟု The Times သတင်းစာက စနေနေ့တွင် သတင်းဖော်ပြသည်။

အိုင်အက်စ်စစ်သွေးကြွအုပ်စုသည် မကြာသေးမီက အမေရိကန်သတင်းထောက်နှစ်ဦးဖြစ်သော ဂျိမ်းစ်ဖိုလေး၊ စတီဗင်ဆွက်လော့ဖ်နှင့် ဗြိတိသျှအကူအညီပေးရေးလုပ်သား ဒေးဗစ်ဟိုင်းနစ်တို့ကို ခေါင်းဖြတ် ကွပ်မျက်သည့် ဗီဒီယိုများကိုလည်း ထုတ်လွှင့်ပြသခဲ့သည်။

နောက်ဆုံးထုတ်လွှင့်သည့် ဗီဒီယိုပြကွက်၏ အဆုံးပိုင်းတွင် အမေရိကန်အကူအညီပေးရေးလုပ်သား ပီတာကစ်ဆာ့ဂ်ျကို ထုတ်ပြခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ/ရိုက်တာ)**

# ကျောင်းသား ၄၃ ဦး ပျောက်ဆုံးရာမြို့အနီး အစုအပြုံလိုက်သေဆုံးသူများတွေ့



**မက္ကဆီကိုစီးတီး အောက်တိုဘာ ၅**

မက္ကဆီကိုနိုင်ငံ အယ်လ်ဂွါလာမြို့အနီး၌ အလောင်းများ အစုအပြုံလိုက်တွေ့ခဲ့ရကြောင်းနှင့် အဆိုပါနေရာ၌ စက်တင်ဘာ ၂၇ ရက်က ကျောင်းသား ၄၃ ဦးပျောက်ဆုံးခဲ့ကြောင်း အရာရှိများက ပြောခဲ့သည်။ သို့သော် ယခုတွေ့ရှိရသော အလောင်းများသည် ပျောက်ဆုံးနေ သော ကျောင်းသားများ ဟုတ်မဟုတ်ကို တိတိကျကျမသိရသေးဟု ဆိုသည်။

အဆိုပါအဖွဲ့သည် ဆရာများ အခွင့်အရေးဆိုင်ရာ ဆန္ဒပြပွဲတွင် ပါဝင်ဆင်နွှဲရန် မြို့တော်မက္ကဆီကိုစီးတီး၏တောင်ဘက် မိုင် ၁၂၀ ခန့်ရှိ ဂူယာရာရိုပြည်နယ်သို့ ခရီးသွားခဲ့ကြခြင်းဖြစ်သည်။ ထိုအချိန်၌ ၎င်းတို့စီးနင်းလိုက်ပါလာသည့် ကားများကို ရဲတပ်ဖွဲ့ဝင်များက သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ခြောက်ဦးသေဆုံးခဲ့သည်။ ယင်းပစ်ခတ်မှု၌ ရဲအရာရှိ ၂၂ ဦး ပါဝင်ပတ်သက်နေသည်ဟု ဆိုသည်။ အသက်ရှင်ကျန်ရစ်သူအများစုကို ၎င်းတို့မပျောက်ဆုံးမီအချိန်က ရဲကားများပေါ် ပြောင်းရွှေ့ခဲ့သည်ကို မြင်ခဲ့ရကြောင်း မျက်မြင်သက်သေများက ပြောခဲ့သည်။

အချို့မှာ ပုန်းအောင်းနေဆဲဖြစ်ပြီး ရက်ပေါင်းများစွာကြာပြီးနောက် ၎င်းတို့၏ ဆွေမျိုးများကိုအဆက်အသွယ်ပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့၏ အသက်အန္တရာယ်အတွက် စိုးရိမ်နေကြောင်း သိရသည်။

ပျောက်ဆုံးကျောင်းသားများ၏ ဆွေမျိုးအချို့က ရုပ်ပုံပါလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဖြင့်ရှာဖွေမှုများပြုလုပ်ခဲ့ကြသည်။ **(ဘီဘီစီ)**

# ဟောင်ကောင်ဆန္ဒပြမှု ဒုတိယသီတင်းပတ်အတွင်း ဝင်ရောက်လာ ဒီမိုကရေစီသည် ချက်ချင်းလုပ်ယူ၍ရနိုင်သော အရာမဟုတ်ဟုဆို

**ဟောင်ကောင် အောက်တိုဘာ ၅**

ဟောင်ကောင်၌ ဆန္ဒပြမှု ဒုတိယသီတင်းပတ်အတွင်း ဝင်ရောက်လာချိန် ဟောင်ကောင်မြို့လယ်နေရာအချို့ကို သိမ်းပိုက်ထားသော ဒီမိုကရေစီဆန္ဒပြသူများနှင့် အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များအကြား ရုန်းရင်းဆန်ခတ် ထပ်မံဖြစ်ပွားလျက်ရှိသည်။

တနင်္ဂနွေနေ့ နံနက်ပိုင်းက ဆန္ဒပြသူအများအပြားအိမ်ပြန်သွားခဲ့ကြသော်လည်း ယမန်နေ့ညက ထောင်နှင့်ချီသော ပြည်သူများက ဆန္ဒပြခဲ့ကြသည်။

စနေနေ့တွင် ဟောင်ကောင်အုပ်ချုပ်ရေးမှူးက ရဲတပ်ဖွဲ့အား အစိုးရရုံးများနှင့် ကျောင်းများ တနင်္လာနေ့တွင် ပြန်ဖွင့်နိုင်အောင် သေချာစွာလုံခြုံရေးဆောင်ရွက်ထားရန် သတိပေးပြောကြားလိုက်သည်။တက်ကြွလှုပ်ရှားသူများက ၂၀၁၇ ခုနှစ် ဟောင်ကောင် အုပ်ချုပ်ရေးမှူးရွေးချယ်မည့် နည်းလမ်းနှင့်ပတ်သက်၍ ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။

ဒီမိုကရေစီ လှုပ်ရှားသူများက ဆက်လက်ဆန္ဒပြရန် ဆန္ဒပြသူများအား တိုက်တွန်းလိုက်ချိန် ယမန်နေ့ညက ထောင်နှင့်ချီသော ဆန္ဒပြသူများက "ဒီမိုကရေစီ ချက်ချင်းပေး၊ ဟောင်ကောင်တွင် ဒီမိုကရေစီ အမြန်ဆုံးပေး" ဟူသော ကြွေးကြော်သံများအော်ဟစ်၍ ဆန္ဒပြခဲ့ကြသည်။

ထိုအတောအတွင်း ဆင်ဟွာသတင်းတစ်ရပ်၌ တရုတ်အမေရိကန် ကပြားအလွတ်တန်း သတင်းစာဆရာတစ်ဦးဖြစ်သူ ရင်ဟာအိုလီယူက တရားမဝင် ဒီမိုကရေစီလှုပ်ရှားမှုစတင်ဆောင်ရွက်ခဲ့သူ သုံးဦးထံသို့ အိတ်ဖွင့်စာ ရေးသားပေးပို့ခဲ့သည်ဟုဆိုသည်။ အဆိုပါ အိတ်ဖွင့်ပေးစာတွင် ဒီမိုကရေစီသည် ချက်ချင်းလက်ငင်းလုပ်ယူ၍ ရနိုင်သော အရာမဟုတ်ကြောင်း၊ ဒီမိုကရေစီသည် တစ်ဆင့်ပြီးတစ်ဆင့် ချဉ်းကပ်လုပ်ဆောင်ရကြောင်း၊ ဟောင်ကောင်သည် မတည်မငြိမ်မှုများ ဆက်လက်ဖြစ်ပွားနေမည်ဆိုပါက နိုင်ငံသားများ နိုင်ငံခြားတိုင်းတစ်ပါးသို့ ထွက်ပြေးကြမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။



တနင်္ဂနွေနေ့ အစောပိုင်းတွင် မောင်းကောက်ခရိုင်၌ အဓိကရုဏ်းဖြစ်ပွားလျက်ရှိရာ ရဲတပ်ဖွဲ့ဝင်များကဆန္ဒပြသူအချို့အား ငရုတ်ရည်များအသုံးပြုကာ ဖြိုခွင်းလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ၊ ဘီဘီစီ)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ မန္တလေး

ပါမောက္ခ
ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော်မန္တလေးမရောက်ဖြစ်တာ တစ်နှစ်ကျော်လောက်ရှိသွားပြီ။ အရင်တစ်ခေါက်က စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ အကြံပေး ဒေါက်တာမောင်အောင်တို့နဲ့အတူ ရောက်ခဲ့ပြီး စီးပွားရေးနဲ့ပတ်သက်တဲ့ ဟောပြောပွဲတစ်ရပ် ကျင်းပခဲ့တယ်။ ဒီတစ်ခေါက်က တလောက ပြည်မြို့ကိုသွားခဲ့တဲ့ ခရီးရဲ့ နောက်ဆက်တွဲ ခရီးစဉ်ဖြစ်တယ်။ ပြည်မြို့မှာ စီးပွားရေးလုပ်ငန်းရှင်များကို ဟောပြောပြီး မန္တလေးအတွက် လုပ်ပေးပါလို့တောင်းဆိုလာတာနဲ့ စီစဉ်ခဲ့တာ။ အစစအရာရာ အရပ်ဘက်လူ့အဖွဲ့အစည်းဖြစ်တဲ့ MBCA က စီစဉ်ပေးခဲ့တာ။ MBCA ဟာ မြန်မာနိုင်ငံမှာ လှုပ်ရှားနေကြတဲ့ စီးပွားရေးလုပ်ငန်းတွေကို စုစည်းပြီး HIV /AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်နေတဲ့ အဖွဲ့အစည်း၊ မြန်မာပြည်အနှံ့မှာ ရုံးခွဲတွေရှိတယ်။ ဒေသဆိုင်ရာ လုပ်ငန်းရှင်များရဲ့ အကူအညီနဲ့ စက်ရုံအလုပ်ရုံတွေမှာ ရောဂါကာကွယ်ရေးပညာပေးလုပ်ငန်းတွေသာမက ကုသမှု၊ စောင့်ရှောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း တစ်ခုဖြစ်ပါတယ်။ ကျွန်တော်က MBCA နဲ့ လွန်ခဲ့တဲ့ လေး၊ ငါးနှစ်ကတည်းက ပါဝင်ပတ်သက်ခဲ့တာ။ ဥက္ကဋ္ဌလုပ်တဲ့ မစ္စတာမာတင်ပန်းက အလွန်ရင်းနှီးတဲ့ မိတ်ဆွေကောင်းတစ်ဦး၊ သူရဲ့ ဆောင်ရွက်မှုတွေကို ကိုယ်ကတစ်ဖက်တစ်လမ်းက ကူညီပေးချင်တာ။

MBCA နဲ့ ပတ်သက်ပြီး စဉ်းစားသုံးသပ်တဲ့အခါ မြန်မာနိုင်ငံမှာရှိတဲ့ အများအကျိုးအတွက် လူမှုရေးတာဝန်ဝတ္တရားများကို ထမ်းဆောင်နေကြတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေအကြောင်း စဉ်းစားစရာတွေ အများကြီး ပေါ်ပေါက်လာပါတယ်။ ဒီအကြောင်းကို ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ပြီးကတည်းက ကျွန်တော်သတိထားမိခဲ့တယ်။ နာဂစ်အလွန် မြန်မာပြည်မှာ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ မှိုလိုပေါက်လာကြတာ။ လူမှုရေးလုပ်ငန်းတွေကို အားတက်သရောလုပ်ကိုင်နေကြတဲ့ အဖွဲ့အစည်းတွေကို နိုင်ငံခြားတိုင်းပြည်များက ထောက်ပံ့ဖို့ အဆင်သင့်။ ဒီအဖွဲ့အစည်းတွေဟာ အလွန်အရေးပါတဲ့၊ တန်ဖိုးရှိတဲ့ အလုပ်တွေ လုပ်နေတာက ငြင်းဆိုဖွယ်ရာမရှိပါဘူး။ နိုင်ငံတော်ရဲ့တာဝန်ကို မျှဝေခံပေး၊ ယူပေးတာဖြစ်လို့ ချီးကျူးရမယ့်ကိစ္စသာဖြစ်ပါတယ်။

ဒါပေမယ့် မမေးမဖြစ်တဲ့ မေးခွန်းတစ်ခုက ရှိနေပါတယ်။ ဒီအရပ်ဘက်လူ့အဖွဲ့အစည်းတွေဟာ အလှူရှင်တွေရဲ့ စေတနာအပေါ် ရပ်တည်နေကြသူတွေဖြစ်ကြတယ်။ အကယ်၍ အလှူရှင်တွေမရှိရင် ဘယ်လိုရပ်တည်ကြမလဲ။ ဒီအရပ်ဘက်အဖွဲ့အစည်းတွေမှာ ခန့်ထားတဲ့ဝန်ထမ်းတွေရဲ့ လုပ်ခ လစာကို ဘယ်လိုဆက်ပေးကြမလဲ။ ငှားရမ်းထားတဲ့ ရုံးတွေကို ဘယ်လိုဆက်ပြီး လှုပ်ရှားကြမလဲ။ အမှန်တော့ ဒီမေးခွန်းတွေကို အရပ်ဘက်လူ့အဖွဲ့အစည်းတွေမဖွဲ့ခင်ကတည်းက မေးရမယ့်မေးခွန်း။ အဖြေတွေကို ဖော်ထုတ်ဖို့လိုတာကို နားလည်ရမယ့်ကိစ္စ။ ခက်တာက ဒီမေးခွန်းမျိုးကို ဘယ်သူမှမမေးချင်ဘူး။ မေးလိုက်ရင်လည်း လွယ်ကူတဲ့ အဖြေမှ မပေးနိုင်တာ။ ကျွန်တော်က ဒီမေးခွန်းကို လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကတည်းက မေးခဲ့တယ်။ မေးရုံတင်မကဘဲ ဖြေရှင်းပေးနိုင်မယ့် အဖြေကိုလည်း ပေးခဲ့ပါတယ်။

ဒီအဖြေကတော့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေဟာ နဂိုစတည်ထောင်ကတည်းက စီးပွားရေးပညာမှာ အခြေခံအယူအဆတစ်ခုဖြစ်တဲ့ Sustainability စဉ်ဆက်မပြတ် ရပ်တည်မှုကို ကြိုတင်တွက်ဆပြီး ကာလရှည် ရပ်တည်နိုင်အောင်ဘယ်လိုအဖွဲ့အစည်းအနေနဲ့ ရပ်တည်သင့်သလဲဆိုတာ ဖော်ထုတ်ရမှာဖြစ်ပါတယ်။

ကျွန်တော်ပေးချင်တဲ့အကြံကတော့ Social Business လို့ခေါ်တဲ့ လူမှုရေးပြဿနာကို ဖြေရှင်းပေးနိုင်စွမ်းရှိတဲ့ စီးပွားရေးအဖွဲ့အစည်း တစ်ရပ်ကို ဖော်ထုတ်ဖို့ဖြစ်ပါတယ်။ ရုတ်တရက်စဉ်းစားရင် အသွင်မတူတဲ့အရာနှစ်ခုကို ပေါင်းစပ်လို့ဖြစ်ပါ့မလား၊ မဖြစ်နိုင်တာကို ပြောနေတာလားလို့ ယူဆစရာဖြစ်ပါတယ်။ အမှန်တော့ အခြေခံအသွင် မတူတာနှစ်ခုကို ပေါင်းစပ်ခြင်းဟာ အင်အားအသစ်ဖြစ်နိုင်တာကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

Social Business ရဲ့ အနှစ်သာရက လူ့အဖွဲ့အစည်းတစ်ခုမှာ ပေါ်နေတဲ့၊ ရှိနေတဲ့၊ ခံစားနေရတဲ့ လူမှုရေးပြဿနာကို လူမှုရေးနည်းနဲ့ ဖြေရှင်းတာမျိုးမဟုတ်ဘဲ စီးပွားရေးမဟာဗျူဟာကျင့်သုံးပြီး အဖြေထုတ်တာသာ ဖြစ်ပါတယ်။

ဥပမာအနေနဲ့ HIV/AIDS ရောဂါ မြင့်မားတိုးတက်လာမှုဟာ လူ့အဖွဲ့အစည်းမှာ ပေါ်ပေါက်လာတဲ့ လူမှုရေးပြဿနာတစ်ရပ်ဖြစ်တယ်။ ဒီပြဿနာကို ဖြေရှင်းတဲ့နေရာမှာ ထိရောက်တဲ့ ချဉ်းကပ်နည်းက ကွန်ဒုံး (Condom) သုံးစွဲမှုဖြစ်တယ်။ ဒါကြောင့် အရပ်ဘက်လူ့အဖွဲ့အစည်း တစ်ခုဟာ ဒီကွန်ဒုံးတွေကို သမားရိုးကျပုံစံနဲ့ အခမဲ့ဝေငှတာမျိုးမဟုတ်ဘဲ သင့်တင့်တဲ့ ဈေးနှုန်းနဲ့ ရောင်းချပေးရင်ရတဲ့ဝင်ငွေနဲ့ ဒီလုပ်ငန်းကို စဉ်ဆက် မပြတ် ဆောင်ရွက်နိုင်ရုံမက လူမှုရေးပြဿနာကိုလည်း ထိထိရောက်ရောက် ဖြေရှင်းပေးသွားနိုင်မှာဖြစ်ပါတယ်။

စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်တာမို့ စီးပွားရေးအကျိုးအမြတ်ရှိအောင် လုပ်မယ်။ အခုလို လုပ်တဲ့အတွက်လည်း ဝင်ငွေရှိမယ်။ ဘယ်သူ့ကိုမှ အားကိုးစရာမလိုဘဲ မိမိရဲ့ စွမ်းဆောင်ရည်ကို အားကိုးအားထားပြုပြီး ရေရှည်ရပ်တည်နိုင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

Social Business ကို တချို့က Social Enterprise လို့ ခေါ်ဝေါ်ကြတာတွေ့ရပါတယ်။ အဓိပ္ပာယ်က အတူတူပဲဖြစ်ပါတယ်။ Business လို့ ပြောတဲ့စီးပွားရေးလုပ်ငန်းဟာ Enterprise လို့ ပြောနိုင်တဲ့ တီထွင်စွန့်စားဦးစီးနိုင်မှုကို ရည်ရွယ်ခြင်း ဖြစ်ပါတယ်။ Social Business တည်ထောင်ဖွဲ့စည်းနိုင်ဖို့ စီးပွားရေးအခြေခံတွေ နားလည်ရမှာဖြစ်ပါတယ်။ ဝင်ငွေ/ထွက်ငွေမျှတမှု၊ ဈေးကွက်အခြေအနေနားလည်သဘောပေါက်မှု၊ စွန့်စားတီထွင်မှု၊ ဒီအသိတွေ ဒီပညာတွေဟာ သမားရိုးကျ အရပ်ဘက်လူ့အဖွဲ့အစည်းတွေမှာ မရှိကြပါဘူး။ စေတနာရှိပြီး အများအကျိုးအတွက် လုပ်ချင်ကိုင်ချင်တဲ့စိတ်တွေ ပြင်းပြပေမယ့် သူတို့ဆက်လက်လှုပ်ရှားနိုင်ဖို့ အကူအညီအထောက်အပံ့တွေကို အမြဲမှီခိုအားထားနေကြရပါတယ်။ ဘယ်လောက်စေတနာ ကောင်းကောင်း ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်တည်နိုင်ရင် အချည်းနှီးဖြစ်ပါလိမ့်မယ်။ ဒါကြောင့် စီးပွားရေးတစ်ရပ်အနေနဲ့လုပ်ပါ။ ဒါပေမယ့် စီးပွားရေးလုပ်တဲ့ ဦးတည်ချက်က လူမှုရေးပြဿနာဖြေရှင်းပေးနိုင်ဖို့ဖြစ်တယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အဓိကထားပြီး ရင်ဆိုင်ဖြေရှင်းနေတာဖြစ်တယ်။ ဆင်းရဲနွမ်းပါးမှုဟာ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အဓိကလူမှုရေး စိန်ခေါ်မှုပဲဖြစ်တယ်။ ဒီပြဿနာ ဖြေရှင်းတဲ့နေရာမှာ နည်းမျိုးစုံနဲ့ ဖြေရှင်းနိုင်မှာ ဖြစ်တယ်။ စဉ်းစားရွေးချယ်နိုင်တဲ့ ချဉ်းကပ်နည်းက အသေးစားချေးငွေထုတ်ချေးမှုဖြစ်တယ်။ ဒီအသေးစားချေးငွေ လုပ်ငန်းကို လက်ရှိအချိန်မှာ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ အိုင်အင်န်ဂျီအိုတွေ၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေက ဆောင်ရွက်နေကြတယ်။ ဒါပေမယ့်သူတို့ အားလုံး အလှူရှင်တွေကို အားကိုးပြီး လှုပ်ရှားနေကြတာဖြစ်တယ်။ ဒီလိုမဟုတ်ဘဲ အသေးစားချေးငွေကို စီးပွားရေးလုပ်ငန်းတစ်ရပ်အနေနဲ့လုပ်ပြီး တုံ့ပြန်ရင် ကျွန်တော်တင်ပြခဲ့တဲ့ Social Business တစ်ခုဖြစ်လာမှာ ဖြစ်တယ်။

**၂၀၁၄ ခုနှစ် နိုဝင်ဘာလ မတိုင်မီ မြန်မာပြည်တစ်ပြည်လုံးမှာ UN Global Compact အဖွဲ့ဝင် ၁၀၀၀ ကျော်စေချင်ပါတယ်။ ၁၀၀၀ ကျော်ခဲ့ရင် ကျွန်တော်တို့ မြန်မာပြည်ဟာ တစ်ကမ္ဘာလုံးမှာ UN Global Compact နဲ့ ပတ်သက်ပြီး နံပါတ်တစ်နေရာရောက်သွားမှာ ဖြစ်ပါတယ်။**

Social Business နဲ့ သာမန်စီးပွားရေးလုပ်ငန်းမတူတာက Social Business မှာ အမြတ်မယူဘဲ၊ အမြတ်ခွဲဝေမှုမရှိဘဲ လူမှုရေးပြဿနာကို ရင်ဆိုင်တိုက်ဖျက်တာ ဖြစ်ပါတယ်။ Social Business တည်ထောင်တဲ့ ဦးတည်ချက်က အမြတ်အစွန်း အကျိုးအမြတ်ရရှိရေးမဟုတ်ဘဲ လူမှုရေး ပြဿနာကို ဖြေရှင်းခြင်းသာဖြစ်တယ်။ ဒါပေမယ့် ဒီလိုဆောင်ရွက်ရာမှာ မိမိရတဲ့ဝင်ငွေကိုသာ အားကိုးခြင်းဖြစ်ပါတယ်။

ဦးမာတင်ပန်းရဲ့ အစီအစဉ်နဲ့ နံနက်စောစော လေယာဉ်နဲ့ မန္တလေးကို ထွက်ခဲ့တယ်။ မန္တလေးရောက်တော့ MBCA အမှုဆောင် ကိုမိုးကျော်ကျော်က လာကြိုတယ်။ အစကတော့ ဟောပြောပွဲမစမီ မန္တလေးမြို့မှာ နာမည်ကြီးတဲ့ “စိုးစိုး” မုန့်တီစားဖို့ စီစဉ်ထားတာ။ ဒါပေမယ့် အချိန်က အဆင်မပြေတာနဲ့ ဟောပြောပွဲလုပ်တဲ့ ဟိုတယ်မန္တလေးမှာပဲ နံနက်စာကို ခပ်သုတ်သုတ်စားလိုက်တယ်။ ဒီဟိုတယ်နဲ့ ကျွန်တော်ကရင်းနှီးတယ်။ မန္တလေးရောက်တိုင်း ဒီမှာပဲတည်းဖြစ်တယ်။

နံနက်စာစားပြီး ဟောပြောပွဲခန်းမထဲရောက်တော့ ပရိသတ်တွေ ရောက်နေကြပြီး မန္တလေး MBCA ဥက္ကဋ္ဌနဲ့ အမှုဆောင်တွေက ကြိုဆိုကြတယ်။ ဧည့်ပရိသတ်တွေကိုလည်း နှုတ်ဆက်ခဲ့တယ်။ Sponsor လုပ်ပေးတဲ့အဖွဲ့တွေကလည်း သူတို့ရဲ့ပစ္စည်းတွေ၊ စာအုပ်တွေ ခင်းကျင်းပြီး ပြသထားကြတယ်။

ကျွန်တော်ရဲ့ ဟောပြောပွဲခေါင်းစဉ်က “လူမှုရေးတာဝန်ကျေတဲ့ စီးပွားရေးလုပ်ငန်းများ” ဖြစ်တယ်။ ဒီခေါင်းစဉ်နဲ့ ဆက်နွယ်ပြီး ရန်ကုန်မှာ ကျွန်တော် ဟောပြောပွဲတွေ မကြာခဏလုပ်ဖြစ်ပါတယ်။ တစ်ခါက တင်ပြခဲ့သလို ပြည်မြို့မှာလည်း လုပ်ပေးခဲ့တယ်။ မန္တလေးမှာတော့ ပထမဆုံးအကြိမ် ပရိသတ်က စုံပါတယ်။ လုပ်ငန်းရှင်တွေ၊ MBCA အဖွဲ့ဝင်တွေ၊ ဘွဲ့လွန်သင်တန်းသားတွေ၊ ကျွန်တော်က ပြင်ဆင်လာတဲ့ Slides တွေသုံးပြီး ဟောပြောခဲ့ပါတယ်။ ဟောပြောချက်ရဲ့အဓိကအချက်က တက်ရောက်လာတဲ့သူတွေရဲ့ စဉ်းစားချက်၊ အတွေးအခေါ်၊ အယူအဆတွေကို ပြင်ဆင်စေတဲ့ စေတနာသာဖြစ်တယ်။ စီးပွားရေးလုပ်ငန်းတွေကို ကိုယ်တိုင်ကိုယ်ကျ ရုန်းကန်လှုပ်ရှားနေကြသူတွေကို အတွေးအခေါ်သစ်တွေ မျှဝေချင်တဲ့ ဆန္ဒပဲဖြစ်တယ်။ စီးပွားရေးလုပ်ငန်းရဲ့ အဓိကဦးတည်ချက်က နှစ်ရပ်ပဲ ရှိပါတယ်။ ဒါကတော့ Doing Well နဲ့ Doing Good ဖြစ်ပါတယ်။

ပထမဦးတည်ချက်က Doing Well။ စီးပွားရေးလုပ်ရင် အောင်မြင်ရမယ်။ ရှင်သန်ရမယ်။ ကြီးပွားရမယ်။ အရှုံးခံပြီး စီးပွားရေးလုပ်တာ သဘာဝမကျဘူး။ တစ်ဖက်က အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်အောင် ကြိုးစားသလို တစ်ဖက်က Doing Good အများအတွက် ကောင်းအောင်လုပ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒီဦးတည်ချက်နှစ်ရပ်ကို အခြေခံပြီး စီးပွားရေး လုပ်ငန်းရှင်အနေနဲ့ လှုပ်ရှားကြဖို့ တိုက်တွန်းခဲ့ပါတယ်။

အကြံပြုချက်အနေနဲ့ကတော့ စီးပွားရေးလုပ်ငန်းရှင်များကို UN Global Compact အဖွဲ့ဝင်အဖြစ် ပါဝင်ကြဖို့၊ ပါဝင်တဲ့နေရာမှာ ဘာတာဝန်တွေရှိသလဲ၊ ဘယ်လိုလျှောက်ရမလဲ ဆိုတာကို အကျယ်တဝင့် ရှင်းပြခဲ့ပါတယ်။

ဒီဆောင်းပါးကတစ်ဆင့် စာဖတ်သူပရိသတ်တွေကိုလည်း တိုက်တွန်းချင်ပါတယ်။ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိနှင့်ပတ်သက်တဲ့ လုပ်ငန်းဖြစ်စေ၊ မြန်မာပြည်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တိုင်း UN Global Compact အဖွဲ့ဝင်ဖြစ်အောင်ကြိုးစားကြပါ။ အဖွဲ့ဝင်ဖြစ်ဖို့ သတိပြုစရာ အခြေခံလေးရပ်သာရှိပါတယ်။ မိမိလုပ်ငန်းဟာ လူ့အခွင့်အရေးကို ကာကွယ်ထိန်းသိမ်းအလေးထားရမယ်။ ဝန်ထမ်းတွေရဲ့အကျိုးကိုရှေးရှုပြီး ဆောင်ရွက်ရမယ်။ ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရမယ်။ အဂတိလိုက်စားမှုကို အားမပေးဘဲ တိုက်ဖျက်ရမယ်။ ဒီအခြေခံလေးရပ်ကိုထိန်းသိမ်းနိုင်စွမ်းရှိတဲ့လုပ်ငန်းတိုင်း လျှောက်ထားနိုင်ပါတယ်။

လုပ်ငန်းသဘာဝ၊ လုပ်ငန်းအရွယ်အစားနဲ့ မဆိုင်ပါဘူး။ အသေးစား၊ အလတ်စား မိရိုးဖလာလုပ်ငန်းအားလုံး လျှောက်ထားနိုင်ပါတယ်။ လျှောက်ထားရာမှာလည်း Internet က တစ်ဆင့်လျှောက်ထားဖို့ ဖြစ်တယ်။ Website က www. unglobal compact.org ဖြစ်ပါတယ်။ လျှောက်တဲ့နေရာမှာ စာမျက်နှာငါးမျက်နှာခန့်ပါတဲ့လျှောက်လွှာပုံစံကို ဖြည့်ရမှာဖြစ်ပါတယ်။ လျှောက်လွှာကို Internet က တစ်ဆင့် တင်သွင်းရမှာမို့ အခက်အခဲရှိခဲ့ရင် မြန်မာနိုင်ငံစက်မှုလက်မှုနဲ့ ကုန်သည်ကြီးများ အသင်းအဖွဲ့ချုပ်ရုံးမှာ အကူအညီတောင်းနိုင်မှာ ဖြစ်ပါတယ်။ လျှောက်ပြီးတဲ့ လုပ်ငန်းတွေရဲ့တာဝန်က စောစောကတင်ပြခဲ့တဲ့ အချက်လေးရပ်နဲ့ ပတ်သက်ပြီး မိမိလုပ်ငန်းမှာ ဘာတွေဆောင်ရွက်ခဲ့သလဲဆိုတာကို အစီရင်ခံဖို့သာဖြစ်ပါတယ်။ လုပ်ခဲ့တဲ့ သက်သေအထောက် အထားတွေနဲ့ Internet က တစ်ဆင့် တစ်နှစ်တစ်ကြိမ်တင်ပြဖို့ ဖြစ်ပါတယ်။ ဒီအစီရင်ခံစာ ရေးသားပြုစုမှုနဲ့ ပတ်သက်ပြီး အခက်အခဲရှိရင် စောစောက ပြောတဲ့အသင်းကြီးမှာသော်လည်းကောင်း၊ MBCA မှာသော်လည်းကောင်း အကူအညီတောင်းခံနိုင်ပါတယ်။

ကျွန်တော့်အနေနဲ့ အခွင့်အရေးရတိုင်း မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေက UN Global Compact အဖွဲ့ဝင်ဖြစ်အောင် လျှောက်ထားဖို့ တိုက်တွန်းလျက်ရှိပါတယ်။ ဟောပြောပွဲတွေကတစ်ဆင့်သော် လည်းကောင်း၊ ဆောင်းပါးတွေ ရေးသားပြုစုပြီး သော်လည်းကောင်း၊ TV က သော်လည်းကောင်း ကြိုးစားလျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တာ ကျွန်တော့်မှာ ရည်ရွယ်ချက်တစ်ခုရှိပါတယ်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ မတိုင်မီ မြန်မာပြည်တစ်ပြည်လုံးမှာ UN Global Compact အဖွဲ့ဝင် ၁၀၀၀ ကျော်စေချင်ပါတယ်။ ၁၀၀၀ ကျော်ခဲ့ရင် ကျွန်တော်တို့ မြန်မာပြည်ဟာ တစ်ကမ္ဘာလုံးမှာ UN Global Compact နဲ့ ပတ်သက်ပြီး နံပါတ်တစ်နေရာရောက်သွားမှာဖြစ်ပါတယ်။ နံပါတ်တစ်ဖြစ်အောင် ဝိုင်းအကူအညီပေးကြပါလို့လည်း ဒီဆောင်းပါးကတစ်ဆင့် ပန်ကြားချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ဂုဏ်သရေတင့်တယ်အောင် ကြိုးစားကြပါစို့။ UN Global Compact အဖြစ် မျှော်လင့်တဲ့နေရာမှာ စီးပွားရေးလုပ်ငန်းများသာမက၊ အရပ်ဘက်လူ့အဖွဲ့အစည်းများကလည်း ပါဝင်လျှောက်ထားနိုင်ပါတယ်။ ဒါကြောင့် ဒီဆောင်းပါးကို ဖတ်ရှုတဲ့ စာဖတ်ပရိသတ်တွေ ဝိုင်းဝန်းကူညီနှိုးဆော်ပေးကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။ ။

# အခြေခံရေကူးသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပသော နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကလပ် အခြေခံရေကူးသင်တန်း ဖွင့်လှစ်ခြင်းနှင့် အသင်းဝင်များ ဒုတိယအကြိမ် တွေ့ဆုံပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း တက်ရောက် အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားလာစေရေးကို ဦးတည်ချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့အားကစား အဆင့်အတန်း မြင့်မားလာစေရေး၊ နိုင်ငံတကာ အားကစားပြိုင်ပွဲတွေမှာ အောင်မြင်မှု ရရှိစေရေး အတွက်လည်း တစ်မျိုးသားလုံးလူထု လှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံ အားကစား အဖွဲ့ချုပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ အားကစား နှင့် ကာယပညာကော်မတီတို့ရဲ့ ပူးပေါင်းကူညီမှုရရှိပြီး တစ်ပြည်လုံး အတိုင်းအတာနဲ့ အခြေခံ အားကစား သင်တန်းများ ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် မတ်လတွင် အမျိုးသားအားကစား ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲများကို ရည်ရွယ်ပြီး မြို့နယ်အလိုက်၊ ကလပ်အသင်းများအလိုက် ပြိုင်ပွဲများ ပြုလုပ်သွားစေလိုကြောင်း၊ အဓိကအနေဖြင့် ရေကူးအားကစားတွင် စိတ်ပါဝင်စားပြီး ထူးချွန်သည့် အားကစားသမားများ ပေါ်ပေါက်လာစေဖို့ ရည်ရွယ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နေပြည်တော် ရေကူးကလပ်အသင်းမှ ရေကူးနှင့် ဒိုင်ဗင်ကူးခပ် သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးခဲ့သည်။

လက်ရှိဖွင့်လှစ်သည့် (၂/၂၀၁၄) အခြေခံရေကူးသင်တန်းကို အောက်တိုဘာ ၁၅ ရက်ထိ ပိတ်ရက်မရှိ ဖွင့်လှစ်ပြီး သင်တန်းသား သင်တန်းသူ ၅၀ ကျော် တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း



# အာမေးနီးယားနိုင်ငံ ကက်သလစ်ဘာသာဂိုဏ်းချုပ် ဘုန်းတော်ကြီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်မြို့၌ အလည်အပတ်ရောက်ရှိနေသော အာမေးနီးယားနိုင်ငံ ကက်သလစ်ဘာသာဂိုဏ်းချုပ် ဘုန်းတော်ကြီး His Holiness Karekin II ဦးဆောင်သောအဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

စပွန်ဆာပေးပါတယ်၊ ပွဲတော်ကျင်းပရေးက ဈေးသည်ဆိုင်ခန်းများနေရာတွေအတွက်ကို ဆိုင်ခန်းနေရာ ၁၀ ပေပတ်လည်အတွက် ၅ ရက်တာကာလကို ငွေကျပ် ခုနစ်သောင်း ယူပါတယ်၊ ဒီနှစ်က ကြည့်မြင်တိုင်ပွဲတော်နှင့် မယ်လမုပွဲတော်ပါရှိနေတယ်ဆိုတော့ ဒီဘက်လာရောင်းတဲ့ဈေးသည် နည်းပါတယ်၊ ဒါပေမယ့် လာရောက်လည်ပတ်ကြတဲ့သူတွေကတော့ ဝင်လာမစဲပါပဲ” ဟု ပြောသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်ရက်များတွင် အများပြည်သူအကြိုက် မြန်မာ့ရိုးရာ အစားအစာများ၊ တိုင်းရင်းသားအစားအစာများနှင့် တောတွင်းတိရစ္ဆာန်များပြပွဲအပါအဝင် အခြားကစားနည်းမျိုးစုံတွေ့ရမည်ဖြစ်သည်။

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို ၁၉၆၂ ခုနှစ်မှစတင်၍ ယခင်အခေါ် ခရစ်လမ်း (ယခု)ဗိုလ်မြတ်ထွန်းလမ်းတွင် ရာမဇာတ်ပွဲဖြင့် ခုနစ်ရက် ခုနစ်ညတိုင်တိုင်စတင်ကျင်းပဖွင့်လှစ်ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ၁၉၇၃ ခုနှစ်ထိ ရာမဇာတ်ပွဲ၊ ရုပ်သေးရုပ်များဖြင့် မီးထွန်းပွဲတော်ကို မင်းခမ်းမင်းနားဖြင့် စတင်ကျင်းပခဲ့ကြောင်း ရေကျော် သီတင်းကျွတ် မီးထွန်းပွဲတော် ကျင်းပရေးကော်မတီမှ သိရသည်။

❊ *ကျောဖုံးမှ*

အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်းစနစ်နှင့် အံဝင်ခွင်ကျမည့်သူများဖြစ်အောင် အတွေးအခေါ်၊ စွမ်းရည်များကိုပါ ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း၊ စွမ်းရည်တည်ဆောက်ရာတွင် တစ်ပြိုင်တည်းစိတ်ပိုင်းဆိုင်ရာခံယူချက်များကိုပါ ပြောင်းလဲနိုင်အောင် လူတိုင်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် တာဝန်ယူထားသူ၊ တာဝန်ခံထားသူများ ပို၍လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အချို့လုပ်ငန်းများတွင် ရှေ့တိုးသည်များရှိသလို တိုးနှုန်းနှေးသွားသည်လည်း ရှိကြောင်း၊ သို့သော် ဒီမိုကရေစီစနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရမည့် လမ်းကြောင်းမှာ မှန်နေသည်ဟု ယုံကြည်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရန် မိမိတို့အားလုံးရှေ့ကိုတိုးပြီးသွားနေကြောင်း၊ သို့သော်လမ်းကြောင်း မှန်နေသော်လည်း ပမာဏအရ တစ်ခါတစ်ရံ အခက်အခဲများ၊ အကျပ်အတည်းများလည်း မိမိတို့မှာရှိကြောင်း၊ အစိုးရ၏ယန္တရားစနစ်နှင့် စီမံကိန်းများကိုမည်ကဲ့သို့ဆောင်ရွက်နေကြောင်း၊ ပြည်သူများအား သိစေလိုသည့် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ တွေ့ဆုံရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့ အစိုးရအဖွဲ့တာဝန်ယူပြီးနောက် အသွင်ကူးပြောင်းရေးကာလအဖြစ် လိုအပ်သည့်နိုင်ငံ၏ စီးပွားရေးမူဝါဒ (၄)ချက်ကို ချမှတ်ခဲ့ကြောင်း၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင် (၁၀)ချက်ကို အခြေခံပြီး ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အခြေခံမူဘောင် (၁၀)ချက်နှင့်အညီ ပထမ(၅) နှစ်စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မူဘောင်အတွင်းမှနေ၍ လုပ်ငန်းစဉ်များကို အစီအစဉ်တကျရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ပြည်ထောင်စုဝန်ကြီးများနှင့် မီဒီယာများ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအတွက် ပထမ(၅) နှစ် စီမံကိန်းကို ၂၀၁၁ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၆ခုနှစ် မတ် ၃၁ရက်အထိ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုရေးဆွဲနေသည့်ပုံစံမှာ ပြည်သူဗဟိုပြုပုံစံဖြစ်သကဲ့သို့ အခြေခံမူဘောင် (၁၀)ချက်ကို စီးပွားရေးမူဝါဒ(၄) ချက်နှင့် ကိုက်ညီအောင်နှင့် နိုင်ငံကို စက်မှုနိုင်ငံဖြစ်ရေး အဓိကဦးတည်ချက်ထားခြင်း ဖြစ်ကြောင်းဖြင့် ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သည့် ဘတ်ဂျက်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သည့် စီမံကိန်းဆိုင်ရာများ ဆက်စပ်ဆောင်ရွက်မှု၊ စီမံကိန်းနှင့် ဘတ်ဂျက်အပြန်အလှန် ဆက်စပ်ဆောင်ရွက်မှု၊ ရငွေများအား ခွဲဝေသုံးစွဲမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်ဂျက်ရေးဆွဲမှု၊ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးမှု၊ ပွင့်လင်းမြင်သာသော ဘတ်ဂျက်ဖြစ်အောင် ဆောင်ရွက်နေမှု၊ ကြွေးမြီများရှင်းလင်းရေးဆောင်ရွက်မှု၊ ကြွေးမြီများချေးယူရာတွင် အတိုးနှုန်းသက်သာမှု၊ ချေးယူသည့်သက်တမ်း၊ ပြန်ဆပ်ရမည့်ကာလတို့ကို စိစစ်ဆောင်ရွက်မှု၊ ချေးငွေများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်သည့်၊ ထိရောက်သည့် အဓိကလုပ်ငန်းများ၌သုံးစွဲမှု၊ ဘဏ္ဍာရေး ဆိုင်ရာဥပဒေများပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌသူရဦးသောင်းလွင်က အခွန်ကောက်ခံခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် မီဒီယာများက သိလိုသည်များနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက နိဂုံးချုပ်စကားပြောကြားသည်။ **(သတင်းစဉ်)**

❊ *ကျောဖုံးမှ*

၅၂ မိနစ်တွင် ဖယ်လ်ကာအို အဲဗာတန်ဂိုးဧရိယာအတွင်း ကန်သွင်းချက်မှာ နောက်ခံလူနှင့်ထိ၍ တစ်ဂိုးနစ်နာခဲ့သည်။

အဲဗာတန်အတွက် ချေပဂိုးကို ၅၅ မိနစ်တွင် လေတန်ဘိန်းစ်၏ ပေးပို့မှုမှတစ်ဆင့် နေးလ်စမစ်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ၅၈ မိနစ်တွင် အဲဗာတန်တို့ထောင့်ကန်ဘောမှ ကန်သွင်း ချက်ကို ဖယ်လ်ကာအိုက ဂိုးစည်းထိပ်မှ ဖျက်ထုတ်ခဲ့ရသည်။

၆၂ မိနစ်တွင် ဒီမာရီယာ၏ ပေးပို့မှုမှတစ်ဆင့် ဖယ်လ်ကာအိုက မန်ယူအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ အဆိုပါ ဂိုးမှာ ဖယ်လ်ကာအိုအတွက် မန်ယူရောက်ရှိပြီးနောက် ပထမဆုံးသွင်းယူခဲ့သည့် ဂိုးဖြစ်သည်။

မန်ယူတို့ပွဲပြီးခါနီးတွင် အဲဗာတန်တို့၏ ဖိကစားမှုကို ခံရပြီး ၈၆ မိနစ်တွင် အော့စမန် ကန်သွင်းချက်ကို ဒီဂီယာဖမ်းမိခဲ့သည်။ လေလွင့်အစားထိုးချိန်တွင် အော့စမန်၏ ထပ်မံကန်သွင်းမှုကိုလည်း ဒီဂီယာပုတ်ထုတ်ကာကွယ်ခဲ့သလို အိုဗီဒို၏ကန်သွင်းမှုကိုလည်း ဒီဂီယာကာကွယ်ခဲ့ရသည်။ မန်ယူတို့ ယခုပွဲ အနိုင်ရရှိမှုမှာ ဂိုးသမား ဒီဂီယာ၏ လက်စွမ်းပြမှုနှင့် ကွင်းလယ်လူ ဒီမာရီယာ၏ ခြေစွမ်းပြနိုင်မှုကြောင့် အနိုင်ရရှိခြင်းဖြစ်သည်။

မန်ယူဘက်မှ ရွန်းနီ ပွဲပယ်ပြစ်ဒဏ်ကြောင့် မပါဝင်နိုင်ဘဲလုခ်ရှော၊ ဖယ်လ်ကာအိုနှင့် ဗလင်စီယာတို့ လူစားလဲခံရပြီး ဘလက်ကတ်၊ ဂျိမ်းဝီဆင်နှင့် ဖယ်လိုင်နီတို့ ဝင်ကစားခဲ့သည်။ အဲဗာတန်ဘက်မှ အော့စမန်၊ ဘရောင်နင်း၊ အိုဗီဒိုတို့ လူစားလဲ ဝင်ကစားသည်။ မန်ယူတို့ ပြီးခဲ့သည့်ပွဲတွင် ဝက်စ်ဟမ်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ယခုပွဲတွင်လည်း အဲဗာတန်ကို ထပ်မံအနိုင်ရရှိသဖြင့် နည်းပြ ဗန်ဟားလ်လက်ထက် ပရီမီယာလိဂ် နှစ်ပွဲဆက်အနိုင်ရရှိခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်က မန်ယူတို့ အဲဗာတန်ကို နှစ်ကျော့စလုံး ရှုံးနိမ့်ခဲ့ရသော်လည်း ယခုနှစ်တွင်မူ မန်ယူတို့ အိမ်ကွင်း၌ အနိုင်ရရှိပြီဖြစ်သည်။

အခြားပွဲများဖြစ်သည့် စပါးနှင့် ဆောက်သမ်တန်တို့ပွဲတွင် စပါးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ စပါးအတွက် အနိုင်ဂိုးကို အဲရစ်ဆင်က မိနစ် ၄၀ တွင် သွင်းယူပေးသည်။

ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ လန်ဒန်ဒါဘီပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး ချယ်လ်ဆီးက နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ချယ်လ်ဆီးအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၂၇ မိနစ်တွင် ဟာဇက်က ပယ်နယ်တီမှ သွင်းယူပေးသည်။ ဒုတိယဂိုးကို ကော်စတာက ၇၈ မိနစ်တွင် သွင်းယူပေးသည်။ ယခုပွဲအနိုင်ကြောင့် ချယ်လ်ဆီးတို့ ၁၉ မှတ်ဖြင့် ဇယားထိပ်၌ ဦးဆောင်နေသည်။

**သီဟ - ရေးသည်**



ဖယ်လ်ကာအိုက မန်ယူအတွက်ဒုတိယဂိုးသွင်းယူပေးစဉ်။

# မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ပျဉ်းမနားရဲစခန်းစစ်ဆေး

**ပျဉ်းမနား အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်လှလှရီသည် အောက်တိုဘာ ၃ ရက်က ဒက္ခိဏခရိုင်တရားသူကြီး၊ ပျဉ်းမနားမြို့နယ်တရားသူကြီးတို့နှင့်အတူ ပျဉ်းမနားရဲစခန်းသို့ သွားရောက်စစ်ဆေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့သည် တရားခံများနေရာထိုင်ခင်းသက်သာချောင်ချိမှု၊ အစာစားရာတွင် အာဟာရပြည့်စုံမှု၊ မကျန်းမာပါက ဆေးကုသခွင့်၊ အမျိုးသမီးတရားခံများကို အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော်အစောင့်အရှောက်ဖြင့် ထားရှိမှု၊ တရားခံများအား နှိပ်စက်ညှဉ်းပန်းခြင်းရှိ၊ မရှိနှင့် ဥပဒေနှင့်ညီမညီ၊ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေး စသည်တို့နှင့်စပ်လျဉ်း၍ တရားခံများကို မေးမြန်းကာ အချုပ်တရားခံများနေထိုင်သည့် အခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဇော်မျိုးနိုင်**

## မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။ **(မိုး/ဇလ)**

❁ *ရှေ့ဖုံးမှ*

ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ တစ်နေ့လျှင် ရေနံဓာတ်ငွေ့ရည် ၁၀ တန်၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)မှ တစ်နေ့ ၁၇ တန်၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ(သံပုရာကန်)မှ ၁၂တန်ထုတ်လုပ်နိုင်လျက်ရှိရာ တစ်နေ့ဓာတ်ငွေ့ရည် ၃၉ တန်ခန့်ထုတ်လုပ်နိုင်လျက်ရှိကြောင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှထုတ်ပြန်သောသတင်းအချက်အလက်များအရ သိရသည်။ **(မြန်မာ့အလင်း)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဧည့်သည်တော်များ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ပညာကျွမ်းကျင်မှုကို အခြေခံသည့် စီးပွားရေးစနစ်ကို ပြောင်းလဲလုပ်ကိုင်နိုင်စေရန် သင်ကြားပေးရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ရေရှည်တည်တံ့ပြီး ကမ္ဘာကို ဝင်ဆံ့နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်းကို ထူထောင်သည့်အခါ မိမိတို့နိုင်ငံသားများသည် အခြားသော အာဆီယံနိုင်ငံများနှင့် တန်းတူ ယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်းရှိရန်၊ ကျွမ်းကျင်သည့်ပညာရှင်များ မွေးထုတ်ပေးရန် လိုအပ်လာသကဲ့သို့ နိုင်ငံ၏ ကြီးထွားလာမည့်ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းများနှင့် အံဝင်ခွင်ကျဖြစ်သည့် ပညာရှင်များ၊ မွေးထုတ်ပေးရန်လည်း လိုအပ်လာပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် ရောက်ရှိနေကြသည့် မိမိတို့တာဝန်ကျရာ ရပ်ရွာဒေသအလိုက်၊ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများကို အခက်အခဲအမျိုးမျိုးရှိသည့်ကြားက မေတ္တာ၊ စေတနာနှင့် ကြိုးပမ်းဆောင်ရွက်နေသည့် ဆရာ ဆရာမများ အားလုံးကိုလည်း နိုင်ငံတော်၏ ကိုယ်စားကျေးဇူးတင် ဂုဏ်ပြုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူးက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်(ငြိမ်း) ဆရာကြီးဦးသန်းဦးက ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးကျော်ဆန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာ သန်းအောင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်တို့က ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များဖြစ်ကြသည့် ဒေါက်တာခင်ဇော်၊ ဒေါက်တာဒေါ်သန်းနွဲ့၊ ဦးဝင်းမောင်၊ ဦးတင်ညို၊ ဦးဗန်ကြီး၊ ဒေါ်ခင်ခင်နှင့် ဦးဟရန်းလွှင်တို့အား လည်းကောင်း၊ လူမှုထူးချွန်ဆုရရှိကြသည့် ဦးရွှေဘ၊ ဦးလှနူးနှင့် ဦးသန်းလှိုင်တို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**



## စလင်းမြို့ရဲတပ်ဖွဲ့ သန့်ရှင်းရေးဆောင်ရွက်

**စလင်း အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြို့မရဲစခန်းမှ ဒုရဲမှူးဝင်းတင်နှင့် ရဲအုပ် သိန်းဝင်းဆွေ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် စုစုပေါင်း၃၀သည် အောက်တိုဘာ ၄ ရက် နံနက် ၇နာရီတွင် စလင်းမြို့ ပေါင်းပင်စင်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ဘုရားကြီး ရှင်ပင်ဆုတောင်းပြည့် စေတီကုန်းပေါ်ရှိ အမှိုက်ချုံနွယ်များအား သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(စစ်ကြည်-စလင်း)**

ပြည်တွင်းသတင်း

# ကျောက်ကပ်ရောဂါမဖြစ်အောင် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်၊ အနေအထိုင်များ ဖြစ်ရန်လို

**နန္ဒာဝင်း**

လူ့ခန္ဓာကိုယ်ထဲတွင် အင်္ဂါ အစိတ်အပိုင်းများစွာရှိပြီး အားလုံးသည် သူ့တာဝန်နှင့်သူ ကျေပွန်စွာတာဝန်ထမ်းဆောင်လျက်ရှိကြသည်။ ထိုအထဲတွင် လူတို့စားသောက်လိုက်သည့် အစားအစာများကို ဓာတ်ပြုပြီး မလိုလားအပ်သည့်အဆိပ်အတောက်များကို အသည်း၊ ကျောက်ကပ်တို့က တစ်ဆင့် အဓိက စွန့်ထုတ်ပေးသည်။ ကျောက်ကပ်သည် အင်္ဂါအစိတ်အပိုင်း အသီးသီး၏ လုပ်ဆောင်ချက်များ အကောင်းဆုံးဖြစ်အောင် အဆိပ်အတောက်များကို ထိန်းညှိပေးသည်။ ကျောက်ကပ် မကောင်းတော့ပါက အဆိပ်တောက်များစုလာပြီး ခန္ဓာကိုယ်အစိတ်အပိုင်း အသီးသီး၏ လုပ်ငန်းဆောင်တာများ စွမ်းဆောင်နိုင်မှုများ ကျဆင်းလာတော့မည်ဖြစ်သည်။

ထို့ကြောင့် ကျောက်ကပ်ရောဂါမဖြစ်အောင် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက် အနေအထိုင်များဖြစ်ရန် လိုသလို ကျောက်ကပ်ဝေဒနာ ခံစားရလျှင်လည်း နာတာရှည် ကျောက်ကပ်ရောဂါမဖြစ်အောင် ထိရောက်ကျွမ်းကျင်သည့် ဆရာဝန်ကြီးများဖြင့် ကုသရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် ကျောက်ကပ်အစားထိုးခွဲစိတ်မှုကို ၁၉၉၅ ခုနှစ်က စတင်ကာ မြန်မာသမားတော်များဖြင့် စတင်ခဲ့ကာ အောင်မြင်မှုများလည်းရခဲ့သကဲ့သို့ ယခုပြီးခဲ့သည့် စက်တင်ဘာ ၃၀ နှင့် အောက်တိုဘာ ၁ ရက်နေ့တို့ကလည်း ရန်ကုန်မြို့ အထူးကုဆေးရုံကြီး ခုတင် ၅၀၀ တွင် ဒေါ်ဥမ္မာဝင်းနှင့် မခိုင်မေဇွန်စိုးတို့ကို မြန်မာသမားတော်များဖြင့် အောင်မြင်စွာ အစားထိုးခွဲစိတ်ကုသနိုင်ခဲ့သည်။ ထို့ကြောင့် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွဋ်၊ ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန ပါမောက္ခ ဒေါက်တာခင်မောင်ဌေး၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုဌာန ပါမောက္ခ ဒေါက်တာကျော်စွာလှိုင်နှင့် ကျောက်ကပ်လှူဒါန်းသူ မသန္တာဝင်းတို့အား ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းထွဋ်**

ကျောက်ကပ်ဝေဒနာခံစားရရင် ဆီးသွားတာနည်းသွားမယ်။ ဆီးထဲမှာ သွေး၊ ပြည်တစ်ခုခုပါလာမယ်ဆိုရင် ကျောက်ကပ်ဝေဒနာ ဖြစ်လာပြီလို့ သိရမယ်။ နောက်တစ်ခုက ဖောရောင်လာမယ် စတာတွေက ကျောက်ကပ်ဝေဒနာလက္ခဏာများ ဖြစ်ပါတယ်။ ကျောက်ကပ်နှစ်ခုစလုံး ပျက်စီးသွားပြီဆိုရင် ကျောက်ကပ်ဆေးစက်နဲ့ ကုသနိုင်မှာဖြစ်ပါတယ်။ တစ်ပတ်ကို အနည်းဆုံး တစ်ခါ၊ နှစ်ခါ ဆေးရတာဖြစ်ပါတယ်။ စက်ပေါ်မှာ မှီခိုနေရတာဖြစ်တဲ့အတွက် သူ့ရဲ့လုပ်ငန်းဆောင်တာတွေ မလုပ်နိုင်တော့ဘူး၊ စက်ကလည်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်လို မြို့ကြီးတွေမှာပဲရှိတဲ့အတွက် ဝေးဝေးသွားလို့မရပါဘူး။ အဲလိုအခက်အခဲတွေဖြစ်တဲ့အတွက် ကျောက်ကပ် အစားထိုးကြတာဖြစ်ပါတယ်။

လူနာက အစားထိုးဖို့ ဆန္ဒရှိမယ်၊ ကျန်းမာရေးအခြေအနေလည်းရှိမယ်၊ လှူဒါန်းမယ့်သူတွေကလည်း အဆင်သင့်ရှိမယ်၊ အဲဒီကျောက်ကပ်ကလည်း သူ့ခန္ဓာကိုယ်က လက်ခံနိုင်မယ်ဆိုရင် ခွဲစိတ်ကုသပြီး အစားထိုးနိုင်မှာဖြစ်ပါတယ်။ ကျောက်ကပ်အစားထိုးလို့ရအောင် တစ်ယောက်နဲ့တစ်ယောက် သွေးအုပ်စုတူရမယ်၊ ကျောက်ကပ် တစ်ရှူးတွေတူရမယ်၊ ဗီဇဆိုင်ရာတစ်ရှူးတွေ တူရမယ်၊ အစားထိုးမယ့်သူဟာ ခွဲစိတ်ကုသခံနိုင်မယ့် ကျန်းမာရေးစတဲ့ အခြေအနေတွေနဲ့ကိုက်ညီလို့ အစားထိုးလိုက်မယ်ဆိုရင် လူကောင်းတစ်ယောက်လို သွားလာလှုပ်ရှားနိုင်မှာဖြစ်ပါတယ်။

အခု ကျောက်ကပ်အစားထိုးခွဲစိတ်မှုကို နိုင်ငံတော်နဲ့ ကျန်းမာရေးဝန်ကြီးဌာနက ပံ့ပိုးပေးပါတယ်။ လူနာဘက်က သက်ဆိုင်ရာ ဓာတ်ခွဲစစ်ဆေးမှုတွေ၊ တချို့စစ်ဆေးမှုတွေကို စင်ကာပူနိုင်ငံကိုပို့ပြီး စစ်ရတာတွေရှိတဲ့အတွက် အနည်းငယ်တော့ ကုန်ကျမှုရှိပါတယ်။ နိုင်ငံခြားမှာ သွားပြီး အစားထိုးရတာဆိုရင် သိန်းရာနဲ့ချီပြီး ကုန်ကျမှာဖြစ်ပါတယ်။ ဒါပေမယ့် အခုက အဲဒီကုန်ကျစရိတ်ရဲ့ တစ်ဆယ်ပုံတစ်ပုံ လောက်သာ ကုန်ကျပါတယ်။ သက်ဆိုင်ရာ ဆရာဝန်ကြီးတွေရဲ့ ကျွမ်းကျင်မှုနဲ့ စေတနာပေါင်းစပ်ပြီး ပြည်သူတို့ရဲ့ ကျန်းမာရေးအခက်အခဲကို ဖြေရှင်းပေးတာဖြစ်ပါတယ်၊ အခုအချိန်မှာ ငွေကြေးကြောင့်လည်း အားငယ်နေစရာမလိုဘဲ နိုင်ငံတော်ကအခုလို ပံ့ပိုးမှုတွေ ရှိနေပါပြီလို့ အသိပေးလိုပါတယ်။ ကျွန်တော်တို့ဆီကို ဆက်သွယ်ရင် အကူအညီတွေပေးနိုင်ပါတယ်။

**ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန ပါမောက္ခ ဒေါက်တာခင်မောင်ဌေး**

ကျောက်ကပ်ရောဂါဖြစ်လာရင် တခြား အင်္ဂါအစိတ်အပိုင်းတွေ ကောင်းကောင်း အလုပ်မလုပ်တော့ဘူး၊ ဦးနှောက်ဆိုရင် သူ့ရဲ့လုပ်ငန်းဆောင်တာတွေဖြစ်တဲ့ သတိမေ့လျော့တာ၊ ထိုင်းမှိုင်းတာ၊ ပျို့ချင်အန်ချင်တာတွေဖြစ်တတ်ပါတယ်။ နောက်ဆက်တွဲအနေနဲ့ လေဖြတ်တာတွေလည်း ဖြစ်နိုင်ပါတယ်။ ကျောက်ကပ်မကောင်းတော့ အစာအိမ်၊ အူလမ်းကြောင်းတွေ ကောင်းကောင်းအလုပ်မလုပ်တော့ဘူး။ အဲဒီအခါ အစာအိမ်ရောဂါလက္ခဏာတွေလည်း ပြတတ်တဲ့အတွက် အစာအိမ်ရောဂါလို့ ထင်တတ်ကြပါတယ်။ တကယ်တမ်းတော့ ကျောက်ကပ်က ဖြစ်တာပါ။ ကျောက်ကပ် အလုပ်မလုပ်ရင် ခန္ဓာကိုယ်အစိတ်အပိုင်း အသီးသီးက လုပ်ဆောင်ချက်တွေ အားနည်းလာမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကောင်းနေတဲ့ ကျောက်ကပ်ကို ဖျက်ဆီးနိုင်တဲ့ အနေအထားတွေကို ရှောင်ကြဉ်ဖို့ လိုပါတယ်။ အထူးသဖြင့် အစားအစာ၊ ဆေးဝါး၊ သစ်ဥ၊ သစ်ဖုတွေက ထုတ်တဲ့ တိုင်းရင်းဆေးတွေက အကုန်လုံးကျောက်ကပ်ကို ဒုက္ခပေးတတ်ပါတယ်။ သဘာဝက ထုတ်ထားတဲ့အတွက် ဘေးထွက်ဆိုးကျိုးမရှိဘူးလို့ ထင်တတ်ကြပါတယ်။ ဘာဆေးပဲဖြစ်ဖြစ် မသောက်တာအကောင်းဆုံးပါပဲ။ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်ရောင်ရောဂါတွေအဖြစ်များတတ်ကြပါတယ်။ ကျောက်ကပ်ကိုလည်း ထိခိုက်နိုင်ပါတယ်။ ဆရာဝန်တွေ၊ လူနာတွေကရော ရောဂါတစ်ခုခုဖြစ်လာရင် ဒီရောဂါသည် ကျောက်ကပ်ဝေဒနာ တစ်ခုခုကြောင့်ဖြစ်တာလားဆိုပြီး ဆန်းစစ်ဖို့လိုပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်က ကျောက်ကပ်အစားထိုး ကုသမှုတွေလုပ်ဖို့ အမျိုးမျိုးကြိုးစားခဲ့ကြပါတယ်။ မအောင်မြင်ခဲ့ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ်ခံအားရဲ့ တိုက်ခိုက်မှုကို မသိခဲ့ကြဘူး။ မတားဆီးနိုင်ခဲ့ကြဘူး။ အခုတော့ အဲဒါနဲ့ ပတ်သတ်တဲ့ ပညာရပ်တွေ၊ ဆေးတွေအများကြီးပေါ်လာတယ်။ ကိုယ်ခံအားတစ်ခုလုံးကျတာ မဟုတ်ဘဲ သီးသန့်ဖျက်ဆီးတာ၊ တားဆီးတာမျိုးတွေပေါ်လာတယ်။ အစားထိုးလိုက်တဲ့ ကျောက်ကပ်ကို ခန္ဓာကိုယ်လက်ခံနိုင်သလား ကြိုတင်စဉ်းစားပြီး အတိုင်းအတာတစ်ခုအထိ ကြိုတင်ပြင်ဆင်ခဲ့ကြတယ်။ ခွဲတဲ့အချိန်၊ အစားထိုးလိုက်တဲ့အချိန်မှာ ကျောက်ကပ်ကို သွေးဘယ်လောက်စီးဆင်းသွားသလဲ၊ သွေးပေါင်ချိန်ကျလာသလားဆိုတာကို အခြေခံပြီး ကုသမှုတွေလုပ်ပေးရတယ်။ အချိန်မရွေး ခန္ဓာကိုယ်က ကျောက်ကပ်ကို တိုက်ထုတ်နိုင်တဲ့အတွက် ကျောက်ကပ်အစားထိုးပြီးပြီးချင်းမှာ ကျောက်ကပ်သမားတော်က တာဝန်ယူပြီး ရောဂါမဝင်အောင် ကိုယ်ခံအားကို တိုင်းတာတွေကို ၂၄ နာရီပတ်လုံး စောင့်ကြည့်နေရတယ်။

အခု ကျောက်ကပ်အစားထိုး ခွဲစိတ်မှုကိုတော့ သင်္ဃန်းကျွန်း ဆေးရုံကြီး၊ နေပြည်တော်နဲ့ မန္တလေးတို့က ကျောက်ကပ်သမားတော်တွေ လာရောက်ပြီး ကူညီပေးပါတယ်။ အောင်မြင်ခဲ့ပါတယ်။ နောင်ဆိုရင် ဒီထက်ပိုပြီး အစားထိုးကုသပေးသွားနိုင်မှာဖြစ်ပါတယ်။ အခုက လူအရှင်ဆီက ကျောက်ကပ်ယူတာဖြစ်ပါတယ်။ နောက်တစ်ဆင့်အနေနဲ့ မတော်တဆမှု တစ်ခုခုကြောင့် အသက်ဆုံးရှုံးတော့မယ်။ ဦးနှောက်သေသွားတယ်၊ ဒါပေမယ့်နှလုံးက အလုပ်လုပ်နေသေးတယ်။ ခန္ဓာကိုယ်အစိတ်အပိုင်းပစ္စည်းတွေက ကောင်းနေသေးတယ်။ အဲလိုအခြေအနေမှာ ကျောက်ကပ်လှူရင်ထုတ်ပြီး အစားထိုးထည့်လို့ရအောင် ရည်ရွယ်ထားပါတယ်။

အခု မြန်မာနိုင်ငံမှာ ကျောက်ကပ် အစားထိုးကုသချင်ရင် ဆေးရုံရဲ့ အစဉ်အလာ စည်းကမ်းအရ ညီအစ်ကို၊ မောင်နှမ၊ အဖေ၊ အမေ မိဘအရင်းတွေကပဲ ပေးခွင့်ရှိပြီး အရင်းသာမက တစ်ဝမ်းကွဲမောင်နှမတွေကလည်း ပေးခွင့်ရအောင် ဥပဒေကို ပြင်ဆင်ဖို့ အကြံပြုထားပါတယ်။ သူများနိုင်ငံတွေမှာ ယောက်ျားက မိန်းမကိုပေးခွင့်ရှိတယ်။ ရင်းနှီးတဲ့ သူငယ်ချင်း၊ မိတ်ဆွေတွေကလည်း ပေးခွင့်ရှိပါတယ်။ ငွေကြေးအရောင်းအဝယ်ကိစ္စတွေ ပါမှာစိုးတဲ့အတွက် ဟန့်တားထားတာ ဖြစ်ပါတယ်။ ဒါတွေကိုဥပဒေကြောင်းအရ ပြင်ဆင်လာမယ်လို့မျှော်လင့်ပါတယ်။ နောင်ဆိုရင် ကျွန်တော်တို့လို ကျောက်ကပ်အစားထိုးတဲ့သူတွေမပါတဲ့ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်က ဥပဒေရေးရာ ပညာရှင်တွေ ပါဝင်တဲ့အဖွဲ့တွေ ဖွဲ့စည်းထားမယ်။ ကျောက်ကပ်အစားထိုးချင်တဲ့ သူတွေကို ကျွန်တော်တို့က အဲဒီအဖွဲ့ကို တင်လိုက်မယ်။ သူတို့ကဥပဒေကြောင်းအရ လက်ခံတယ်၊ မခံဘူးဆုံးဖြတ်မယ်။ မြန်မာနိုင်ငံအတွင်းမှာပဲ ကြိုက်တဲ့နေရာ၊ ကြိုက်တဲ့သမားတော်နဲ့ အလွယ်တကူ အစားထိုးလို့ရဖို့ ပြင်ဆင်နေပါပြီ။

အခု ကျောက်ကပ်အစားထိုးတဲ့နေရာမှာတော့ အခက်အခဲတွေ အများကြီးမရှိပေမယ့် နေရာထိုင်ခင်းကျပ်တည်းမှုတော့ ရှိနေပါသေးတယ်။ အရင်ကတော့ စမ်းတဝါးဝါးနဲ့ ထည့်လိုက်ပြီး ပျက်သွားတာတွေ ရှိနိုင်တယ်။ အခုက ကျောက်ကပ်အစားထိုးလို့ ရမရကို စင်ကာပူကိုပို့ပြီး ဓာတ်ခွဲစမ်းသပ်ရတယ်။ အဲဒါလည်း မြန်မာနိုင်ငံမှာ လုပ်လို့ရအောင် ကြိုးစားနေတယ်။ အရမ်းခက်ခဲတာတော့ မဟုတ်ပါဘူး။ အခုနောက်ပိုင်း ပံ့ပိုးမှုတွေများလာပြီး ငွေကြေးနဲ့ စက်ပစ္စည်းကိရိယာတွေ ဝယ်နိုင်လာမယ်။ သိပ်မကြာခင်မှာတော့ မြန်မာနိုင်ငံမှာပဲ စစ်ဆေးလို့ ရလာမယ်ထင်ပါတယ်။

**ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုဌာန ပါမောက္ခဒေါက်တာ ကျော်စွာလှိုင်**

ကျောက်ကပ်ကို မပျက်စီးရအောင် ကာကွယ်တာ အကောင်းဆုံးပါပဲ။ အနေအထိုင်၊ အစားအသောက်က အရေးကြီးပါတယ်။ ကျောက်ကပ်ကို ပျက်စီးစေနိုင်တဲ့ ရောဂါတွေဖြစ်တဲ့ ဆီးချို၊ သွေးတိုးတွေ မဖြစ်အောင်နဲ့ ဖြစ်နေတယ်ဆိုရင်လည်း ကျောက်ကပ်မပျက်စီးအောင် ဒါတွေကို သေချာစနစ်တကျ ကုသထားသင့်ပါတယ်။ ကျောက်ကပ်ပျက်စီးသွားရင် ကျောက်ကပ်ဆေးရတာ၊ နိုင်ငံခြားကိုသွားပြီး အစားထိုးရတာတွေနဲ့ ကုန်ကျစရိတ်များပါတယ်။ အခုကတော့ ကျွန်တော်တို့နိုင်ငံအတွင်းမှာပဲ ကျောက်ကပ်ပျက်စီးသွားတဲ့သူတွေကို ပြန်ပြီး အစားထိုး ကုသပေးနေပါပြီ။ ပြန်ပြီး မကောင်းနိုင်တော့တဲ့သူ၊ ကျောက်ကပ်က လုံးဝပျက်စီးသွားတဲ့သူ၊ အမြဲတမ်း ကျောက်ကပ်ဆေးနေရတဲ့ လူနာအတွက် စရိတ်စကရော၊ ရေရှည်ဘဝနေထိုင်မှုအတွက်ပါ ကျောက်ကပ် အစားထိုးတာ အကောင်းဆုံးပါပဲ။ အခု ခွဲစိတ်တဲ့လူနာတွေကို ဆေးကုဌာနက ကျောက်ကပ်ပျက်စီးပါပြီဆိုပြီး ကျွန်တော်တို့ဆီကို လွှဲပါတယ်။ အဖွဲ့လိုက် တိုင်ပင်ကြပြီး ဆုံးဖြတ်ပါတယ်။ အလှူရှင်လည်း ရှိဖို့လိုတာပေ့ါ။ လူနာရဲ့ ဆွေမျိုးသားချင်းထဲက အလှူရှင်ရှိရမယ်။ သွေးအုပ်စု၊ ကျောက်ကပ်တစ်ရှူးတူရမယ်၊ ဗီဇဆိုင်ရာ တစ်ရှူးတွေတူရမယ်။ အစားထိုးမည့်သူဟာ ခွဲစိတ်ကုသခံနိုင်မည့် ကျန်းမာရေးစတာတွေ ရှိရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ကျောက်ကပ်အစားထိုးမှုမှာ ဂုဏ်ထူးဆောင်ပါမောက္ခဆရာကြီး ဦးသန်းအေးကိုယ်တိုင်ကူညီတယ်။ လမ်းပြပေးတယ်။ အားလုံးရဲ့ ပံ့ပိုးမှုတွေကြောင့် အခက်အခဲမရှိ ခွဲစိတ်နိုင်ခဲ့ပါတယ်။ လူနာတွေလည်း နေကောင်းကြပါတယ်။ သူတို့ရဲ့ ရှေ့ဆက်ကျန်းမာရေးကိုလည်း ကျောက်ကပ်သမားတော်ကြီးတွေက လိုအပ်တဲ့ စစ်ဆေးမှု၊ ကုသမှုတွေ ဆောင်ရွက်ပေးနေပါတယ်။

**မသန္တာဝင်း (ကျောက်ကပ်လှူဒါန်းသူ)**

အစ်မ နေမကောင်းဖြစ်နေတော့ စိတ်မကောင်းခံစားရပါတယ်။ ကျွန်မက အားလုံးတူညီလို့ ကျောက်ကပ်လှူလို့ရရင် လှူမယ်လို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ တကယ်လည်း စစ်ဆေးတာ အားလုံးတူညီတဲ့အတွက် အခုလို လှူဒါန်းခွင့်ရခဲ့တာပါ။ အစ်မ ကျန်းမာပျော်ရွှင်နေတာ မြင်ရတဲ့အတွက် အလွန်ဝမ်းသာရပါတယ်။

ရန်ကုန် အထူးကုဆေးရုံကြီး ခုတင် ၅၀၀ ဆံ့ကို ယခုနှစ် ဩဂုတ်လတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက စတင်ဖွင့်လှစ်ပေးခဲ့ပြီး အကြီးစား ခွဲစိတ်ကုသမှုများ၊ ကျောက်ကပ်အစားထိုးကုသမှုများကို နိုင်ငံတော်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ငွေကြေးပံ့ပိုးပေးမှုဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသနေမှုကို တွေ့ရစဉ်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အက္ခရာ ဥ၊ အက္ခရာ ဦ၊ အက္ခရာ ဦး

မောင်ခင်မင်(ဓနုဖြူ)

"ဆရာ ဒါ ကျွန်မတူမကလေးပါ။ သူက မူလတန်းပြဆရာမပါ"

တပည့်ဖြစ်သူ အထက်တန်းကျောင်းအုပ်ဆရာမကြီးတစ်ယောက်က သူ့တူမကလေးနှင့် အတူရောက်လာပြီး စကားစပါသည်။

"ဪ . . . ဆရာမကြီးက ဆရာမလေးကို ခေါ်လာတယ်ဆိုပါတော့၊ ဘာများမေးစရာ၊ ဆွေးနွေးစရာရှိလို့ပါလိမ့်"

"ကဲ. . . သမီးက ဆရာကြီးကို ပြောပြလိုက်လေ" ဟု တပည့်ကျောင်းအုပ်က တူမကလေးကို စကားလမ်းကြောင်းပေးလိုက်သည်။

"ဆရာကြီး၊ သမီးတို့ သူငယ်တန်းမှာ မြန်မာစာသင်တော့ စာလုံးပေါင်းဆိုပုံ ဆရာမတစ်ယောက်နဲ့ တစ်ယောက် မတူတာတွေရှိနေလို့ပါ"

"အေး. . . အေး ။ ဆရာကြားတာကတော့ တချို့က 'ဈ' ကို 'ဇ' မျဉ်းဆွဲလို့ မဆိုဘဲ 'စလုံးယပင့်'လို့ ဆိုသတဲ့။ တချို့ကတော့ 'အက္ခရာ ဩ ' ကို 'သရရစ်ဩ ' လို့ ဆိုသတဲ့။ သမီးတို့ရော အဲဒီလိုဆိုသလား"

"မဆိုပါဘူးဆရာကြီး၊ 'ဈ' ဟာ ဘေးကမျဉ်းကလေးဆွဲထားလို့ ဈမျဉ်းဆွဲလို့ ခေါ်တယ်၊ အသံဖော့ပြီး ဈမျဉ်ဆွဲလို့လည်း ခေါ်တယ်လို့ ပညာရေးကောလိပ်မှာတုန်းက သင်ခဲ့ဖူးပါတယ်"

"ဟုတ်ပြီ၊ ဟုတ်ပြီ"

"အက္ခရာဩဟာလည်း သ ကို ရ ရစ်ထားတာ မဟုတ်ဘူး။ မူလကတည်းက အဲဒီအက္ခရာပုံစံမို့ အက္ခရာဩလို့ပဲ ဖတ်ရတယ်လို့ သင်ရပါတယ်"

"အေးပေါ့၊ သရရစ်ဆိုရင် 'သရ' လို့ လျှာလိပ်သံနဲ့ အသံထွက်ရမှာပေါ့။ 'အော' လို့ ဘယ်အသံထွက်မှာလဲ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"သမီးက ဘယ်စလုံးပေါင်းဆိုပုံကို သိချင်တာလဲ"

"သမီးသိချင်တာက 'ဦး' ကို ဘယ်လိုစာလုံးပေါင်းပြီး ဆိုရတယ်ဆိုတာသိချင်လို့ပါ ဆရာကြီး။ သမီးတို့ကျောင်းမှာ သမီးနဲ့ သူငယ်ချင်းဆရာမတစ်ယောက်နဲ့ ဆိုပုံချင်းမတူလို့ပါ"

"ဘယ်လိုမတူတာလဲ သမီးရဲ့"

"သမီးက ဦးကို 'အက္ခရာဦး'လို့ ဆိုပြီး သင်ပေးတယ်။ သူငယ်ချင်းဆရာမက 'အက္ခရာဥ၊ လုံးကြီးတင်ဆန်ခတ်ဦ ဝစ္စနှစ်လုံးပေါက် ဦး" လို့ဆိုမှ မှန်တယ်လို့ ပြောနေလို့ပါ ဆရာကြီး"

"အင်း . . . ဟုတ်ပါပြီ။ ဘယ်ဟာမှန်တယ်မပြောခင် သမီးတို့ ကလေးတွေကို အ၊ အာ၊ အိ၊ အီ ဆိုတဲ့ စာလုံးတွေ ဘယ်လိုစာလုံးပေါင်းပြတယ်ဆိုတာသိချင်လို့ နည်းနည်းဆိုပြပါလားကွယ်"

"ဟုတ်ကဲ့၊ အရေ အ၊ အရေးချ အာ၊ အရေလုံးကြီးတင် အိ၊ အရေးလုံးကြီးတင်ဆန်ခတ်အီ၊ ဝစ္စနှစ်လုံးပေါက်အီး. . ."

"ဟုတ်ပြီ၊ ဟုတ်ပြီ။ သမီး အခုဆိုပြသွားတာ 'အရေအ' ဆိုတာ ဘာအဓိပ္ပာယ်လဲသမီး"

ခဏစဉ်းစားပြီး " သမီးသေသေချာချာမသိပါဘူး ဆရာကြီး"

" စာစသင်စမှာ စာလုံးကို တစ်ဆင့်ပြီးတစ်ဆင့် ဘယ်လိုရေးရတယ်ဆိုတာ ကလေးတွေ မှတ်မိအောင် စာလုံးပေါင်းပြတာလေ၊ 'အရေအ' ဆိုတာ အမှန်က ' အရေးအ' လို့ဆိုတာ အသံပေါ့သွားလို့လေ။ အဓိပ္ပာယ်က အရေးရင် အလို့အသံထွက်ရတယ်လို့ ပြောတာကွဲ့"

" နားလည်ပါပြီ ဆရာကြီး"

" အဲဒီလိုပဲ ' အရေးချ အာ' ဆိုတာ အကိုရေးချရင် အာလို့ အသံထွက်တယ်လို့ဆိုလိုတာ။ ရေးချဆိုတာ ဘေးမှာကွေးကွေးလေး ရေးချလိုက်တာကို ပြောတာ"

"ဟုတ်ကဲ့ပါ"

"အရေလုံးကြီးတင်အိ ဆိုတာ အရေးပြီး အပေါ်က အလုံးကြီးတင်လိုက်လို့ လုံးကြီးတင်ခေါ်တာ၊ အရေးပြီး လုံးကြီးတင်လိုက်ရင် အိလို့အသံထွက်ရတယ်ပေါ့"

" ဟုတ်ကဲ့ပါ"

"အရေးလုံးကြီးတင်ဆန်ခတ် အီ ဆိုတာက အဲဒီလုံးကြီးတင်မှာ အဆန်ကလေးထည့်လိုက်တာလေ။ အရေးပြီး လုံးကြီးတင်ဆန်ခတ်လိုက်တော့ အီလို့ အသံထွက်တယ်ပေါ့"

" နားလည်ပါပြီဆရာကြီး"

" ဒါဆိုရင် နောက်စာလုံးပေါင်းတွေကိုလည်း သမီးနားလည်ရောပေါ့၊ တစ်ချောင်းငင်ဆိုတာ အောက်ကအချောင်းကလေး တစ်ချောင်းဆွဲတာပေါ့၊ 'ငင်' ဆိုတာ 'ဆွဲ' တာ ကိုခေါ်တာ။ 'နှစ်ချောင်းငင်' ကျတော့ အချောင်းနှစ်ချောင်းဆွဲတာပေါ့ ၊'သဝေထိုး' ဆိုတာ ဘေးကအကွေးကလေး ထိုးလိုက်တာလေ။ 'နောက်ပစ်' က အပေါ်မှာ အချောင်းကလေး နောက်က ဆွဲပစ်ထားတာလေ။ တစ်ချို့က နောက်ထိုးပစ်လို့လဲ ခေါ်ကြတယ်"

" ဟုတ်ကဲ့ပါ"

"အရေးကြီးတာက အဲဒီရေးချတို့၊ လုံးကြီးတင်တို့ဆိုတာတွေက ဗျည်းနဲ့ တွဲရတဲ့ သရပုံစံတွေ ဆိုတာသိဖို့ပဲ၊ ဆရာရေးပြမယ်"

ကျွန်တော်က ဤသို့ ရေးပြလိုက်သည်။ ' -၊ -ာ၊ -ိ၊ -ီ၊ -ု၊ -ူ၊ ေ-၊ -ဲ၊ ေ-ာ၊ ေ-ာ်၊ -ို '

"အဲဒီမှာ မျဉ်းတိုပြထားတဲ့ ကွက်လပ်မှာ ဗျည်းတွေ ထည့်ရတယ် မဟုတ်လား။ ' က' ထည့်တယ်ဆိုပါတော့။ ' က၊ ကာ၊ ကိ၊ ကီ၊ ကု၊ ကူ၊ ကေ၊ ကဲ၊ ကော၊ ကော်၊ ကို' ဖြစ်တာပေါ့"

"နားလည်ပါပြီ ဆရာကြီး"

" ဒီလိုဆိုရင် နောက်တစ်ဆင့်ပြောမယ်နော်။ အ ကိုရေးချရင် အာလို့ အသံထွက်တယ်။ က ကို ရေးချရင်ကာလို့ အသံထွက်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

" ဒီလိုဆိုရင် ရေးချဟာ အာသရနဲ့ အတူတူပေါ့။ ဒါကြောင့် က ကို ရေးချတာ၊ ကနောက်က အာ သရတွဲတာမို့ ကာဖြစ်သွားတာပေါ့"

" ဟုတ်ကဲ့ပါ"

" ဘယ်လိုမှတ်ရမလဲဆိုရင် ဟောဒီလိုမှတ်ပေါ့။ ဆရာရေးပြမယ်" ကျွန်တော်က ရေးပြလိုက်ပါသည်။

-ာ =အာ၊ -ိ =အိ၊ -ီ =အီ၊ -ု =အု၊ -ူ =အူ၊ ေ- =အေ၊ -ဲ =အဲ၊

ေ-ာ=အော၊ ေ-ာ်= အော်၊ -ို =အို" "သမီးတို့က ကလေးတွေကို အခြေခံကစပြီး သင်ရတဲ့ ဆရာမတွေမို့ သေသေချာချာ သိဖို့လိုတယ်လေ၊ ဒါကြောင့် ဆရာ အသေးစိတ် ရှင်းပြနေတာပါ"

"ဟုတ်ကဲ့ပါ ၊ ကျေးဇူးတင်ပါတယ်"

"ခုရေးပြတဲ့ အက္ခရာတွေက သရအက္ခရာတွေပေါ့။ ဒါပေမယ့် ဒီသရတွေက မူရင်းအတိုင်း မဟုတ်သေးဘူးကွဲ့။ နောက်မှ အ နဲ့ တွဲရေးဖို့ ပုံစံပြောင်းထားတဲ့သရတွေပါ"

"ရှင်. . . ဆရာကြီး။ ဒါဆို မူရင်းသရတွေက ဘာတွေပါလဲ"

"ခုပြောပါ့မယ်။ မူရင်းသရတွေက 'အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အို' ဆိုတဲ့ သရဆယ့်တစ်လုံးပဲ။ မြန်မာစာစပေါ်ကတည်းက သုံးတဲ့သရတွေပေါ့" ရေးပြရင်း ပြောလိုက်သည်။

" ဟုတ်ကဲ့ပါ"

" ကဲ. . . သမီး၊ အဲဒီဆယ့်တစ်လုံးထဲက 'အ' နဲ့ တွဲမရေးရဘဲ ပုံစံသီးခြားဖြစ်နေတဲ့ သရစာလုံးတွေ ထုတ်ရေးပြစမ်းပါကွယ်"

"ဟုတ်ကဲ့ပါ။ 'ဣ၊ ဤ၊ ဥ၊ဦ၊ ဧ၊ ဩ၊ ဪ' အဲဒီခုနစ်လုံးပါ ဆရာကြီး"

"ဟုတ်ပြီ။ အဲဒီခုနစ်လုံးက 'အ'တို့ 'က' တို့နဲ့ တွဲပြီး စာလုံးပေါင်းထားတာမဟုတ်ဘဲ သီးခြားအက္ခရာတွေမို့ ကလေးတွေကို သင်တဲ့အခါ အရေးချအာ၊ အရေးလုံးကြီးတင် အိ ဆိုတာမျိုး စာလုံးပေါင်းပြီး မဆိုရဘူး၊ သီးခြားအက္ခရာတွေဆိုတဲ့ အဓိပ္ပာယ်နဲ့ 'အက္ခရာ ဣ၊ အက္ခရာ ဤ၊ အက္ခရာ ဥ၊ အက္ခရာ ဦ၊ အက္ခရာ ဧ၊ အက္ခရာ ဩ' စသည်ဖြင့် ဆိုရတယ်ကွဲ့"

" ဦ တော့ သိပါပြီ။ ဦး ကျတော့ရော ဆရာကြီး"

" ပုဂံခေတ်တုန်းက ဝစ္စပေါက်ကို ပုံမှန်မသုံးသေးဘူးကွဲ့။ နောက်မှ ဦးဆိုတဲ့ အသံရအောင် ဦကို ဝစ္စပေါက်ထည့်လိုက်တာပါ။ အက္ခရာ ဦးလို့ပဲ ဆိုရတယ်ကွဲ့"

" ဒါဆိုရင် အက္ခရာ ဥ လုံးကြီးတင်ဆန်ခတ်ဦ၊ ဝစ္စနှစ်လုံးပေါက် ဦးလို့ ဆိုတာ မှားတာပေါ့နော်"

"ကဲ. . . ဆရာမေးမယ် လုံးကြီးတင်ဆန်ခတ်သရသံကို ဘယ်လို ထွက်ရသလဲ"

"အီလို့ထွက်ရပါတယ်ဆရာကြီး"

"ဟုတ်တယ် ဘယ်ဗျည်းကိုဖြစ်ဖြစ် လုံးကြီးတင်ဆန်ခတ်ရင် အီ သရသံပဲ ထွက်တယ်။ 'ကီ၊ စီ၊နီ၊ တီ၊ ပီ၊အီ ' ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီအပြင် ဗျည်းအားလုံးကို လုံးကြီးတင်ဆန်ခတ်ရင် အီလို့ ထွက်ရတာ၊ အက္ခရာ ဥ ကျမှ လုံးကြီးတင်ဆန်ခတ်ရင် အူလို့ ထွက်ရမယ် ဆိုတာက ရှေ့နောက်မညီညွတ်ဘူးလေ။ ပြီးတော့ ဥ ဆိုတာ အ တစ်ချောင်းငင် အုနဲ့ အတူတူပဲ မဟုတ်လား"

"ဟုတ်တယ်"

"အုကို လုံးကြီးတင်ဆန်ခတ်ရင် အသံထွက်လို့မရဘူး။ အဲဒီစာလုံးမျိုး မြန်မာစာမှာ မရှိဘူးလေ။ နှစ်ချောင်းငင်ပြီး ဝစ္စပေါက်ရင်တော့ 'အူး' လို့ အသံထွက်မှာပေါ့"

" ဟုတ်ကဲ့ပါ"

" ပြီးတော့ ဦးမှာပါတဲ့ အဆန်ကလေးဟာ လုံးကြီးတင်ဆန်ခတ်လည်း မဟုတ်ဘူး၊ ပုံစံချင်းသာတူတာလေ။ ဒါကြောင့် သီးခြားအက္ခရာတွေဖြစ်တဲ့ ဥ၊ ဦ၊ ဦးကို အက္ခရာ ဥ၊ အက္ခရာ ဦ၊ အက္ခရာ ဦး လို့ပဲ အစဉ်အဆက် အသံထွက်ခဲ့ကြတာပေါ့ကွယ် "

" နားလည်ပါပြီ ဆရာကြီး၊ ကျေးဇူးတင်ပါတယ်။''

## စစ်ကိုင်းမြို့မှ အထူးကုဆရာဝန်ကြီးများ မြင်းမူမြို့နယ်သို့ ကွင်းဆင်း အထွေထွေကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**မြင်းမူ အောက်တိုဘာ ၅**

စစ်ကိုင်းမြို့ ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ကြည်ကြည် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၊ မြင်းမူမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်ကြီး၊ ခွက်ခွင်းတိုက်နယ် ဆေးရုံအုပ်ကြီးဒေါက်တာ ထွန်းထွန်းဦးနှင့် ကျန်းမာရေးဝန်ထမ်းများသည် စက်တင်ဘာလ နောက်ဆုံးပတ်က မြင်းမူမြို့နယ် ခွက်ခွင်းကျေးရွာအုပ်စု၌ အထွေထွေကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျက်စိအထူးကုဆရာဝန်ကြီးများ၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ၊ အရိုးအကြောအထူးကုဆရာဝန်ကြီးများ၊ အရေပြားအထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများနှင့် ကလေးအထူးကု ဆရာဝန်ကြီးများက ခွက်ခွင်းကျေးရွာအုပ်စု၊ ဆပ်ပြာကျင်းကျေးရွာအုပ်စုနှင့် ငါးကင်းကျေးရွာအုပ်စုများမှ ဒေသခံပြည်သူ ၂၀၆ ဦးကို မျက်စိ၊ သွား၊ အရိုး၊ အကြော၊ အရေပြား၊ ခွဲစိတ်၊ သားဖွားမီးယပ်ဆိုင်ရာ ရောဂါများကို စမ်းသပ်စစ်ဆေးကုသပေးကြပြီး ဆေးဝါးများလည်း ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။

**အောင်စိုးဖေ(iprd)**

## ရွှေတောင်ပရဟိတအသင်းသို့ မော်တော်ယာဉ်လှူဒါန်း

**ရွှေတောင် အောက်တိုဘာ ၅**

ရွှေတောင်မြို့နယ် ကြာနီကန်ရပ်ကွက် တည်ကုန်းရပ် ရန်ကုန်-ပြည်လမ်းနေ ဦးမောင်ငွေး-ဒေါ်တင်ငွေး (ချမ်းသာဆန်စက်) မိသားစုတို့က လှူဒါန်းသည့် ရွှေတောင်မြို့ ပရဟိတ နာရေးကူညီမှုအသင်းသို့ ပရဟိတ လုပ်ငန်းများအသုံးပြုရန် တန်ဖိုးငွေကျပ်သိန်း ၆၀ (H.S.E) 4977 ALPHARD ယာဉ်ကို လှူဒါန်းခြင်းနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနား စက်တင်ဘာလ နောက်ဆုံးပတ်က ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက် ကူကြီးရွာသာယာလမ်း ပရဟိတ နာရေးကူညီမှုအသင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်မိသားစုက ရာသက်ပန်ပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်းနှင့် (H.S.E) 4977 ALPHARD ယာဉ်ကို ရွှေတောင်မြို့ ပရဟိတ နာရေးကူညီမှုအသင်းသို့ ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်တာ၊ ဘဏ္ဍာရေးမှူး ဦးဝင်းလွင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။ **(၁၁၆)**

## စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အဆင့်မြင့်စက်ချုပ်သင်တန်း (၁/၂၀၁၄) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) စီးပွားရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အမာက အမှာစကားပြောကြားပြီး အဆင့်မြင့်စက်ချုပ်သင်တန်း (၁/၂၀၁၄) တွင် ထူးချွန်စွာတတ်မြောက်ခဲ့ကြသည့် သင်တန်းသူများကို နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်နှင့် ဗဟိုအလုပ်အမှုဆောင်များက ဆုများချီးမြှင့်ပြီး သင်တန်းနည်းပြဆရာမနှင့် သင်တန်းသူများကို နာယကက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းသူ ၂၁ ဦးကို နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းက သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ သင်တန်းကာလမှာ တစ်လခွဲကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၄၀၆)**



# ဆင်းရဲမှုလျှော့ချရေး အစိုးရနှင့် ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်

**ဟိုပုံး အောက်တိုဘာ ၅**

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP (မြန်မာ)အနေဖြင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးအစီအစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ UNDP, New Country Programme,Myanmar (2013-2015) အဖြစ် ဆောင်ရွက်လျက်ရှိရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းရှိ စီမံကိန်းကျေးရွာပေါင်း ၂၀ တွင် မိသားစုဝင်ငွေတိုးပြီး ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရေးအတွက် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းနှင့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးအောင်ကျော်ညွန့်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်တို့က အမှာစကားပြောကြားပြီး သမဝါယမဝန်ကြီးဌာန (အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန) ရက်ကန်းနှင့် သက်မွေးပညာ သင်တန်းကျောင်းကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ဝင်းကြည်က သက်မွေးပညာလုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ရှမ်းပြည်နယ်ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမြတ်သူက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းဆင်းဂုဏ်ပြုလွှာများကို ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုများချီးမြှင့်ရာ အခြေခံစက်ချုပ်သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့်နှစ်သိမ့်ဆုရရှိသည့် သင်တန်းသူများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌကလည်းကောင်း၊ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်းတွင် ပထမ၊ ဒုတိယ၊တတိယဆုရရှိသည့် သင်တန်းသားများကိုရက်ကန်းသင်တန်းကျောင်းကျောင်းအုပ်ဆရာမကြီးကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အဆိုပါသင်တန်းကိုဩဂုတ်၂၅မှအောက်တိုဘာ ၃ရက်အထိ ၄၅ ရက်ကြာ ဖွင့်လှစ်ခဲ့သည်။ **နန်းဦးခမ်း(ဟိုပုံး)**

# ခရိုင်မြေယာအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မြေလွတ်မြေရိုင်းများစီမံဆောင်ရွက်မှုအားကွင်းဆင်း

**သံတွဲ အောက်တိုဘာ ၅**

ခရိုင်မြေယာအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကံဝင်း၊ အတွင်းရေးမှူး ခရိုင်မြေစာရင်းဦးစီးမှူး ဦးမြအေးနှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက ကျိန္တလိမြို့တွင်လည်းကောင်း၊ မွန်းတည့် ၁၂နာရီက ဂွမြို့နယ် ကင်းပုံကျေးရွာ၌ လည်းကောင်း၊ မြို့နယ်မြေယာစီမံခန့်ခွဲမှုကော်မတီရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တပ်မတော်မှ စွန့်လွှတ်မြေယာများအတွက် ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃) ရရှိထားသော တောင်သူများနှင့် ပုံစံ(၁)ဖြင့် လယ်ယာလုပ်ပိုင်ခွင့်ပုံစံ(၇) လျှောက်ထားမှုများတွင် မူလပိုင်ရှင်များမှသာ ပြန်လည်ရရှိရေးအတွက် ကျေးရွာမြေယာစီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ် မြေယာစီမံခန့်ခွဲမှုကော်မတီများက မြေယာလုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီမှန်ကန်စွာ စိစစ်ဆောင်ရွက်ကြရန်နှင့် မြေလွတ်မြေရိုင်းများအား မြေလွတ် မြေရိုင်းဥပဒေနှင့်အညီ ဆောင်ရွက်လျှောက်ထားရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ဂွမြို့နယ် မြေစာရင်းဦးစီးမှူး ဦးကျော်ဝင်းက ဂွမြို့နယ်ရှိ ဦးပိုင် ၂၃၆၊ ၃၀၈ ဒသမ ၂ ဧကအတွက် ပုံစံ(၇)နှင့် ကျိန္တလိမြို့အတွင်း ရှိဦးပိုင် ၂၆၅၊ ၄၇၅ ဒသမ ၆၀ ဧက ပုံစံ(၇) ထုတ်ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်မြေယာစီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးမြအေးကမြေယာအသုံးချမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းဥပဒေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသည့် တောင်သူများ၏ မေးမြန်းချက်များကို ခရိုင်အုပ်ချုပ်ရေးမှူးဦးလှမျိုးက ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးဦးလှမျိုးနှင့် အဖွဲ့ဝင်များသည် သံတွဲမြို့နယ် ကျောက်ကြီးစံပြကျေးရွာတွင် ဂိုးဒင်းမာန်အောင်နှင့် ဒွာရာဝတီကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်လျက်ရှိသော ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာဆောက်လုပ်ရေး တာဝန်ခံဦးဝေယံနိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်တို့က ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် မြို့မရဲစခန်း၌ အောက်တိုဘာ ၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်က မြို့ပေါ်ရှိ ရပ်မိရပ်ဖများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့်တွေ့ဆုံ၍ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောစဉ်။

ဇော်မျိုးနိုင်

## လက်လုပ်လက်စားနှင့် အသေးစားငွေစုငွေချေးအသင်း ချေးငွေ

**လယ်ဝေး အောက်တိုဘာ ၅**

လယ်ဝေးမြို့နယ် သာဝတ္တိကျေးရွာအုပ်စု စက်ရုံစုကျေးရွာ လက်လုပ်လက်စားနှင့် အသေးစားငွေစုငွေချေးအသင်းအား ချေးငွေထုတ်ပေးခြင်းကို အောက်တိုဘာ ၂ ရက်က အသင်းရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် လယ်ဝေးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းက ချေးငွေပေးအပ်ရသည့်အကြောင်းအရင်းမှာ နိုင်ငံတော်မှ လက်လုပ်လက်စားများအား စီးပွားရေး လုပ်ငန်းလုပ်ကိုင်ရာတွင် အတိုးနှုန်းသက်သာစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရန် သမဝါယမဝန်ကြီးဌာနမှယခုလို ချေးငွေများပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အသင်းသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် အသင်းသား ၁၂၅ ဦးအတွက် ချေးငွေများကို မာဃလုလင်လက်လုပ်လက်စား ငွေစုငွေချေးအသင်း တာဝန်ခံဦးတင်ထွေးအား ပေးအပ်ခဲ့သည်။

ထို့အတူ သာဝတ္ထိအရှေ့အင်းသာ သမဝါယမအသေးစား လက်လုပ်လက်စား ငွေစုငွေချေးအသင်းမှအသင်းသား ၃၅၀ နှင့် ရသေ့တောင် အသေးစား လက်လုပ်လက်စားငွေစု ငွေချေးအသင်းမှ အသင်းသား ၁၂၅ ဦး တို့ကို ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ပိတောက်မြိုင်ဈေးအမှိုက်ပုံ ရပ်ကွက်ဝင်လမ်း ထွက်လမ်းပိတ်ဆို့မှုဖြစ်နေ အများပြည်သူကျန်းမာရေးနှင့်သွားလာမှု အခက်တွေ့

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ လူဦးရေထူထပ်တိုးပွားလာရာ အိမ်ထောင်စု တစ်စုအလိုက် စွန့်ပစ်သောအမှိုက်များသည် သက်ဆိုင်ရာအမှိုက်ပုံနှင့် စက်မှုဇုန်လမ်းကြားတို့၌ စုပုံလျက်ရှိသည်။

အမှတ်(၇)ရပ်ကွက် ပိတောက်မြိုင် ဈေးနံဘေးရှိ ရပ်ကွက်လမ်းထိပ်အမှိုက်ပုံမှာလည်း မိုးရွာထားမှုကြောင့် အနံ့အသက်ဆိုးရွားစွာထွက်ပေါ်နေသည့်အပြင် အမှိုက်ကန်အပြင်ဘက် မြောင်းကူးတံတားပေါ်တွင် စုပုံထားမှုကြောင့်ဈေးအင်္ဂါ၊ ရပ်ကွက်အင်္ဂါနှင့်မညီညွတ်ဘဲ အများပြည်သူတို့၏ကျန်းမာရေးနှင့်လမ်းသွားလာမှုအခက်အခဲရှိကြောင်း သိရသည်။

အဆိုပါ ဈေးအမှိုက်ပုံသည် ဈေးအတွင်းနှင့်ရပ်ကွက် အတွင်းမှနေ့စဉ်စွန့်ပစ်သော အမှိုက်များ၊ ဗိုလ်အောင်ကျော် အိမ်ရာမှ အမှိုက်များနှင့် စက်မှုဇုန်မှ စွန့်ပစ်အမှိုက်တို့ကြောင့် ရှင်းလင်းသယ်ဆောင်မှု မမျှတမှုဖြစ်ပေါ်လျက်ရှိသည်။ ယခုအခါ အမှိုက်ကန်အသစ်ထပ်မံထားရှိ ရန်နေရာ လိုအပ်နေခြင်း၊ ပြည့်လျှံနေသော အမှိုက်ကန်မှ အနံ့အသက်တို့ကို ဈေးသူ ဈေးသားနှင့်ရပ်ကွက် ပြည်သူတို့နေ့စဉ် ရင်ဆိုင်နေရခြင်း၊ အမှိုက်ကန်အနီးရှိ စာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူတို့ နေ့စဉ်ရှူရှိုက်နေရခြင်းတို့ကြောင့် ရပ်ကွက်အဝင်လမ်းမှအမှိုက်ကန်ကို သင့်လျော်သောနေရာရွှေ့ပြောင်းနိုင်ရန် ဒေသခံများ ဆန္ဒရှိကြသည်။ **မြင့်မြတ်သစ္စာ**



## ငါးဖမ်းသည့် ဘက်ထရီရှော့ခ်များ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**မြင်းခြံ အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်လွင်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးသော်ထွန်းဦးတို့ ပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၂ရက် နံနက်ပိုင်းတွင် ဧရာဝတီမြစ်ရိုးတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကမ်းပါးနီကျေးရွာအနီး သဲသောင်ပြင်ပေါ်ရှိ ကောက်ရိုးပုံအတွင်းမှ မသမာသောနည်းဖြင့် ငါးဖမ်းရာတွင်အသုံးပြုသည့် ဘက်ထရီရှော့ခ်တိုက် ဝေါ်တံဝါး ၁၃ ချောင်းနှင့် GS တံဆိပ်နှင့် GF တံဆိပ်ပါ 70 ဘက်ထရီအိုး ၁၅ လုံးတို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ရန်ကုန်မြို့၌ တရားဝင်ခွင့်ပြုမှုမရှိဘဲဆောက်လုပ်ထားသည့် လူနေအဆောက်အအုံ ၁၉၁၁ လုံးရှိနေ

**ရန်ကုန် အောက်တိုဘာ ၅**

စီးပွားရေးမြို့တော် ရန်ကုန်ကို နိုင်ငံတကာ အဆင့်မီမြို့တစ်မြို့ဖြစ်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိရာ နေအိမ်အဆောက်အအုံများကို စည်းကမ်းစနစ်တကျ တည်ဆောက်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်နေသော်လည်းစည်ပင်သာယာရေးနယ်နိမိတ်အတွင်း တရားဝင်ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသဖြင့် တရားစွဲဆိုခံထားရသည့် လူနေအဆောက်အအုံ ၁၉၁၁ လုံးရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပြီး မဆောင်ရွက်ကြဘူး၊ ခွင့်ပြုမိန့်နဲ့ တရားဝင် ဆောက်လုပ်တာလည်း မလုပ်ဘူး၊ စံချိန်စံညွှန်းမမီတဲ့ အဆောက်အအုံတွေကြောင့် နေထိုင်သူတွေ ဘေးအန္တရာယ်များပါတယ်။ ဒါကြောင့် အခုလိုဆောင်ရွက်ရတာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တရားမဝင်ဆောက်လုပ်ထားသော လူနေအဆောက်အအုံများ အနက် ရန်ကုန်မြောက်ပိုင်းခရိုင်တွင် ၈၄၇ လုံး၊ အနောက်ပိုင်းခရိုင်တွင် ၆၄ လုံး၊ အရှေ့ပိုင်းခရိုင်တွင် ၈၄၂ လုံးနှင့် တောင်ပိုင်းခရိုင်တွင် ၁၅၈ လုံးရှိနေသည်။

ယင်းလူနေအဆောက်အအုံများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှခွင့်ပြုထားသည့် ဒီဇိုင်းပုံစံနှင့် ကွဲလွဲနေသည့်အဆောက်အအုံများ၊ ခွင့်ပြုထားသည့်အထပ်အရေအတွက်ထက် ပိုမိုဆောက်လုပ်ထားသည့် အဆောက်အအုံများ၊ လျှပ်စစ်ဌာနမှ တာဝန်ယူမှုမရှိဘဲ ဆောက်လုပ်ထားခြင်း၊ မြေအမျိုးအစား မမှန်ကန်ခြင်းတို့ကြောင့် စည်ပင်မှ တရားစွဲဆိုခံထားရသည့် အဆောက်အအုံများ ဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၄ ခုနှစ် ဩဂုတ် ၆ ရက်က ထုတ်ပြန်ခဲ့သည့်အဆောက်အအုံဆိုင်ရာ နည်းဥပဒေအခန်း (၂) ၉(ခ)တွင် ကော်မတီကခွင့်ပြုသည့် အဆောက်အအုံပုံစံနှင့်အညီဆောက်လုပ်ရမည်။ ၉(ဂ)တွင် ကော်မတီက ခွင့်ပြုထားသော အဆောက်အအုံပုံစံနှင့်ကွဲလွဲခြားနားသည့် အဆောက်အအုံဆောက်လုပ်ရန် အကြောင်းပေါ်ပေါက်ပါက ကွဲလွဲခြားနားသည့် ပုံစံအတိုင်းဆောက်လုပ်ခွင့်ရရှိနိုင်ရေးအတွက် ပြင်ဆင်ဆောက်လုပ်လိုသောအဆောက် အအုံပုံစံနှင့်အတူ ကော်မတီသို့ ထပ်မံလျှောက်ထားရမည်ဟု ဖော်ပြထားသည်။

ရန်ကုန်မြို့ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းတည်ဆောက်ထားသည့် ယခုတရားစွဲဆိုခံထားရသည့် အဆောက်အအုံများမှာ အဆောက်အအုံဆိုင်ရာ နည်းဥပဒေ ၂၂(ဂ)အရ ကော်မတီက စိစစ်ခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့် ကွဲလွဲခြားနားသည်သာမက အဆောက်အအုံ ဆောက်လုပ်ခြင်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ် ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ယင်းအဆောက်အအုံကိုခွင့်ပြုပုံစံနှင့်အညီ သတ်မှတ်ကာလအတွင်း ပြန်လည်ပြုပြင်ဆောက်လုပ်ရန် သို့မဟုတ် လိုအပ်ပါက ပုံစံကွဲလွဲဆောက်လုပ်မှုများအား ဖြိုဖျက်ရန်ညွှန်ကြားခြင်းခံထားရသည့် အဆောက်အအုံများဖြစ်သည်။

ရန်ကုန်မြို့ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေအိမ်အဆောက်အအုံများကို အထပ်မြင့်တိုက်တာများအဖြစ် ပြောင်းလဲတည်ဆောက်မှုသည် ကောင်းမွန်သော်လည်း သတ်မှတ်ထားသည့် စည်းကမ်းဥပဒေများကို လိုက်နာဆောက်ရွက်ခြင်းဖြင့်သာ နည်းလမ်းမှန်ကန်စွာတည်ဆောက်ပြရန် လိုအပ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဝေယံဦး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# စက်ရေတွင်းတူးဖော်ကာ ကိုင်းသီးနှံစိုက်ပျိုးရေး စိတ်ဝင်စားလာ

**မိတ္ထီလာ အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လျှော်ဖြူကန်ကျေးရွာ ဒေသခံတောင်သူများသည် စက်ရေတွင်းတူးဖော်ကာ မြေအောက်ရေဖြင့် ပဲတီစိမ်း၊ ကြက်သွန်၊ ရုံးပတီ၊ ဆောင်းမြေပဲစသည့် ကိုင်းသီးနှံများကို စိုက်ပျိုးလုပ်ကိုင်ရန် စိတ်ဝင်စားလာကြောင်း သိရသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနတို့ပူးပေါင်းပြီး ကျေးလက်ဒေသနေ တောင်သူများစက်ရေတွင်းတူးပြီး မြေအောက်ရေဖြင့် သီးနှံစိုက်ပျိုးနိုင်ရန်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာအတော်များများ၌ စက်ရေတွင်းများတူးဖော်ပြီး သီးနှံစိုက်ပျိုးသည့် လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။



"ဦးတို့ လျှော်ဖြူကန်ကျေးရွာအတွက်တော့ ပြီးခဲ့တဲ့ နှစ်တုန်းက စက်ရေတွင်းနှစ်တွင်း တူးဖော်ပေးခဲ့ပါတယ်။ ဦးက တစ်တွင်းရတယ်။ လေးလက်မ စက်ရေတွင်း ပေ ၁၅၀ တူးဖော်ဖို့ စီစဉ်ပေးမယ့်ရေအလိုက်နည်းလို့ ပေ ၁၉၀ အထိ တူးလိုက်ရတယ်။ အခု ရေထွက်ပြီဆိုတော့ ဝမ်းသာပါတယ်။ ရေထွက်ပြီမို့ ယာမြေကိုလှန်ပြီး ငွေပေါ်မြန်တဲ့ ရုံးပတီစိုက်ဖို့ စီစဉ်ထားတယ်။ ဒီတစ်ကြိမ် စက်ရေတွင်းတူးဖော်ပေးမယ့်အစီအစဉ်ကို သက်ဆိုင်ရာတင်ပြတဲ့နေရာမှာ ဦးတို့ကျေးရွာအဖို့ ၃၁တွင်း တူးဖော်ပေးဖို့ တင်ပြထားတယ်"ဟု တောင်သူ ဦးတင့်လှိုင်က ပြောသည်။

မိုးရွာသွန်းမှု နည်းပါးသည့် မိတ္ထီလာဒေသသည် မိတ္ထီလာကန်ရေဖြင့် နွေစပါး၊ မိုးစပါး စိုက်ပျိုးခြင်းကို လုပ်ကိုင်ကြသော်လည်း မိုးရွာသွန်းမှုနှင့် ကန်ရေမှရရှိသည့် စိုက်ပျိုးရေသည် အခြားရာသီအလိုက်သီးနှံများအတွက် လုံလောက်စွာမရှိနိုင်၍ စက်ရေတွင်းတူးဖော်ပြီး မြေအောက်ရေဖြင့် သီးနှံများစိုက်ပျိုးရန် ဒေသခံတောင်သူများ စိတ်ဝင်စားလာခြင်းဖြစ်သည်။

မိတ္ထီလာတွင် လျှော်ဖြူကန်ကျေးရွာအပြင် ရှမ်းတဲ၊ မင်းရွာ၊ ဆပ်ခင်းပေါက်၊ ကဖြူ၊ မင်းတဲကုန်း၊ တဲကြီးကုန်းစသည့် ကျေးရွာများတွင် စက်ရေတွင်းများတူးဖော်ကာ စပါး၊ ကြက်သွန်၊ ငရုတ်၊ ဝါ၊ ပဲအမျိုးမျိုးနှင့် အခြားသီးနှံများကို ဆယ့်နှစ်ရာသီ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ချမ်းသာ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၁၀-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၇၃၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၀၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၇၃၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၉၅ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၈၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၈၀၀-၄၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၃၂၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၆၇၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၃၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၈၀၀-၆၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၈၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၉၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၉၅-၉၉၈ |
| ဥရောပ | တစ်ယူရို | ၁၃၃၅-၁၃၄၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀.၂-၃၂.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇-၃၁၂ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

# ပဲဝက်စေ့စိုက်ပျိုးသူများ ဈေးကောင်းရရှိ၍ အဆင်ပြေ



**ပြင်ဦးလွင် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ရာသီဥတုကောင်းမွန်မျှတမှုကြောင့် တောင်သူများသီးနှံများ ဖြစ်ထွန်းအောင်မြင်ပြီး ပြန်လည်ရောင်းချရာ ဈေးကောင်းများရ၍ ဝင်ငွေကောင်းနေကြောင်း သိရသည်။

ပြင်ဦးလွင် မြို့နယ်တွင် တိုင်ထောင်စားသီးနှံတစ်မျိုးဖြစ်သည့် ပဲဝက်စေ့ပင်များကို တောင်သူများ စီးပွားဖြစ် စိုက်ပျိုးကြသည်။ နောင်ခမ်းကြီးကျေးရွာ ပဲဝက်စေ့ဖြန့်ချိရောင်းချပေးသူ တောင်သူတစ်ဦးက ပဲဝက်စေ့စိုက်ပျိုးရာတွင်ရေဝပ်ဧရိယာ၌ စိုက်ပျိုးရန်မသင့်သဖြင့် တောင်ယာများ၌ ရှစ်လပိုင်းမှ စတင်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး နှစ်ပတ်အကြာ၌ ပေါင်းသင် တိုင်ထောင်ပေးရကြောင်း၊ တစ်လအကြာတွင် မြေဩဇာထည့်၊ မြေပုံပေးကြောင်းပြောကြားသည်။

ဆယ်လပိုင်းကုန်တွင် အသီးများစတင်ဆွတ်ခူးပြီး ပဲဝက်စေ့အသီးများကို ပွဲရုံများသို့ သွားရောက်ပေးသွင်းရာ တစ်ပိဿာငွေကျပ် တစ်ထောင်မှ နှစ်ထောင်အထိရကြောင်း၊ ဝယ်ယူစားသုံးသူများအနေဖြင့် ပဲဝက်စေ့အသီးအတွင်းမှ ထွက်ရှိသောအစေ့ကို ဟင်းရည်ချက်သောက်ခြင်း၊ အသားငါးများနှင့် ရောချက်စားခြင်းများပြုလုပ်ကြကြောင်း သိရသည်။

စီးပွားဖြစ် ပဲဝက်စေ့စိုက်ပျိုးရာတွင် မျိုးစေ့တစ်ပြည် ငွေကျပ်တစ်သောင်း နှစ်ထောင်ပေးဝယ်ကာ တစ်ဧကလျှင် လေးပြည်နှုန်းစိုက်ပျိုးကြပြီး အသီးသီးပြီး ဆွတ်ခူးရာတွင် ပိဿာချိန် သုံးရာမှငါးရာကြားအထိ ရရှိကြောင်း၊ ပဲဝက်စေ့အား တစ်ပတ်တစ်ကြိမ် ဆွတ်ခူးရောင်းချသဖြင့် စိုက်ပျိုးသူတောင်သူများ အရှုံးမရှိ ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။ (၀၃၂)

"ရှုထောင့်"သတင်းမီဒီယာ၏
နှစ်ပတ်လည်ဆုပေးပွဲနှင့်မိတ်ဆုံစားပွဲ
၂၆-၁၁-၂၀၁၄ ရက်နေ့တွင်ကျင်းပမည်

## အသိပေးကြေညာချက်

၁။ မန္တလေးတိုင်းဒေသကြီးအတွင်း ခုတ်မောင်းပြေးဆွဲလျက်ရှိသော ရေယာဉ်အမျိုးအစားအားလုံးအား မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့နှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနပူးပေါင်းအဖွဲ့မှ ၂၀၁၄ခုနှစ် အောက်တိုဘာ ၁၅ရက်မှစ၍ အောက်ဖော်ပြပါအချက်များအား စစ်ဆေးသွားမည်ဖြစ်ပါသည်-

(၁) ရေယာဉ်လိုင်စင်မရှိဘဲ ခုတ်မောင်းသွားလာခြင်း။
(၂) ရေယာဉ်လိုင်စင် သက်တမ်းလွန်/ပြတ်နေခြင်း။
(၃) ရေယာဉ်အုပ်လက်မှတ်မရှိဘဲ မောင်းနှင်ခြင်း။
(၄) ရေယာဉ်အမည်၊ လိုင်စင်နံပါတ် ထင်ရှားစွာရေးသားထားမှုမရှိခြင်း။
(၅) ရေယာဉ်ပေါ်တွင် ပါရှိရမည့်ပစ္စည်းများ မပါရှိခြင်း/မပြည့်စုံခြင်း။
(၆) ရေယာဉ်အမိုးပေါ်တွင် ခရီးသည်/ကုန်ပစ္စည်းများတင်ဆောင်ခြင်း။
(၇) သတ်မှတ်ခရီးသည်နှင့် ကုန်ပစ္စည်းများထက် ပိုမိုတင်ဆောင်ခြင်း။
(၈) လိုင်စင်အား မြင်သာသည့်နေရာတွင် ချိတ်ဆွဲထားမှုမရှိခြင်း။
(၉) ရေယာဉ်အား မဆင်မခြင်မောင်းနှင်ခြင်း။
(၁၀) Load Line (ဝန်တင်မျဉ်း/ရေလွတ်မျဉ်း) ရေးဆွဲထားမှုမရှိခြင်း။
(၁၁) မည်သည့်အသင်းမှဝင်ရောက်ခြင်းမရှိဘဲ ပြေးဆွဲခြင်း။
(၁၂) ခရီးသည်တင်ဆောင်ခွင့်လိုင်စင်မရှိဘဲ ခရီးသည်တင်ဆောင်၍ ပြေးဆွဲခြင်း။

၂။ အထက်ဖော်ပြပါအချက်များအား စစ်ဆေးရာတွင် ၂၀၁၄ခုနှစ် အောက်တိုဘာ ၁၅ရက်မှ အောက်တိုဘာ ၃၁ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁ရက်မှစတင်၍ အထက်ပါစည်းကမ်းချက်များအား ဖောက်ဖျက်ကျူးလွန်ပါက မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ၊နည်းဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ၊ (အထက်မြန်မာပြည်)၊**
**မန္တလေးမြို့**



## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉(သမိုင်း)၊ မြေကွက်အမှတ် $\frac{17/C^4}{A\text{-}2}$ ၊ မြေကွက်ပေါ်ရှိ ပြည်လမ်း၊ အမှတ် ၂၈တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ(ယာအုံ) စာအမှတ်-၅၂၀/၆၈၃ စည်ပင်(ယာအုံ)၏ခွင့်ပြုမိန့်ဖြင့် Basement+၈½ထပ် ဆောက်လုပ်ခွင့် ရရှိထားသော အဆောက်အအုံ၏ငါးထပ်(ခြောက်လွှာ)၊ 6(A+B)Hall Type ၂၂½ပေ×၇၅ပေ တိုက်ခန်း နှစ်ခန်း စုစုပေါင်း ပေ(၄၅×၇၅)အကျယ်အဝန်းရှိသော စည်တော်ကြီးကွန်ဒိုမှ ကွန်ဒို တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးကို ကိုယ်တိုင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်တန်ဖိုး၏တစ်စိတ်တစ်ဒေသ ချန်လှပ်ပေးချေ၍ (နှစ်ဦးသဘောတူကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်)ဖြင့် ချုပ်ဆို ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်အရေးဆိုရန် လိုလားသူမည်သူမဆို တရားဝင်ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ရင် B.A, LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၂)**
**အမှတ် ၁၀/၁၂၊ ပထမထပ်၊ အခန်း ၁၀၃(A/B)၊**
**၃၅ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၈၆၁၁၂၉၀**

စာအုပ်
စာပေ
လူ့မိတ်ဆွေ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင် မီးပုံးပျံများဆန်းသစ်တီထွင်လာ

**တောင်ကြီး အောက်တိုဘာ ၅**

တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပွဲတော်သည် မြန်မာနိုင်ငံ၏ ရိုးရာ ယဉ်ကျေးမှုအများအပြားထဲမှ ထူးခြားလှပသော ပွဲတစ်ပွဲဖြစ်ပြီး မြန်မာပြည်တွင်သာမက နိုင်ငံတကာတွင်ပင် ထင်ရှားလှသည်။ ယခုကဲ့သို့ ရိုးရာယဉ်ကျေးမှုကို လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်လာသည်အထိ တန်ဖိုးမဖြတ်နိုင်သည့် အစဉ်အလာတစ်ခုဖြစ်သည်။



တောင်ကြီးမြို့၏ အလှအပနှင့် မီးပုံးပျံပွဲတော်သည် နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားပြီး ပါးစပ်ဖျားတွင် ရေပန်းအစားဆုံး ပွဲတော်တစ်ခုပင်ဖြစ်သည်။ အောက်တိုဘာ ၃၀ ရက်တွင် ကွင်းဖွင့်ပွဲပြုလုပ်ပြီး ပြိုင်ပွဲများစတင်ကျင်းပမည်ဟု သိရသည်။

ယခုနှစ်တောင်ကြီး မီးပုံးပျံပွဲတော်တွင်ထူးခြားချက်အဖြစ် တောင်ကြီးမြို့၏ မီးပုံးပျံပညာရှင်များဖြစ်ကြသော အဘဦးတုံး၊ အဘဦးဆောင်၊ အဘ ဦးဖိုးရီတို့၏ ပုံတူပန်းချီကားများကို ဖော်ကျူးထားသည့် ရောင်စုံမီးပုံးများပါဝင်မည်ဟု သိရသည်။

ဤသို့လုပ်ဆောင်ခြင်းသည် မီးပုံးပျံပညာရှင်ဆရာကြီးများကိုအောက်မေ့တသခြင်း၊ ဂုဏ်ပြုလိုခြင်းစသည့် အချက်များကြောင့်ထည့်သွင်း ဖော်ပြခြင်းဖြစ်ကြောင်း သိရသည်။

**မိုင်း(ပြင်ဦးလွင်)**

# သောင်ထွန်းမြေများ ဥပဒေနှင့်အညီခွဲဝေနိုင်ရေး ရှင်းလင်း



**သထုံ အောက်တိုဘာ ၅**

မွန်ပြည်နယ် သထုံမြို့နယ် မရမ်းကုန်းကျေးရွာ ကျွန်းတစ်လုံးကွင်းအတွင်း ကျွဲကျောင်းတောင်အနီးရှိ သောင်ထွန်းမြေများကို ကျေးရွာဒေသခံများသို့ ဥပဒေနှင့်အညီ ခွဲဝေချထားပေးနိုင်ရေးအတွက် မြို့နယ်မြေအသုံးချရေးစီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူတို့က အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျေးရွာ ရွှေမာလာစေတီတော်ဝင်းအတွင်းရှိ သီရိဝဓ္ဍနာ ဓမ္မာရုံ၌ ဒေသခံတောင်သူများကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"ကိုယ်ကျိုးရှာ အသုံးချလိုသူတွေရဲ့ စကားကိုယုံကြည်ပြီး ကျေးရွာက တောင်သူတွေ နစ်နာမှာစိုးလို့ ခုလိုလာရှင်းပြတာပါ။ ဒီကျေးရွာက လယ်ယာမြေမှန်သမျှ ဥပဒေ၊ နည်းဥပဒေအတိုင်း လယ်လုပ်ချင်တဲ့ တောင်သူတွေသာ ရရှိခံစားရမှာပါ"ဟု မြို့နယ် မြေအသုံးချရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ဌေးလှိုင်နှင့် တာဝန်ရှိသူများက သောင်ထွန်းမြေနှင့် သက်ဆိုင်သည့် လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေဆိုင်ရာအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြရာ ဒေသခံတောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြပြီး သောင်ထွန်းမြေစနစ်တကျ တိုင်းတာနိုင်ရန်အတွက် ကျေးရွာကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများပါဝင်သော မြေနေ့ကျွန်း တိုင်းတာရေးနှင့် ကွင်းဆင်းစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ဆေးသုတ်လုပ်သားနှစ်ဦး ဓာတ်လိုက်၍ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**ရန်ကုန် အောက်တိုဘာ ၅**

သယ်္ာန်းကျွန်းမြို့နယ် သုဝဏ္ဏနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အမျိုးသားနှစ်ဦး ဓာတ်လိုက်ခံရသဖြင့် သယ်္ာန်းကျွန်း စံပြဆေးရုံသို့ ရောက်ရှိနေကြောင်း သတင်းအရ အောက်တိုဘာ ၂ရက် ည ၉ နာရီက သွားရောက်စစ်ဆေးရာ သယ်္ာန်းကျွန်းမြို့နယ်နေ ကိုသန့်ဇင် (၂၄ နှစ်)မှာ သေဆုံးသွားပြီး ဧရာဝတီတိုင်းဒေသကြီးနေ ကိုဖြိုးဝေလင်း(၂၁နှစ်)မှာ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်အား စုံစမ်းရာ ၎င်းတို့နှစ်ဦးသည် ယင်းနေ့ညနေ ၅ နာရီခွဲခန့်က သုဝဏ္ဏ(၄)ရပ်ကွက် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ဝင်းအတွင်းရှိ ဆောက်လက်စ အဆောက်အအုံအောက်ထပ်၌ ဆေးသုတ်နေစဉ် အလျားရှစ်ပေ၊ အနံ သုံးပေ၊ အမြင့်ခြောက်ပေခန့်ရှိ သံငြမ်းအားနေရာရွှေ့ရာမှ လျှပ်စစ်မီးကြိုးပေါ်သို့ချမိသဖြင့် နှစ်ဦးစလုံးဓာတ်လိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့ဓာတ်လိုက်ခံနေရသည်ကိုသိ၍ ပတ်ဝန်းကျင်မှ လူများက လျှပ်စစ်မိန်းခလုတ်ချပေးခဲ့သဖြင့် ကိုသန့်ဇင်မှာလဲကျ၍ ဒဏ်ရာရရှိခဲ့ပြီး ကိုဖြိုးဝေလင်းမှာ ခေါင်းမူးသည့် ဝေဒနာခံစားရ၍ သယ်္ာန်းကျွန်းစံပြဆေးရုံသို့ သယ်ဆောင်ကုသခဲ့ကြောင်း၊ ညနေ ၆နာရီ ၁၅မိနစ်တွင် ကိုသန့်ဇင်မှာသေဆုံးသွားခဲ့ပြီး ကိုဖြိုးဝေလင်းမှာ အတွင်းလူနာ (မစိုးရိမ်ရ) အဖြစ် ဆေးကုသခံလျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

# မဲတော အထက(ခွဲ)သို့ ကွန်ပျူတာတစ်စုံလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မဲတော အခြေခံပညာအထက်တန်းကျောင်း (ခွဲ)သို့ ငွေကျပ်ငါးသိန်းခွဲတန်ဖိုးရှိ သင်ကြားရေး အထောက်အကူပြု ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းတစ်စုံကို မဲတောကျေးရွာအုပ်စု ချောင်းညီကိုလုပ်ငန်းရှင်များက စက်တင်ဘာ ၂၄ ရက် မွန်းတည့် ၁၂ နာရီက ကျောင်းဧည့်ခန်းမ၌ လာရောက်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှဝင်းက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**(သတင်းစဉ်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**









နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

# မန်ယူသံတမန် ပတ်ဂျီဆန်

မိုးမြင့်လင်းလက်

မန်ချက်စတာ အောက်တိုဘာ ၅

တောင်ကိုရီးယားနိုင်ငံသား အသက် ၃၃ နှစ်အရွယ်ရှိတဲ့ မန်ယူကစားသမားဟောင်း ပတ်ဂျီဆန်ကို မန်ယူအသင်းရဲ့ သံတမန်အဖြစ် အောက်တိုဘာ ၂ ရက်က ခန့်အပ်လိုက်တဲ့သတင်းဟာ အာရှသားတွေအတွက် ဂုဏ်ယူစရာသတင်းဖြစ်ခဲ့ပါတယ်။

တကယ်တော့ မန်ယူကွင်းလယ်ကစားသမားဟောင်း ပတ်ဂျီဆန်ဟာ မန်ယူအသင်းမှ ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကစားခဲ့တာဖြစ်ပြီး သူ့ရဲ့ ရိုးသားမှုနဲ့ ကြိုးစားမှုအပြင် အသင်းအပေါ် ထားရှိတဲ့ စိတ်ဓာတ်ကောင်းမွန်မှုတို့ကြောင့်ဖြစ်ပါတယ်။

ဒ့ါအပြင် မန်ယူကစားသမားအဖြစ် တာဝန်ယူကစားနေတဲ့ ကာလတစ်လျှောက်မှာ မန်ယူအသင်းကို အာရှပရိသတ်တွေ နှစ်ဆတိုးမြှင့်အားပေးမှုရှိခဲ့တယ်လို့ မန်ယူရဲ့ စစ်တမ်းမှာဖော်ပြခဲ့ပါတယ်။ ပတ်ဂျီဆန်ဟာ မန်ယူမှာ အာရှကိုယ်စားပြု ကစားသမားအဖြစ် ဂုဏ်ဆောင်နိုင်ခဲ့သူလည်း ဖြစ်ခဲ့ပါတယ်။

အခုဆိုရင် မန်ယူရဲ့ ဂန္ထဝင်ပုဂ္ဂိုလ်တွေဖြစ်တဲ့ ဆာဘော်ဘီချာလ်တန်၊ ဆာအဲလက်စ်ဖာဂူဆန်တို့လို ပုဂ္ဂိုလ်တွေနဲ့အတူ မန်ယူရဲ့ တိုးတက်ရာတိုးတက်ကြောင်းတွေကို ပါဝင်ပူးတွဲလုပ်ကိုင်ခွင့်ရရှိမှာဖြစ်ပြီး မန်ယူနဲ့ပတ်သက်တဲ့ ခရီးစဉ်တွေလည်း ထွက်ရမှာဖြစ်ပါတယ်။

ပတ်ဂျီဆန်ကို မန်ယူရဲ့သံတမန်အဖြစ် ခန့်အပ်လိုက်တဲ့အတွက် တောင်ကိုရီးယားဘောလုံးအဖွဲ့ချုပ်ကလည်း ဂုဏ်ပြုကြိုဆိုလိုက်ပြီး ပတ်ဂျီဆန်ရဲ့ ဘောလုံးသမားဘဝမှတ်တမ်းကို ချီးကျူးလိုက်ပါတယ်။

ပတ်ဂျီဆန်ဟာ မန်ယူအသင်းနဲ့အတူ ခုနစ်နှစ်ကြာ ကစားခဲ့တဲ့အချိန်မှာ ပရီမီယာလိဂ်ဖလား လေးကြိမ်ဆွတ်ခူးခဲ့ပြီး ချန်ပီယံလိဂ်ဖလားတစ်ကြိမ် ဆွတ်ခူးခဲ့တဲ့အပြင် ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံ တစ်ကြိမ်နဲ့ လိဂ်ဖလားသုံးကြိမ်ရယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။

အခုဆိုရင် ပတ်ဂျီဆန်ဟာ အောက်တိုဘာ ၅ ရက်က မန်ယူနဲ့အဲဗာတန်ကစားခဲ့တဲ့ပွဲကို ဆာဘော်ဘီချာလ်တန်၊ ဖာဂူဆန်တို့နဲ့အတူ ကြည့်ရှုအားပေးခဲ့ပြီး မန်ယူအပေါ် ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ စိတ်ဝင်စားမှု၊ အားပေးမှုပိုမိုတိုးပွားလာအောင် ကြိုးစားပေးမှာဖြစ်ပါတယ်။

ပတ်ဂျီဆန်ဟာ မန်ယူအသင်းမှနေပြီး ကျူပီအာအသင်းကို ပြောင်းရွှေ့ကစားခဲ့ပါတယ်။ ၂၀၁၄



ခုနှစ် မေ ၁၄ ရက်မှာ ကစားခြင်းမှ အနားယူခဲ့ပြီလို့ မန်ယူသံတမန်အဖြစ် တာဝန်ယူဆောင်ရွက်ရာမှာ အင်အားပြည့်ဆောင်ရွက်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။

ပတ်ဂျီဆန်ဟာ ဥရောပချန်ပီယံလိဂ်ဖိုင်နယ်ပွဲမှာ ကစားခွင့်ရခဲ့တဲ့ ပထမဆုံး အာရှဘောလုံးသမားတစ်ဦးဖြစ်ပြီး ချန်ပီယံလိဂ်ဖလားကို ပထမ ဆုံးရယူနိုင်ခဲ့တဲ့ အာရှဘောလုံးသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် ဖီဖာကမ္ဘာ့ကလပ်ဖလားကိုရယူပေးနိုင်ခဲ့တဲ့ ပထမဆုံးအာရှကိုယ်စားပြု ဘောလုံးသမားလည်းဖြစ်သလို ပတ်ဂျီဆန်ဟာ ဒီနှစ်ပြီးခဲ့တဲ့ ဇူလိုင်လက တောင်ကိုရီးယားနိုင်ငံသူ ကင်မင်ဂျီနဲ့ လက်ထပ်ခဲ့ပြီး ဖြစ်ပါတယ်။

## ဥပရောပပြည်တွင်းလိဂ် ဂိုးရလဒ်များ

သီဟ

### အောက်တိုဘာ ၄/၅

### ပြင်သစ်လီဂူး ပွဲစဉ်(၉)

| | | | | |
|---|---|---|---|---|
| ကိန်း | ၁ | - | ၂ | မာဆေး |
| ဘက်စ်တီယာ | ၀ | - | ၂ | လော်ရီယန့် |
| အီဗီယန် | ၃ | - | ၀ | မတ်ဇ် |
| နိုက်စ် | ၁ | - | ၁ | မောင့်ပယ်လီယာ |
| ရန်းနက်စ် | ၂ | - | ၀ | လန်းစ် |

### ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၇)

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၄ | - | ၀ | ဟန်နိုဗာ |
| ဒေ့ါမွန် | ၀ | - | ၁ | ဟမ်းဘတ် |
| လေဗာကူဆင် | ၂ | - | ၂ | ပါဒါဘွန်း |
| ဟော်ဖန်ဟိန်း | ၂ | - | ၁ | ရှော့လ်ကေး |
| ဝါဒါဘရီမင် | ၁ | - | ၁ | ဖရိုင်းဘတ် |
| ဖရန့်ဖတ် | ၃ | - | ၂ | ကိုလုံး |

### အီတလီစီးရီးအေ ပွဲစဉ်(၆)

| | | | | |
|---|---|---|---|---|
| ဗီရိုနာ | ၁ | - | ၀ | ကတ်ကလီယာရီ |
| အေစီမီလန် | ၂ | - | ၀ | ချီယေဗို |

### ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၇)

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၃ | - | ၁ | အက်သလက်တီကို |
| ဗက်လက်ကာနို | ၀ | - | ၂ | ဘာစီလိုနာ |
| အီဘာ | ၃ | - | ၃ | လီဗန်တေး |
| အက်လ်မာရီးယား | ၂ | - | ၂ | အယ်လ်ချီ |
| မာလာဂါ | ၂ | - | ၁ | ဂရန်နာဒါ |

## မက်ဆီနှင့် နေမာ ၇၈ စက္ကန့်အတွင်း နှစ်ဂိုးသွင်းယူ

ကောင်းမြတ်သူ

စုစည်းသည်

စပိန်လာလီဂါပွဲအဖြစ် ယမန်နေ့ ညပိုင်းက ဗယ်လီကာနိုနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာစီလိုနာက မက်ဆီနှင့်နေမာတို့၏ သွင်းဂိုးများဖြင့် အနိုင်ရပြီး ဇယားထိပ်ပြန်ရောက်လာသည်။ ဘာစီလိုနာအတွက် ဂိုးများကို မက်ဆီက ပွဲချိန် ၃၅ မိနစ်နှင့် နေမာက ၃၆ မိနစ်တွင် သွင်းယူခဲ့သည်။

မက်ဆီနှင့်နေမာတို့သည် ၇၈ စက္ကန့်အတွင်း အနိုင်ဂိုးများသွင်းယူပေးခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် ဗယ်လီကာနိုအသင်းမှ နှစ်ဦးထွက်ခဲ့ရသည်။ ဘာစီလိုနာက ယင်းပြိုင်ပွဲအပြီး ဒုတိယနေရာမှ ဗလင်စီယာကို နှစ်မှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။



## ဝါရင်တန် ဖယ်သာဝိတ်တန်း ခါးပတ်ရယူ

ဂျို့စ်ဝါရင်တန်က လိဒ်မြို့တွင် ယှဉ်ပြိုင်ကစားသည့် ဥရောပဖယ်သာဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲတွင် အီတလီမှ ဒါဗိုက်ဒီလီကို စတုတ္ထအချီတွင် အလဲထိုးပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။ဝါရင်တန်သည် ဗြိတိသျှမနေသဟာယခါးပတ်ကိုပါ ဆွတ်ခူးထားသည်။

၎င်းသည် ကြေးစားလက်ဝှေ့ပွဲ ၁၉ ပွဲကို ရှုံးပွဲမရှိ အနိုင်ရရှိထားပြီး လွန်ခဲ့သော ၁၂လ အတွင်း ချန်ပီယံခါးပတ်သုံးခု ရယူထားသည်။

## ရှာရာပိုဗာ ဗိုလ်လုပွဲတက်

ကမ္ဘာ့နံပါတ် (၄)အဆင့်ရှိ မာရီယာရှာရာပိုဗာသည် ပေကျင်းမြို့တွင် ကျင်းပနေသော ချိုင်းနားအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အီဗန်နိုဗစ်ကို ၆-၀၊ ၆-၄ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ၂၀၁၂ ခုနှစ်က ဖလားနှင့် လွဲချော်ခဲ့ရသော ရှာရာပိုဗာသည် အဆိုပါပွဲစဉ်တစ်လျှောက် ပြိုင်ဘက် အီဗန်နိုဗစ်ကို ဦးဆောင်ကစားခဲ့သည်။



# ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကိုရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်း

**၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကိုရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်း**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၆ ခုနှစ်၊ လ ရက်**

**(၂၀၁၄ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မီးသတ်တပ်ဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ မီးသတ်ဦးစီးဌာန၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့တို့ဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကိုဆိုသည်။

(ခ) **အရန်မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ မီးသတ်ဦးစီးဌာနက လေ့ကျင့်သင်ကြားပြီး ဖွဲ့စည်းတည်ထောင်သည့် စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ကိုဆိုသည်။

(ဂ) **သီးသန့်မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်ထားသည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဃ) **မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာ** ဆိုသည်မှာ မီးဘေးလုံခြုံရေးအတွက် အသုံးပြုသည့် မီးလှန့်အချက်ပေးပစ္စည်းကိရိယာ၊ မီးလောင်မှုဆိုင်ရာ အာရုံခံပစ္စည်းကိရိယာ၊ အရေးပေါ်လွတ်မြောက်မှုအတွက် အသုံးပြုသော ပစ္စည်းကိရိယာ၊ မီးငြိမ်းသတ်ရာ၌ အသုံးပြုသည့် မီးသတ်ဆေးဘူး၊ မီးသတ်စက်၊ ရေစုပ်စက်၊ ယာဉ်အမျိုးမျိုး၊ ဆက်သွယ်ရေးကိရိယာ သို့မဟုတ် မီးငြိမ်းသတ်ရန် အသုံးပြုနိုင်သော ပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။ ထို့အပြင် မီးသတ်တပ်ဖွဲ့မှ အသုံးပြုနေသည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(င) **မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့်ပစ္စည်း** ဆိုသည်မှာ မီးလောင်လွယ်သောပစ္စည်းများ၊ မီးသွေး၊ ကျောက်မီးသွေး၊ ဓာတ်ငွေ့၊ ဓာတ်ငွေ့ရည်၊ ချွတ်ယွင်းပျက်စီးနေသော သို့မဟုတ် လျှပ်စစ်စီးဝင်နေသော လျှပ်စစ်ပစ္စည်းကိရိယာ၊ အရက်ပြန်၊ အရက်ဆီ၊ အက်စစ်၊ ဝါဂွမ်းနှင့် ဝါဂွမ်းအခြေခံပစ္စည်း၊ သစ်နှင့်သစ်အခြေခံပစ္စည်း၊ စက္ကူနှင့် စက္ကူအခြေခံပစ္စည်း၊ ရော်ဘာနှင့် ရော်ဘာအခြေခံပစ္စည်း၊ ပလတ်စတစ်နှင့် ပလတ်စတစ်အခြေခံပစ္စည်း၊ ရေနံနှင့် ရေနံထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ အပူကိုဖြစ်ပေါ်စေသောပစ္စည်း စသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်းအဖြစ် သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(စ) **မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်း** ဆိုသည်မှာ မီး၊ လောင်စာ၊ လျှပ်စစ်ဓာတ်အား သို့မဟုတ် မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်းများကို အသုံးပြုသောလုပ်ငန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါလုပ်ငန်းနှင့် ဆက်စပ်သောနေရာ၊ အဆောက်အအုံ သို့မဟုတ် ယာဉ်လည်းပါဝင်သည်။

(ဆ) **ပေါက်ကွဲစေတတ်သည့်ပစ္စည်း** ဆိုသည်မှာ ဓာတုဗေဒပစ္စည်းအမျိုးမျိုး၊ ယမ်းအမျိုးမျိုး သို့မဟုတ် ယမ်းအသုံးပြုထားသောပစ္စည်း၊ ပေါက်ကွဲမှုကိုဖြစ်ပေါ်စေနိုင်သော အရာဝတ္ထုပစ္စည်းအမျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပေါက်ကွဲစေတတ်သည့်ပစ္စည်းအဖြစ် သတ်မှတ်သည့်ပစ္စည်းများလည်း ပါဝင်သည်။

(ဇ) **ဗဟိုအဖွဲ့** ဆိုသည်မှာ မီးဘေးလုံခြုံရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဝန်ကြီး** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဋ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဌ) **မီးသတ်ဦးစီးမှူး** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်။

(ဍ) **မီးသတ်တာဝန်ခံ** ဆိုသည်မှာဒေသတစ်ခုတွင် တာဝန်ပေးအပ်ခြင်းခံရသည့် အဆင့်အမြင့်ဆုံးမီးသတ်ဝန်ထမ်း သို့မဟုတ် မီးသတ်ဝန်ထမ်းမရှိသော နယ်မြေတွင် မီးသတ်ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် အဆင့်အမြင့်ဆုံး အရန်မီးသတ်တပ်ဖွဲ့ဝင်ကို ဆိုသည်။

(ဎ) **မီးသတ်ဝန်ထမ်း**ဆိုသည်မှာ မီးသတ်ဦးစီးဌာနတွင် ခန့်ထားခြင်းခံရသော နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို မီးဘေးနှင့် အခြားသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပွားစေရေးအတွက် ကာကွယ်ပေးရန်။

(ခ) မီးသတ်တပ်ဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ မီးသတ်တပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးရန်။

(ဂ) မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ မီးငြိမ်းသတ်ရေး၊ ကာကွယ်တားဆီးရေး၊ ရှာဖွေကယ်ဆယ်ရေးတို့ကို ဆောင်ရွက်ရန်။

(ဃ) ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်သည့်အခါ ပြည်သူတို့၏ပူးပေါင်းဆောင်ရွက်မှုကိုရရှိရေးအတွက် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်။

(င) နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်လာပါက စနစ်တကျဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ရန်။

## အခန်း(၃)
## မီးဘေးလုံခြုံရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည်-

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မီးဘေးလုံခြုံရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများ | အဖွဲ့ဝင် |
| (၅) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ | အဖွဲ့ဝင် |
| (၆) မီးဘေးလုံခြုံရေးကို စိတ်ပါဝင်စားသည့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၇) ညွှန်ကြားရေးမှူးချုပ် မီးသတ်ဦးစီးဌာန | အတွင်းရေးမှူး |
| (၈) ဒုတိယညွှန်ကြားရေးမှူးချုပ် မီးသတ်ဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဗဟိုအဖွဲ့ကို ပြင်ဆင်ပြောင်းလဲဖွဲ့စည်းနိုင်သည်။

## အခန်း(၄)
## ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဗဟိုအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မီးဘေးလုံခြုံရေးဆိုင်ရာ လုပ်ငန်းစဉ်များချမှတ်ခြင်း။

(ခ) သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ရေးနှင့် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့မှ ကူညီဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်ခြင်း။

(ဂ) မီးဘေးလုံခြုံရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်း။

(ဃ) မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်တို့၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း။

(င) မီးသတ်တပ်ဖွဲ့လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း။

(စ) ပြည်တွင်း၊ ပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူခြင်း၊ ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တားဆီးရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျအသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း။

## အခန်း(၅)
## မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းခြင်း

၆။ ဗဟိုအဖွဲ့သည် မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်ကို သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ မီးဘေးလုံခြုံရေးအဖွဲ့။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မီးဘေးလုံခြုံရေးအဖွဲ့။

(ဂ) ခရိုင်မီးဘေးလုံခြုံရေးအဖွဲ့။

(ဃ) မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့။

(င) မြို့မီးဘေးလုံခြုံရေးအဖွဲ့။

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မီးဘေးလုံခြုံရေးအဖွဲ့။

၇။ ဗဟိုအဖွဲ့သည် ပုဒ်မ(၆)ပါ မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။

## အခန်း(၆)
## အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း

၈။ မီးသတ်ဦးစီးဌာနသည်-

(က) မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မီးဘေး၊ အခြားသဘာဝဘေးအန္တရာယ်နှင့် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်များအတွက် ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မီးဘေးလုံခြုံရေး အသိပညာရပ်များ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် လှုံ့ဆော်ပညာပေးရာတွင်လည်းကောင်း၊ မီးသတ်ဝန်ထမ်းများနှင့်အတူ စေတနာ့ဝန်ထမ်း ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။

(ခ) အရန်မီးသတ်တပ်ဖွဲ့များကို မီးသတ်ဝန်ထမ်းများက လေ့ကျင့်သင်ကြားထားသော စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။

၉။ မီးသတ်ဦးစီးဌာနသည်-

(က) အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲထားရှိရမည်။

(ခ) အရန်မီးသတ်တပ်ဖွဲ့ဝင်အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။

(ဂ) အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားရေးနှင့် နည်းပညာများရရှိရေးတို့အတွက် ဆောင်ရွက်ရမည်။

(ဃ) အရန်မီးသတ်တပ်ဖွဲ့အဆင့်ဆင့်၏ ငွေကြေးဆိုင်ရာ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနည်းလမ်းများကို သတ်မှတ်ရမည်။

၁၀။ အသက် ၁၈ နှစ်ပြည့်ပြီးသူ မည်သူမဆို သတ်မှတ်ချက်များနှင့်အညီ အရန်မီးသတ်တပ်ဖွဲ့သို့ မိမိဆန္ဒအလျောက်ပါဝင်ခွင့်ရှိသည်။

၁၁။ မီးသတ်ဦးစီးဌာနသည် အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အစိုးရတို့သည် လိုအပ်ပါက အရန်မီးသတ်တပ်ဖွဲ့များ၏ အခြေခံ လိုအပ်ချက်များနှင့် အုပ်ချုပ်မှုကိစ္စများအား ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

## အခန်း(၇)
## သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း

၁၃။ မီးသတ်ဦးစီးဌာနသည်-

(က) စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းများ၌ သီးသန့်မီးသတ်တပ်ဖွဲ့များကို ဖွဲ့စည်းထားရှိရန် သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူအား ညွှန်ကြားရမည်။

(ခ) စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ခွင့်ပြုရန် တင်ပြလာပါက သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၄။ သီးသန့်မီးသတ်တပ်ဖွဲ့သည်-

(က) သက်ဆိုင်ရာ မီးသတ်ဦးစီးမှူး၏ ကြီးကြပ်မှုနှင့် စစ်ဆေးမှုကို ခံယူရမည်။

(ခ) မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်ကျရောက်သည့်အခါတွင်လည်းကောင်း၊ သက်ဆိုင်ရာ မီးသတ်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်။

(ဂ) မီးဘေးလုံခြုံရေးဆိုင်ရာပညာရပ်များ သင်ကြားလေ့ကျင့်ရေး၊ ကျွမ်းကျင်မှုရှိစေရေးနှင့် နည်းပညာများရရှိရေးအတွက် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားမှုကိုခံယူရမည်။

## အခန်း(၈)
## မီးဘေးလုံခြုံရေးလုပ်ငန်းများ

၁၅။ မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်သည်-

(က) ဗဟိုအဖွဲ့က ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီ မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) မီးဘေးလုံခြုံရေးလုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကိုရရှိရန် ပညာပေးစည်းရုံးရမည်။

(ဂ) မီးဘေးအန္တရာယ်၊ အခြားသဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်ကျရောက်သည့်အခါ ဗဟိုအဖွဲ့ကချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့်အညီ မီးသတ်တပ်ဖွဲ့ဝင်များအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ကွပ်ကဲရမည်။

(ဃ) မီးဘေးလုံခြုံရေး ကြိုတင်သတိပေးအဖွဲ့များအား သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တာဝန်ချထားရမည်။

၁၆။ မြို့နယ်မီးသတ်ဦးစီးမှူးသည်-

(က) မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာရမည့် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များကို အခါအားလျော်စွာထုတ်ပြန်ရမည်။

*စာမျက်နှာ ၁၆ သို့*

## ဥပဒေကြော်ငြာ

*စာမျက်နှာ ၁၅ မှ*

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာခြင်းရှိ၊ မရှိ လိုအပ်သလို စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်းပြုရမည်။

၁၇။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် အောက်ပါကိစ္စရပ်များအတွက် ခွင့်ပြုမိန့်ထုတ်မပေးမီ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက်ကို ရယူရမည်-

(က) သုံးထပ်နှင့်အထက်ရှိ အဆောက်အအုံများ၊ စုပေါင်းပိုင်အိမ်ရာများ၊ စျေးများ၊ လူအများအပြား စုဝေးအသုံးပြုသည့် အဆောက်အအုံများ ဆောက်လုပ်ခြင်း။

(ခ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်ခြင်း။

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် သိုလှောင်ကန်များ ဆောက်လုပ်ခြင်း သို့မဟုတ် တည်ဆောက်ခြင်း။

(ဃ) မီးဘေးအန္တရာယ် စိုးရိမ်ရသောလုပ်ငန်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့်ပစ္စည်း အသုံးပြု၍ လုပ်ငန်းလုပ်ကိုင်ခြင်း။

(င) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း။

(စ) မော်တော်ယာဉ်၊ မီးရထား၊ လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘော၊ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်တို့ကိုအသုံးပြု၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း။

၁၈။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် မြို့ပြ၊ ကျေးရွာတည်ဆောက်ရေးနှင့် မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ၊ စက်မှုဇုန်နှင့် စီးပွားရေးဇုန် စီမံကိန်းများရေးဆွဲရာတွင် မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ သဘောထားကို ရယူရမည်။

၁၉။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူသည် အများပြည်သူဆိုင်ရာ နေရာများတွင် ပြပွဲ၊ ပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် ဘာသာရေးဆိုင်ရာပွဲများ ကျင်းပခြင်း သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသောလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရာ၌ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ သက်ဆိုင်ရာ မီးသတ်ဦးစီးမှူး၏ သဘောထားရယူရမည်။

### အခန်း(၉)
### မီးလောင်မှုနှင့်စပ်လျဉ်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၀။ မီးလောင်မှုဖြစ်ပွားသည့်အခါ သက်ဆိုင်ရာ မီးသတ်တာဝန်ခံကဖြစ်စေ၊ သက်ဆိုင်ရာ မီးဘေးလုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးအပ်ခြင်းခံရသော မီးသတ်ဝန်ထမ်း သို့မဟုတ် အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ မီးငြိမ်းသတ်ရေးနှင့် သက်ဆိုင်သော အောက်ပါ လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခွင့်ရှိသည်-

(က) လျှပ်စစ်မီးဖြတ်တောက်ခြင်း။

(ခ) ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းများ ပိတ်ဆို့ဖြတ်တောက်ခြင်း။

(ဂ) မီးသတ်ယာဉ်များ အလွယ်တကူ ဝင်ထွက်သွားလာနိုင်ရေးအတွက် လမ်းများရှင်းလင်းခြင်း။

(ဃ) ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်သည့် နေအိမ်၊ ဥပစာနှင့် အဆောက်အအုံအတွင်းသို့ ဝင်ရောက်ခြင်း။

(င) မီးကူးစက်ရန်အကြောင်းရှိသည့် နေအိမ်၊ ဥပစာနှင့် အဆောက်အအုံများကို လိုအပ်သည့် အတိုင်းအတာအထိ ဖြိုဖျက်ခြင်း။

(စ) ရေရရှိရေးအတွက် မည်သည့်နေရာ၊ ရေတွင်း၊ ရေကန်၌မဆို ရေရယူခြင်းနှင့် ရေပိုမိုရရှိစေရန် အခြားပိုက်လိုင်းများကို ပိတ်ဆို့ခြင်း။

(ဆ) မီးငြိမ်းသတ်ရေးလုပ်ငန်းအတွက် မည်သည့်ယာဉ်ကိုမဆို ရယူအသုံးပြုခြင်း။

၂၁။ မြို့နယ်မီးသတ်ဦးစီးမှူးသည် မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်း၊ မီးလောင်ဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးနှင့်မီးလောင်မှုအတွက် တာဝန်ရှိသူတို့ကို အမြန်ဆုံးစုံစမ်းစစ်ဆေးရမည်။ ယင်းစုံစမ်း စစ်ဆေးတွေ့ရှိချက်များကို ညွှန်ကြားရေးမှူးချုပ်ထံ အဆင့်ဆင့် တင်ပြရမည်။

၂၂။ (က) ဝန်ကြီးသည် လိုအပ်ပါက မီးလောင်မှုကို စုံစမ်းစစ်ဆေးတင်ပြစေရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့်အခါ ပုဒ်မ ၂၁ အရ ပြုလုပ်သော စုံစမ်းစစ်ဆေးခြင်းကို ရပ်ဆိုင်း၍ စုံစမ်းစစ်ဆေးပြီးသမျှကို စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ လွှဲအပ်တင်ပြရမည်။

### အခန်း(၁၀)
### ညွှန်ကြားရေးမှူးချုပ်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၃။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြို့ပြ၊ ကျေးရွာတည်ဆောက်ရေးနှင့် မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ၊ စက်မှုဇုန်နှင့် စီးပွားရေးဇုန်စီမံကိန်းများတွင် မီးဘေးလုံခြုံရေးနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်း။

(ခ) မီးသတ်ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း။

(ဂ) မီးသတ်တပ်ဖွဲ့များအား ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း။

(ဃ) မီးဘေးလုံခြုံရေးဆိုင်ရာ သင်တန်းများနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းများ ဖွင့်လှစ်ခြင်း။

(င) မီးသတ်တပ်ဖွဲ့ဝင်များအား ပြည်တွင်းပြည်ပသင်တန်းများ တက်ရောက်စေရန် စီစဉ်ဆောင်ရွက်ခြင်း။

(စ) မီးငြိမ်းသတ်ရာတွင်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်ကို တားဆီးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ရာတွင်လည်းကောင်း စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် တာဝန်သိပြည်သူတို့အား ဆုချီးမြှင့်ခြင်း သို့မဟုတ် ဘွဲ့ထူး၊ ဂုဏ်ထူး ချီးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာသို့ ထောက်ခံတင်ပြခြင်း။

(ဆ) မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးသည် မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး တာဝန်ထမ်းဆောင်ရာတွင် သေဆုံးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိပါက သတ်မှတ်ချက်များနှင့်အညီ လျော်ကြေး သို့မဟုတ် ကရုဏာကြေးရရှိစေရန် ဆောင်ရွက်ခြင်း။

(ဇ) မီးဘေးအန္တရာယ်နှင့်အခြားသော သဘာဝဘေးအန္တရာယ်တို့ကို ပြည်သူများ နားလည်သဘောပေါက်စေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဈ) မီးဘေးလုံခြုံရေး၊ သဘာဝဘေးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း။

(ည) အရန်မီးသတ်တပ်ဖွဲ့ဝင်ဦးရေ တိုးတက်များပြားလာစေရေး အတွက် စည်းရုံးဆောင်ရွက်ခြင်း။

(ဋ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အပြည်ပြည်ဆိုင်ရာ မီးသတ်အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(ဌ) ဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့ကပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

### အခန်း(၁၁)
### တားမြစ်ချက်များ

၂၄။ မည်သူမျှ သက်ဆိုင်ရာ မြို့နယ်မီးသတ်ဦးစီးမှူးက ပုဒ်မ ၁၆ အရ ထုတ်ပြန်သည့် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၅။ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ စျေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ-

(က) သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းထားရန် ပျက်ကွက်ခြင်းမရှိစေရ။

(ခ) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ထားရှိရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၆။ မည်သူမျှ မီးလောင်မှုဖြစ်ပွားခြင်းမရှိကြောင်း သိရှိလျက်နှင့် မီးလောင်မှုဖြစ်ပွားကြောင်း မီးသတ်တပ်ဖွဲ့သို့ လိမ်လည်၍ သတင်းပေးတိုင်ကြားခြင်း မပြုရ။

၂၇။ မည်သူမျှ မီးငြိမ်းသတ်ရန် ထွက်ခွာလာသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များအား တာဝန်ရှိသူမှအပ လမ်းပိတ်ဆို့ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ရန်ပြုခြင်း၊ မီးလောင်မှုနှင့် မသက်ဆိုင်သည့် နေရာသို့ တစ်နည်းနည်းဖြင့် လမ်းပြခေါ်ယူခြင်း မပြုရ။

၂၈။ မည်သူမျှမီးလောင်မှုဖြစ်ပွားသည့်အခါသက်ဆိုင်ရာ မီးသတ်တာဝန်ခံကဖြစ်စေ၊ သက်ဆိုင်ရာ မီးဘေးလုံခြုံရေးအဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ၊ ယင်းတို့က တာဝန်ပေးအပ်ခြင်းခံရသော မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ ပုဒ်မ ၂၀ ပါ လုပ်ပိုင်ခွင့်တစ်ရပ်ရပ် ဆောင်ရွက်ခြင်းကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

၂၉။ မည်သူမျှ မီးစတင်လောင်သောနေရာနှင့် မီးလောင်မှုအကြောင်းရင်းအား သက်ဆိုင်ရာမှ စုံစမ်းဖော်ထုတ်အတည်မပြုမီကာလအတွင်း မီးလောင်ပြင်နေရာရှိ သက်သေခံပစ္စည်းများကို ဖယ်ရှားခြင်း၊ ရှင်းလင်းခြင်း၊ ပြောင်းရွှေ့ခြင်းမပြုရ။

၃၀။ မည်သူမျှ မီးသတ်ဦးစီးဌာန၏ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်မရရှိဘဲ အရန်မီးသတ် တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်းမပြုရ။

၃၁။ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်အရ ဖွဲ့စည်းတည်ထောင်ထားသော အရန်မီးသတ်တပ်ဖွဲ့သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ကို ယင်း၏ သဘောတူညီချက်မရရှိဘဲ ဖျက်သိမ်းခြင်း မပြုရ။

၃၂။ မီးလောင်မှုဖြစ်ပွားရာတွင် တာဝန်ထမ်းဆောင်နေသောမည်သည့် မီးသတ်တပ်ဖွဲ့ဝင်မျှ ပိုင်ရှင်ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ၊ ပစ္စည်း၊ တံစိုးလက်ဆောင် သို့မဟုတ် ငွေကြေးတစ်စုံတစ်ရာကို အဂတိလိုက်စားသောနည်းဖြင့်သော်လည်းကောင်း၊ မသမာသောနည်းဖြင့်သော်လည်းကောင်း ရယူခြင်း မပြုရ။

### အခန်း(၁၂)
### ပြစ်ဒဏ်များ

၃၃။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊မိုတယ်၊ စျေး၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၂၇ သို့မဟုတ် ၂၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သူမဆို ပုဒ်မ ၂၉ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၀ သို့မဟုတ် ၃၁ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ မီးသတ်တပ်ဖွဲ့ဝင်မည်သူ မဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

### အခန်း(၁၃)
### အထွေထွေ

၄၀။ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ လိုအပ်သည့် စစ်ဆေးဆောင်ရွက်ချက်များအတွက် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဝန်ဆောင်ခကို မီးသတ်ဦးစီးဌာနသို့ ပေးဆောင်ရမည်။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ဆောင်ခကို သတ်မှတ်ရမည်။

၄၁။ မီးလောင်မှုဖြစ်ပွားရာတွင် သဘောရိုးဖြင့် မီးငြိမ်းသတ်ခြင်းကြောင့်ဖြစ်ပေါ်သည့် ပျက်စီးဆုံးရှုံးမှုအတွက်လည်းကောင်း၊ မီးငြိမ်းသတ်ရန် မီးသတ်ယာဉ်များကို မောင်းနှင်ထွက်ခွာရာတွင် နည်းလမ်းတကျ မောင်းနှင်ပါလျက် မတော်တဆဖြစ်ပွားမှုအတွက်လည်းကောင်း၊ မည်သူကိုမျှ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့်မရှိစေရ။

၄၂။ ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သော အရန်မီးသတ်တပ်ဖွဲ့ဝင်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်တို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၄၃။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ရမည်။

၄၄။ ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့တို့သည် ဤဥပဒေအရဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့များဖြစ်သည်ဟု မှတ်ယူရမည်။

၄၅။ ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေနှင့် ၁၉၉၇ ခုနှစ်မီးသတ်တပ်ဖွဲ့ ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်။

(ခ) ဝန်ကြီးဌာန၊ ဗဟိုအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရမည်။

၄၇။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

# ခနောဖြူ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်

**ခနောဖြူ အောက်တိုဘာ ၅**

ခနောဖြူမြို့နယ် ကျုံတနီးကျေးရွာတွင် လျှပ်စစ်မီးရရှိနိုင်ရေးအတွက် ဇန်နဝါရီလမှ စတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်က ရေကြည်- ခနောဖြူ ဓာတ်အားလိုင်းမှ ဓာတ်အား ရယူ၍ ကျေးရွာအတွင်း၌ ဒစ်ဂျယ်တယ်မီတာ အလုံး ၁၂၀ တပ်ဆင်ပြီး ရဲစခန်း၊ အထက်တန်းကျောင်းအပါအဝင် လူနေအိမ်များသို့ လျှပ်စစ်မီး ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ယခုအခါ ကျုံတနီးကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိသဖြင့် ပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာပညာအကယ်ဒမီကျောင်း သီတင်းကျွတ်ပွဲတော် အခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၃၅ လမ်း၊ (၆၃×၆၄) လမ်းကြားရှိ မြန်မာပညာအကယ်ဒမီ Myanmar International Academy ကျောင်း၏ ၂၀၁၄ ခုနှစ် သီတင်းကျွတ်ပွဲတော်အခမ်းအနားကို အောက်တိုဘာ ၃ရက် နံနက် ၉နာရီကကျင်းပရာ ကျောင်းအုပ်ကြီး ဦးကျော်စိုးလွင်(ခ) Mr. Oliver နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက အတန်းလိုက် စကားပြောစွမ်းရည်ပြသခြင်း၊ အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ဆင်နွှဲခဲ့ကြသည်။ ယင်းနောက် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ဖျော်ဖြေတင်ဆက်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား သီတင်းကျွတ်မီးပုံးလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ပြီးစီး ပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေ

**လှိုင်ကော် အောက်တိုဘာ ၅**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော လွိုင်ကော်မြို့နယ် ပဒါးညေး-လယ်ထွဲ မြေသားလမ်း ၀/၅ ဒသမ ၁၇ မိုင် ကုန်ကျငွေကျပ် ၇ ဒသမ ၁၆ သန်းဖြင့် ဆောင်ရွက်ထားရှိမှုကို မြို့နယ်ဦးစီးမှူး ဒေါ်အိအိခင်၊ တာဝန်ခံအင်ဂျင်နီယာ၊ မြို့နယ်စာရင်းစစ်မှူးနှင့်အဖွဲ့ဝင်များ အောက်တိုဘာ ၂ ရက်က သွားရောက်ကွင်းဆင်း စစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ကျေးရွာချင်းဆက်မြေသားလမ်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ပဒါးညေးကျေးရွာနှင့် လယ်ထွဲကျေးရွာရှိ အိမ်ခြေ ၃၇၄ အိမ်၊ ကျေးရွာနေပြည်သူ ၁၈၉၇ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## မြို့နယ်အုပ်ချုပ်ရေးမှူး တံခွန်စိုက်(ဖလား) ဘောလုံးပြိုင်ပွဲကျင်းပ

**ပေါင် အောက်တိုဘာ ၅**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ၂၀၁၄ ခုနှစ် မြို့နယ်အုပ်ချုပ်ရေးမှူး တံခွန်စိုက်(ဖလား) ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ရပ်ကွက်/ကျေးရွာအုပ်စုများတွင်ရှိသည့် နိုင်ငံ့ဂုဏ်ဆောင် ရွက်ပုန်းသီးဘောလုံးအားကစားသမားကောင်းများပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ မြို့နယ်အဆင့်ပြိုင်ပွဲများကို အခါအခွင့်သင့်သလို ကျင်းပပေးလျက်ရှိပြီး ကစားသမားများအနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင် ကစားသမားကောင်းတစ်ဦးဖြစ်အောင် မိမိကိုယ်ကိုယုံကြည်မှုရှိရှိ ကြိုးစားစေလိုကြောင်း၊ နိုင်ငံတော်မှ အားကစားကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်တွင် မိဘပြည်သူများအနေဖြင့် တတ်အားသရွေ့ ကြိုးစားပါဝင်ဆောင်ရွက်စေလိုကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကွင်းဖွင့်ပွဲအခမ်းအနားတွင် ပွဲစဉ်(၁)ဖြစ်သည့် တောင်ရှေ့အသင်းနှင့် မုတ္တမ-ကျွဲခြံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ရှေ့အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## စဉ့်ကူးမြို့နယ်တွင် သဘာဝရေလှောင်ကွင်းအတွင်းသို့ ငါးသားပေါက် ၁၆၃၀၀၀၀ စိုက်ထည့်

**စဉ့်ကူး အောက်တိုဘာ ၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်များတွင် ငါးသယံဇာတ တိုးပွားရေးအတွက် ဧရာဝတီမြစ်နှင့် ဆက်စပ်ရေပြင် သဘာဝရေလှောင်ကွင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက စဉ့်ကူးမြို့နယ် ငွေတောင်ကျေးရွာအနီး ဧရာဝတီဆက်စပ်ရေလှောင်ကွင်းတွင် ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး တီလားပီးယားကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကြီး ၅၀၀၀၀၊ ရွှေဝါငါးကြင်း ၃၀၀၀၀ နှင့် ငါးမြစ်ချင်းငါးမှုံကြီးအကောင် ၁၅ သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၆၃၀၀၀၀ ကို စုပေါင်းစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **ဝင်းမောင်**



## အီဘိုလာပိုင်းရပ်စ်ရောဂါ အသိပညာပေးဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၅**

အီဘိုလာ ဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အီဘိုလာဗိုင်းရပ်စ်ရောဂါသတိပေးနှိုးဆော်ချက်၊ အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်နိုင်သော နည်းလမ်းများ၊ ရောဂါသံသယလက္ခဏာများ၊ ရောဂါကူးစက်မှု မရှိစေရေးအတွက် ကာကွယ်ရန်နည်းလမ်းများကို မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသင်းသင်းနိုင်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(၁၆၃)

## အီဘိုလာရောဂါအကြောင်း မိုးမောက်၌ အသိပညာပေးဟောပြော

**မိုးမောက် အောက်တိုဘာ ၅**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် နေဒေသခံပြည်သူများ အီဘိုလာဗိုင်းရပ်စ်ရောဂါအကြောင်း သိရှိနိုင်ရန် ရည်ရွယ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီက အီဘိုလာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထက်အောင်က အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်ပုံနှင့် အီဘိုလာရောဂါကူးစက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ဟောပြောသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ မြို့နယ် အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ထွေ/အုပ်စာရေးများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၄၅ ဦးခန့် တက်ရောက်ကြသည်။ **လွန်းနန်းထွေး(မိုးမောက်)**



**လူမှုဝန်ထမ်းဦးစီးဌာန ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ် (၅၀)မှ သင်တန်းသားသင်တန်းသူ (၃၀)တို့ အောက်တိုဘာ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မူလတန်းကြိုကျောင်းအမှတ်(၁)သို့ ကွင်းဆင်းပြီး အသိဉာဏ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအတွက် ဂျုံဖြင့် ဆီမီးခွက်သဏ္ဌာန်ပြုလုပ်၍ ဖယောင်းတိုင်မီး ထွန်းညှိစဉ်။** အောင်သန်း (မင်္ဂလာတောင်ညွန့်)

## မုံရွာမြို့ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်

**မုံရွာ အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၃၀ ရက် နံနက် ၇ နာရီက မုံရွာမြို့ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာ မုံရွာမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်သိမ်း ဦးဆောင်မှုဖြင့် အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ဝင်များက ဘိုးဘွားရိပ်သာရှိ အဘိုး အဘွား ၈၀ ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။ **အောင်ဆွေ**

## ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ် ဖျာပုံ၌ကျင်းပ

**ဖျာပုံ အောက်တိုဘာ ၅**

ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ်နွားနို့တိုက်ကျွေးခြင်းအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီက ဖျာပုံမြို့ အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း (မန်းကျည်းတန်းကျောင်း)၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဖျာပုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကြည်ကြည်သိန်း၊ ဖျာပုံမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးမိုးလွင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်းနှင့် CP ကုမ္ပဏီလီမိတက်(ဖျာပုံ) ကိုယ်စားလှယ် ဦးစည်သူကိုတို့က အမှာစကားများပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူများကို နွားနို့တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

ဖျာပုံမြို့တွင် ပြုလုပ်သည့် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ် နို့တိုက်ကျွေးခြင်းအစီအစဉ်တွင် ဖျာပုံမြို့ရှိ CP ကုမ္ပဏီလီမိတက်မှလည်း ကျောင်းသား၊ ကျောင်းသူများကို ကြက်ဥအလုံး ၄၀၀ ဖြည့်စွက်လှူဒါန်း ကျွေးမွေးခဲ့ကြောင်း သိရသည်။

ဖျာပုံခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းမှုဖြင့် ယခုပညာသင်နှစ်တွင် ဖျာပုံမြို့ရှိ ဓမ္မစကူးလ်နှင့် အခြေခံပညာမူလတန်းကျောင်းပေါင်း ၁၅ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူပေါင်း ၄၀၀၀ ကျော်ကို နွားနို့တိုက်ကျွေးနိုင်ခဲ့ပြီး အခြေခံပညာကျောင်းများတွင် အပတ်စဉ်နွားနို့တိုက်ကျွေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အလှူရှင်များ ဆက်သွယ်လိုပါက ဒေါက်တာ ကြည်ကြည်သိန်း ဖုန်း-၀၉-၄၉၇၅၆၈၁၀ နှင့် လက်ထောက်ကျန်းမာရေးမှူး ဦးဇော်လင်းထွန်း ဖုန်း ၀၉-၃၆၂၁၂၃၂၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



**နမ့်ခမ်း အောက်တိုဘာ ၅**

## တစ်လမ်းမောင်းစနစ်အတွက် သံမဏိ(စတီးလ်)လက်ရန်းတပ်ဆင်မည်



ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ ပြည်ထောင်စုလမ်းမ လမ်းလယ်ကျွန်းနေရာမြို့နယ် စည်ပင်သာယာရေးဈေးရှေ့တွင် ပေ ၂၅၀ အရှည်ရှိ သံမဏိ(စတီးလ်)လက်ရန်းတပ်ဆင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိသည်။

ယခုဆောင်ရွက်မှုလုပ်ငန်းသည် လွှတ်တော်ရန်ပုံငွေ၏ ခွင့်ပြုငွေကျပ်သိန်း ၅၀ ဖြင့် မြို့နယ်စည်ပင်သာယာရေးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဆက်လက်လုပ်ကိုင်ရန်ကျန်ရှိသောအပိုင်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးဌာန၏ ငွေလုံးငွေရင်းလုပ်ငန်းခွင့်ပြုငွေဖြင့် ဆက်လက် လုပ်ကိုင်သွားမည်ဖြစ်သည်။ ယခုကဲ့သို့ လမ်းလယ်သံမဏိ(စတီးလ်)လက်ရန်း တပ်ဆင်ခြင်းကြောင့် တစ်လမ်းမောင်းစနစ်ဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျသွားလာနိုင်မည်ဖြစ်သဖြင့် အများပြည်သူတို့ ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## မတူပီမြို့၌ ကမ္ဘာ့ဆရာများနေ့ကျင်းပ

**မတူပီ အောက်တိုဘာ ၅**

ကမ္ဘာ့ဆရာများနေ့ ရွှေရတုအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အထက(၁)ကျောင်းသူများက မြတ်ဆရာတေးသီးချင်းဖြင့် ဖျော်ဖြေသီဆိုကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်က အမှာစကားပြောကြားသည်။ ထို့နောက် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကွတ်တောင်က ဆရာ့ဂုဏ်ရည်ခေါင်းစဉ်ဖြင့် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုစာတမ်းဖတ်ကြားသည်။ ဆက်လက်၍ မတူပီမြို့နယ်ရှိ သက်ကြီးရွယ်အိုအငြိမ်းစားဆရာကြီးများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မကွေးမြသလွန်စေတီတော်မြတ်ကြီး (၂၅၇၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်စတင်ကျင်းပ



**မကွေး အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၇၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို မြသလွန်စေတီတော် ရင်ပြင်တော် တနင်္လာအရပ်တွင် အောက်တိုဘာ ၃ ရက် နံနက်က စတင်ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြသလွန်စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးကိုးပါးနှင့် ပဓာနနာယကဆရာတော် ၂၄ ပါးတို့က ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူပြီး ဧည့်ပရိသတ်တို့ကဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ စေတီတော် ရင်ပြင်ရှိ မဟာဝိဇယံသီတန်ဆောင်း၌ ဆရာတော်၊ သံဃာတော် ၃၃ ပါးနှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များက မြတ်စွာဘုရားအား ပူဇော်ကန်တော့သည်။ ထို့နောက် မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးသိန်းလှိုင်က မြသလွန်စေတီတော် (၂၅၇၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် မင်္ဂလာအခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာပေးခဲ့ပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

မြသလွန်စေတီတော် (၂၅၇၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

မြသလွန်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၃ ရက်မှစ၍ ရက် ၂၀ တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

# ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် အမေရိကန်နည်းပညာဖြင့် တည်ဆောက်မှုများ ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၅**

မြို့ပြလေကြောင်း တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ကြိုးစားဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ မြို့ပြလေကြောင်းသမိုင်းတွင် မှတ်တမ်းတင်ရမည့် လုပ်ဆောင်မှုတစ်ရပ်အဖြစ် ရန်ကုန် အပြည်ပြည်လေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် အမေရိကန်နည်းပညာဖြင့် တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်တော့မည်ဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် စွမ်းဆောင်မှုအခြေခံလေကြောင်းလမ်းညွှန်စနစ်(Performance Based Navigation -PBN) ဖြင့် လေကြောင်းချဉ်းကပ်လမ်းများ (Terminal and Approach Procedures) တည်ဆောက်ရာတွင် အမေရိကန်နိုင်ငံအခြေစိုက် Honeywell/Hughes Aerospace ကုမ္ပဏီ နည်းပညာဖြင့် တည်ဆောက်ခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီဖြစ်သည်။

"မြန်မာ့လေကြောင်းဟာ အရေးပါတဲ့ နေရာမှာရှိနေတာမို့ လေကြောင်းဝန်ဆောင်မှုတွေ ကောင်းမွန်အောင် အခုလို အမေရိကန်နည်းပညာတွေနဲ့ တည်ဆောက်မှုတွေ ပြုလုပ်မှာဖြစ်ပါတယ်" ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက ပြောသည်။



ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ယခုကဲ့သို့ စွမ်းဆောင်မှု အခြေခံလေကြောင်းလမ်းညွှန်စနစ်အသုံးပြုခြင်းဖြင့် လေကြောင်းလုံခြုံစိတ်ချရမှု (Safety) ကို ရရှိစေသည်။ တစ်ဖန် လေကြောင်းလမ်းများ ပိုမိုတိုသွားသဖြင့် လေယာဉ်ဆီကုန်ကျမှုသက်သာစေသည့်အပြင် လေယာဉ်မှ ကာဗွန်ထုတ်လုပ်မှုကိုလည်း လျော့နည်းစေသဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလည်း လျော့ကျသွားစေမည့်အကျိုးများ ရရှိစေမည်ဖြစ်သည်။

ယင်း အခမ်းအနားတွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဆွေထွန်းက အမှာစကားပြောကြားပြီး လေကြောင်းထိန်းသိမ်းကွပ်ကဲရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးတိုက်အောင်နှင့် အမေရိကန် Honeywell ကုမ္ပဏီနှင့် မိတ်ဖက်ပြည်တွင်းကုမ္ပဏီဖြစ်သည့် Parami Energy မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းတို့က တည်ဆောက်မှုဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အမေရိကန်နည်းပညာဖြင့် တည်ဆောက်မှုကို ရန်ကုန်နှင့်မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ဦးစားပေးတပ်ဆင်ပြီး ကျန်လေဆိပ်များဖြစ်သည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာနှင့် အခြားလေဆိပ်များတွင်လည်း တပ်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

**သတင်း-ဝေယံဦး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ငါန်းဇွန်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲကျင်းပ

**ငါန်းဇွန် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၁၄) ဆင်းပွဲကို အောက်တိုဘာ ၃ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်က သင်တန်း၌ စံပြဆုရ ဦးနန်းလင်းဌေးဦးကိုလည်းကောင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက မီးသတ်ပညာထူးချွန်ဆုရ ဦးဝေဖြိုးနိုင်ကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက စစ်ရေးပြထူးချွန်ဆုရ ဦးအောင်မြတ်ခိုင်ကိုလည်းကောင်း ဆုများချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ဌေးဝင်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသား ဦးပြည့်ဖြိုးအောင်အား ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဌေးဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုအခမ်းအနား မရမ်းကုန်းနယ်မြေ ရဲတပ်ဖွဲ့စခန်း၌ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၅**

နှစ်(၅၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ရွှေရတုအခမ်းအနားကို အောက်တိုဘာ ၁ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဖြစ်ပေါ်လာသည့် သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းထံမှ ပေးပို့သောသဝဏ်လွှာကို မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်က ဖတ်ကြားသည်။

ဆက်လက်၍ မှုခင်းဖော်ထုတ်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ မှုခင်းကျဆင်းရေးလုပ်ငန်းများတွင် ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့သည့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များကိုလည်းကောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်က ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၁၅)**

# ပဲခူးမြို့၌ ပညာရည်ဆုချီးမြှင့်

**ပဲခူး အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်နှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီဝင်များ၊ ယာဉ်ပိုင်ရှင်များ၊ ဂိတ်မှူးများ၊ ယာဉ်မောင်း/ယာဉ်နောက်လိုက်များ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စက်တင်ဘာနောက်ဆုံးပတ်က သီရိဟံသာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းဝေက အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆ ဦးကို စုစုပေါင်း ၃၂ ဦးကို တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုတံဆိပ်များနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(၁၂၁)**

## သတင်းတို

### နိုင်ငံသားကတ်များ ဆောင်ရွက်ပေး

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကျေးရွာများတွင် မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခြင်းကို တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အောက်တိုဘာ ၁ ရက်မှ စတင်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

# ကိုးထပ်ကြီးဘုရား ဆွမ်းဆန်စိမ်းလောင်းလှူမည်

**ရန်ကုန် အောက်တိုဘာ ၅**

စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဘုရားဂေါပကအဖွဲ့နှင့် အလှူရှင်များ စုပေါင်း၍ အောက်တိုဘာ ၈ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ကျင်းပမည်ဟု သိရသည်။

ဘုရားကြီး၏ သက်တမ်းတော်ပြည့် ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် သစ်သီးတို့ဖြင့် လှူဒါန်းပူဇော်မည်ဖြစ်ပြီး ဗုဒ္ဓသာသနာပြုပါရမီရှင်များအသင်းက လယ်တီမဟာသရဏဂုံဖြင့် ရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။ ထို့နောက် ပရိသတ်များအား စတုဒိသာများ ကျွေးမွေးလှူဒါန်းမည်ဟု သိရသည်။

အောက်တိုဘာ ၉ ရက်(သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)တွင် သာသနာပြုပါရမီရှင်များအသင်း၊ မွန်မြတ်စံပရဟိတလူငယ်များအသင်း၊ ဟိတကာရီအသင်းတို့က ဂန္ဓကုဋီတိုက်အတွင်း ဆီမီးကိုးထောင် ကပ်လှူပူဇော်မည်ဟု သိရသည်။

အောက်တိုဘာ ၁၂ ရက်တွင် ဘုရားကြီး၏ ဂေါပကအဖွဲ့က ကြီးမှူး၍ သာသနာပြုပါရမီရှင်များအသင်းနှင့် အလှူရှင်များက သံဃာတော်အပါး ၉၀ တို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးဌာနငါးခု ရန်ကုန်မြို့တွင်း မြို့နယ်များ၌ ဖွင့်လှစ်သွားမည်

**ရန်ကုန် အောက်တိုဘာ ၅**

ခွေးရူးပြန်ရောဂါကို ကြိုတင်ကာကွယ်ရန်နှင့် ခွေးကိုက်ခံရပါက အရေးပေါ် ကုသမှုခံယူနိုင်ရန်အတွက် Dog Bite Centre ငါးခုကို ရန်ကုန်မြို့တွင်း မြို့နယ်များတွင်ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့မှ သိရသည်။

အဆိုပါ စင်တာများကို မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များ အဖွဲ့နှင့် သက်ပိုင်စိုးကုမ္ပဏီတို့ ပူးပေါင်းဖွင့်လှစ်မည်ဖြစ်သည်။ "ရန်ကုန်မြို့မှာ ဖွင့်လှစ်သွားမယ့် နေရာတွေက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းမှာရှိတဲ့ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှာ ရွှေပြည်သာမြို့နယ်က နဝရတ်ဆေးကုခန်း၊ အရှေ့ပိုင်းခရိုင်မှာ တောင်ဥက္ကလာပမြို့နယ်က ဒေါက်တာအောင်ငွေရဲ့ဆေးခန်း၊ အနောက်ပိုင်းခရိုင်မှာ ကျောက်တံတားမြို့နယ်က ကျော်မော်ဆေးခန်း၊ တောင်ပိုင်းခရိုင်မှာ သာကေတမြို့နယ်က မင်းနန္ဒာဆေးခန်းတို့မှာ ဖွင့်လှစ်သွားဖို့ စီစဉ်ထားပါတယ်"ဟု မြန်မာနိုင်ငံဆရာဝန်အသင်းနာယက ဒေါက်တာတင်အေးက ပြောကြားသည်။

ကာကွယ်ဆေးထိုးရာတွင် Intra-dermalregiment (ID) စနစ်ဖြင့် လေးဦးစပ်၍ထိုးပါက တစ်ဦးချင်းထိုးသည်ထက် ဈေးပို၍ သက်သာပြီး ဆေးအာနိသင်မှာ အတူတူပင်ဖြစ်ကြောင်း၊ သုံးကြိမ်ထိုးလျှင် ကျပ်တစ်သောင်းခန့် ကျသင့်ကြောင်းနှင့် ကလေးငယ်များလည်း ထိုးနိုင်ကြောင်း သိရသည်။ "သုံးကြိမ်ထိုးပြီးရင် အတော်ကာကွယ်ပြီးသားဖြစ်ပါပြီ။ နောက်ပိုင်းတစ်နှစ်နဲ့ နောင်နှစ်စဉ် ငါးနှစ်ပြည့်ချိန်တွေတိုင်းမှာ ထပ်ပြီးထိုးရင် ပိုပြီးကာကွယ်ပြီးသားဖြစ်တာပေါ့။ ဆေးသုံးကြိမ်ထိုးထားခဲ့ပြီးချိန်မှာ အကယ်၍ခွေးကိုက်ခံခဲ့ရရင်လည်း ဆေးနှစ်လုံးပဲ ထိုးရမယ်။ ဆေးမထိုးရသေးချိန်မှာ အကိုက်ခံရရင်တော့ အရေးပေါ်ကာကွယ်ဆေးသုံးသောင်းဖိုးလောက် ထိုးရတယ်"ဟု သက်ပိုင်စိုးကုမ္ပဏီမှ တာဝန်ရှိသူက ပြောကြားသည်။

"ခွေးရူးပြန်ရောဂါ ဖြစ်လာတဲ့ခွေးက တစ်ရက်ကနေ သုံးရက်အတွင်းမှာ အစာရေစာ လုံးဝမစားတော့ဘဲ ငြိမ်နေမယ်။ မျက်လုံးအရောင်က မတောက်ပတော့ဘူး။ ကြောက်တတ်လာမယ်။ ဝမ်းချုပ်လာမယ်။ နောက်ထပ် သုံး၊ လေးရက်အတွင်းမှာ တကယ်ရူးလာပြီး သူ့ရှေ့မှာမြင်သမျှကို ကိုက်တော့တာပဲ။ ကိုက်တဲ့အခါ သက်ရှိ၊ သက်မဲ့အပါအဝင် ကိုယ့်ကိုယ်ကိုယ်ပါ ပြန်ကိုက်တယ်။ ၁၀ ရက်လောက်ကြာပြီးရင်တော့ သေသွားပြီ။ အထူးသဖြင့် ခွေးအပါအဝင် အိမ်မွေးတိရစ္ဆာန်တွေနဲ့ နီးနီးကပ်ကပ် ရင်းရင်းနှီးနှီးနေထိုင်တဲ့ ကလေးတွေကို ကာကွယ်ဆေးထိုးပေးသင့်ပါတယ်။ ခွေးကိုက်ခံရရင် မိဘကိုပြန်ပြောဖို့၊ မိမိမျက်နှာနဲ့ ကလေးမျက်နှာ နီးကပ်စွာမနေဖို့၊ ခွေးတွေ အစားစားချိန်၊ အိပ်ချိန်၊ သားပေါက်ချိန်စတဲ့အချိန်တွေမှာ အနှောင့်အယှက်မပေးဖို့၊ ခွေးအနားရောက်လာရင် တည်တည်ငြိမ်ငြိမ်နဲ့ ရပ်ပြီး ဝေးရာကိုကြည့်ဖို့ စတာတွေသင်ကြားထားပါ။ ခွေးကိုက်ခံရရင် အရင်ဆုံး ဒဏ်ရာကိုရေများများနဲ့ ဆပ်ပြာနဲ့ အနည်းဆုံး ၁၅ မိနစ်ဆေးပြီးရင် အရက်ပြန်နဲ့သန့်စင်ပြီး အမြန်ဆုံးကျန်းမာရေးဌာနမှာ ကုသမှုခံယူပါ"ဟု မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်တင်တင်မြိုင်က ပြောကြားသည်။ ခွေးကိုက်ခံခဲ့ရပါကလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော စံချိန်စံညွှန်း ပြည့်ဝသည့်ဆေးများကိုသာ ထိုးနှံသင့်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ခွေးရူးပြန်ရောဂါ အဖြစ်ပွားဆုံးနေရာများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် ခွေးလေခွေးလွင့်ပေါင်း ၇၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ လိုင်စင်ရှိသော ခွေးများမှာ ၆၅၀၀ ကျော်ခန့်နှင့် တစ်နိုင်ငံလုံးတွင် ခွေးပေါင်း ခြောက်သန်းနီးပါးခန့်ရှိသည်ဟု စစ်တမ်းကောက်မှုများအရ သိရကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ကမ္ဘာတစ်ဝန်း၌ ခွေးရူးပြန်ရောဂါကြောင့် ၁၀ မိနစ်လျှင် တစ်ယောက်နှုန်းသေဆုံးလျက်ရှိကာ တစ်နှစ်လျှင် သေဆုံးသူဦးရေ ခုနစ်သောင်းခန့် ရှိကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**





**အိမ်မွေးတိရစ္ဆာန်တွေနဲ့ နီးနီးကပ်ကပ် ရင်းရင်းနှီးနှီးနေထိုင်တဲ့ကလေးတွေကို ကာကွယ်ဆေးထိုးပေးသင့်။**

> ခွေးကိုက်ခံခဲ့ရပါကလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော စံချိန်စံညွှန်းပြည့်ဝသည့် ဆေးများကိုသာ ထိုးနှံသင့် . . .

## ဘားအံမြို့တွင် (၆၇)ကြိမ်မြောက် ဆွမ်းဆန်တော် စုပေါင်းလောင်းလှူ

**ဘားအံ အောက်တိုဘာ ၅**

ကရင်ပြည်နယ် ဘားအံမြို့ ရွှေယဉ်မျှော်ပြည်တော်အေးစေတီတော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၇) ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲကို အောက်တိုဘာ ၄ ရက်က ကျင်းပခဲ့ပြီး သံဃာအပါးတစ်ထောင်ကျော်ကို ဆွမ်းဆန်များလောင်းလှူခဲ့ကြကြောင်း သိရသည်။

ဆွမ်းဆန်တော် လောင်းလှူပွဲတွင် ဘားအံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၄၆ကျောင်းမှ နာယက ဆရာတော်ကြီးများဦးဆောင်သည့် သံဃာတော် ၁၀၀၅ ပါးနှင့် သီလရှင်စာသင်တိုက် ရှစ်ကျောင်းမှ သီလရှင် ၁၈၂ ပါးတို့သည် ရွှေယဉ်မျှော်ပြည်တော်အေးစေတီတော်မှ စတင်၍ ဆွမ်းဆန်စိမ်းအလှူခံ အပူဇော်ခံကြပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် မိသားစုများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများမှ လောင်းလှူပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များက ဘားအံမြို့တွင်းရပ်ကွက်များသို့လည်းကောင်း၊ ဘားအံမြို့ ကမ်းနားလမ်းတစ်လျှောက်သို့လည်းကောင်း ဆွမ်းဆန်စိမ်းအလှူခံကြွရောက်ကြသည်။

ဆွမ်းဆန်တော် လောင်းလှူပွဲကို ဘားအံမြို့တွင် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ စုပေါင်းကျင်းပခဲ့သည်မှာ ယခုနှစ်တွင် (၆၇)ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း သိရသည်။ **ကိုနေ**

**သွေးသည်အသက်**

---

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)**
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တွင် ကွန်ပျူတာစက်ခန်းကြမ်းခင်းပြင်ဆင်ခြင်းလုပ်ငန်း(၄၈×၅၀)ပေ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၇-၁၀-၂၀၁၄ ရက်

အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း ၀၉-၅၂၅၁၅၇၅ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

**မွေးသက္ကရာဇ်မှန်**

လှိုင်ကော်မြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(က)မှ မမေရီအင်မာ၏ မွေးသက္ကရာဇ်မှန်မှာ ၁၈-၈-၁၉၉၈ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

လားရှိုးမြို့၊ ပန်းတိုင်းမွေးကိုယ်ပိုင်အထက်တန်းကျောင်းမှ နန်းမြစိန်၏ ဖခင်အမည်မှန်မှာ ဦးလောက်စီး ၁၃/ကလသ (နိုင်)၀၁၂၇၂၀ ဖြစ်ပါသည်။

**အမည်မှန်**

လှိုင်ကော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(က)မှ မမီချမ်းသက်ငုံဖူး၏ အမည်မှန်မှာ မသက်ငုံဖူးဖြစ်ပါကြောင်း။

**မသက်ငုံဖူး**

**မိဘအမည်မှန်**

ဟိုပန်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(က)မှ နန်းဆိုင်၏ မိဘအမည်မှန်မှာ ဦးအောင်ဆာ (ခ)ဦးဆာအောင် ၁၃/ဟပတ(နိုင်)၀၁၂၀၁၁နှင့် ဒေါ်အေးရီ ၁၃/ဟပတ(နိုင်)၀၁၈၃၆၉ ဖြစ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**
**စာရေးကိရိယာပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများဝယ်ယူရန်**
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအတွက် လိုအပ်နေသော စာရေးကိရိယာပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများအား ဝယ်ယူလိုပါသည်။

၂။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၁၅)၊ နေပြည်တော်တွင် ၆-၁၀-၂၀၁၄ရက်မှစ၍ တင်ဒါလျှောက်လွှာများဝယ်ယူနိုင်ပြီး ၂၄-၁၀-၂၀၁၄ ရက် ညနေ ၁၆:၃၀ နာရီတွင် တင်ဒါရုပ်သိမ်းပါမည်။

၃။ ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် စာရေးကိရိယာပစ္စည်းများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန**
**ရုံးအမှတ် (၁၅)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၀၂၊ ၀၆၇-၄၁၀၁၄၉**

**ဖခင်အမည်မှန်**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ သစ်လေးလုံးအခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းဝင်အမှတ်က/၁၁၁၆၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ရဲဇော်၏ဖခင်အမည်မှန်မှာဦးထွန်းဆိုင်ဖြစ်ပါကြောင်း။ **ဦးထွန်းဆိုင်**

**ကရင်ပြည်နယ်ဥပဒေချုပ်ရုံး**
**အဆောက်အအုံဆောက်လုပ်ရေးအတွက်**
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ဝန်ထမ်းနေအိမ် ပေ(၅၀×၃၀)၊ နှစ်ထပ် RC တစ်လုံး၊ သံတောင်ကြီးမြို့နယ်ဥပဒေရုံးနှင့် ဝန်ထမ်းနေအိမ် ပေ(၄၀×၄၀)၊ နှစ်ထပ် RC တစ်လုံးဆောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများသည် သတ်မှတ်စည်းကမ်းများနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကရင်ပြည်နယ်ဥပဒေချုပ်ရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) **တင်ဒါရောင်းချမည့်ရက်** - ၁၀-၁၀-၂၀၁၄ ရက်
(ခ) **တင်ဒါတင်သွင်းမည့်နေရာ** - ကရင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ဘားအံမြို့
(ဂ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၄-၁၀-၂၀၁၄ ရက်၊ ညနေ ၄:၃၀ နာရီ
(ဃ) **တင်ဒါဖွင့်မည့်နေ့ရက်နှင့်နေရာ** - ၂၈-၁၀-၂၀၁၄ ရက်၊ ကရင်ပြည်နယ် ဥပဒေချုပ်ရုံး

**တင်ဒါစိစစ်ကြီးကြပ်ရေးကော်မတီ**
**ကရင်ပြည်နယ်ဥပဒေချုပ်ရုံး**
**ဖုန်း-၀၅၈-၂၁၂၂၁၊ ၀၅၈-၂၁၁၃၇**

**ဖခင်အမည်မှန်**

ပုဏ္ဏားကျွန်း၊ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဦးအောင်ထက်၊ နဝမတန်း(D)မှ မောင်ညီဇော်ထက်၊ သတ္တမတန်း(B)မှ မောင်ဇော်နိုင်ထက်တို့၏ ဖခင်အမည်မှန်မှာ ဦးရွှေထွန်းသာ ၁၁/ပဏက(နိုင်)၀၁၃၅၅၄ ဖြစ်ပါကြောင်း။

**ဦးရွှေထွန်းသာ**

**ဖခင်အမည်မှန်**

မင်းပြားမြို့၊ အထက၊ နဝမတန်း(C) မှ ငြိမ်းငြိမ်းစိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်လှကြီး ၁၁/မပန(နိုင်)၀၂၀၀၅၁ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ပုဏ္ဏားကျွန်း၊ အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ ဦးသန်းကျော်၏ သမီး မစံစံအား မအေးစန္ဒာဟု ပြောင်းလဲခေါ်ပါရန်။

**မအေးစန္ဒာ**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ကလေးဝမြို့ ပြည်သူ့အားကစားကွင်း အဆင့်မြှင့်လုပ်ငန်းများ စတင်

**ကလေးဝ အောက်တိုဘာ ၅**

ကလေးခရိုင် ကလေးဝမြို့ပြည်သူများအတွက် ပြည်သူ့အားကစားကွင်းကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ထက်ရတနာထွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလကုန်ပိုင်းမှစ၍ အဝီစိရေတွင်းတူးခြင်းနှင့် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ကလေးဝပြည်သူ့အားကစားကွင်းကြီး အဆင့်မြှင့်တင်မှုလုပ်ငန်းတွင် အထူးတန်းပွဲကြည့်စင်၊ မီတာ ၄၀၀ ပြေးလမ်း ကပ်တုံးပြုလုပ်ခြင်း၊ နုန်းမြေကျောက်မှုန်ခင်းခြင်း၊ အဝီစိရေတွင်းတူးခြင်းနှင့် ရေစင်ဆောက်လုပ်ခြင်း၊ ရုံးခန်းနှင့် အရာရှိနေအိမ်တွဲများ ဆောက်လုပ်ခြင်းနှင့် စကိုးလ်ဘုတ်တပ်ဆင်ခြင်း လုပ်ငန်းများပါဝင်မည်ဖြစ်သည်။ ပြည်သူ့အားကစားကွင်းကြီး ပြိုင်ကွင်းပတ်လည်ကို တံခါးမကြီးအပါ အုတ်တံတိုင်းဖြင့် ကာရံမည်ဖြစ်ပြီး ခြံစည်းရိုး အလျား ၂၃၂၃ ပေ၊ ကပ်တုံး ၂၈၁၄ ပေ၊ တံခါးမကြီး အကျယ် ၁၈ ပေနှင့် တံခါးအကျယ် ငါးပေဖြင့် အဆင့်မြှင့်တင် ဆောက်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။



ပြည်သူ့အားကစားကွင်း ခြံစည်းရိုးခတ်လုပ်ငန်းဆောင်ရွက်နေစဉ်။

ပြည်သူ့ အားကစားကွင်းကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက် ငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ်သန်းပေါင်း ၁၅၀ ဒသမ ၁၈ သန်း အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ကလေးဝမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်တို့က အောက်တိုဘာ ၂ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဂျူနိုင်း**

## မော်လမြိုင်ကျွန်း-မအူပင် အဝေးပြေးလမ်း ကတ္တရာခင်းမည်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၅**

မော်လမြိုင်ကျွန်း-ရန်ကုန် ခရီးသွားပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် မော်လမြိုင်ကျွန်း-မအူပင်-ရန်ကုန် အဝေးပြေးကားလမ်းမကြီးကို ယခုပွင့်လင်းရာသီ၌ ကတ္တရာခင်းမည်ဖြစ်ကြောင်း သိရသည်။

မော်လမြိုင်ကျွန်း-မအူပင်ကြား ၄၄ မိုင် ခြောက်ဖာလုံ လမ်းပိုင်းတွင် ကတ္တရာခင်းလုပ်ငန်းများ စတင်ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိပြီး ကတ္တရာလမ်းခင်းကျောက်များကို မော်လမြိုင်ကျွန်း - မအူပင် မော်တော်ကားလမ်းတစ်လျှောက်တွင် မော်တော်ယာဉ်များဖြင့် သယ်ယူပြီးစုပုံလျက်ရှိနေပြီဖြစ်ကာ လမ်းခင်းလုပ်ငန်းများ စတင်ဆောင်ရွက်တော့မည်ဖြစ်သည်။

မော်လမြိုင်ကျွန်း - မအူပင်လမ်း ကတ္တရာလမ်းခင်းခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်ခင်းပေးမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇွန်လတွင် မော်လမြိုင်ကျွန်း-မအူပင် အဝေးပြေးကားလမ်း ၄၄ မိုင် ခြောက်ဖာလုံ လမ်းတစ်ခုလုံးကို ကတ္တရာလမ်းခင်းပြီးစီးသွားမည်ဖြစ်သည်။

ယင်း ကတ္တရာလမ်းခင်း ပြီးစီးသွားပါက မော်လမြိုင် ကျွန်းမြို့မှ မအူပင်မြို့သို့ အချိန်တိုတိုဖြင့် သွားရောက်နိုင်မည့်အပြင် ခရီးသွား ပြည်သူများလည်း လိုရာခရီးသို့ သွားလာဆက်သွယ်မှု ပိုမိုအဆင်ပြေလွယ်ကူတော့မည် ဖြစ်ကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

## အခြေခံသက်မွေးပညာသင်တန်းများ ကော့ကရိတ်၌ဖွင့်

**ကော့ကရိတ် အောက်တိုဘာ ၅**

ကုလသမဂ္ဂ ဒေသဖွံ့ဖြိုးရေးအစီအစဉ်(UNDP)နှင့် သမဝါယမဦးစီးဌာနတို့ပူးပေါင်း၍ ဒေသန္တရဆင်းရဲမှုလျော့ကျစေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို ကရင်ပြည်နယ် ကော့ကရိတ်မြို့ ကရင်နှစ်ခြင်းခရစ်ယာန်အသင်းခန်းမဆောင်၌ အောက်တိုဘာ ၄ ရက်က ဖွင့်လှစ်ခဲ့သည်။

ဆင်းရဲမှုလျှော့ချနိုင်မည့် အခြေခံအသက်မွေးဝမ်းကျောင်းပညာ သင်တန်းများဖြစ်သော သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှုသင်တန်းနှင့် မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်းများဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်နှင့် မွန်၊ ကရင် UNDP တာဝန်ခံ ဦးကျော်ကျော်စိုးတို့က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦးနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်**



## မော်လမြိုင်ကျွန်း၌ ကလေးအထူးတရားစခန်းဖွင့်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၅**

ကလေးငယ်များ လိမ္မာယဉ်ကျေးစေရေးရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သော စတုတ္ထအကြိမ်မြောက် ကလေးအထူးတရားစခန်းဖွင့်ပွဲကို မော်လမြိုင်ကျွန်းမြို့နယ် တယ်ချောင်းကျေးရွာဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းခန်းမ၌ အောက်တိုဘာ ၃ ရက်က ကျင်းပသည်။

ကလေးအထူးတရားစခန်းဖွင့်ပွဲတွင် တယ်ချောင်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်းရှိ စတုတ္ထတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသူ ယောဂီ ၆၀ နှင့် ကျောင်းသားယောဂီ ၄၄ ဦးတို့က အထူးတရားစခန်းပွဲသို့ ငါးရက်တိုင် ဝင်ရောက်ကြမည်ဟု သိရသည်။ ငယ်ရွယ်စဉ်ကလေးဘဝကပင် ယဉ်ကျေးလိမ္မာမှုရှိစေရေးအတွက် သင်ကြားပို့ချပေးမည်ဖြစ်ပြီး တရားရှုမှတ်နည်း၊ တရားထိုင်နည်းများကို ပို့ချသင်ကြားပေးမည်ဖြစ်သည်။

တယ်ချောင်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်းမှာ နှစ်စဉ်ကျောင်းသားဦးရေတိုးတက်များပြားလာသဖြင့် တိုးချဲ့ကျောင်းဆောင်သစ်တစ်ဆောင် လိုအပ်လျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဖုန်း -၀၉-၈၅၅၂၇၇၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

## မြို့နယ်အဆင့် ကင်းထောက်နည်းပြသင်တန်းဆင်းပွဲကျင်းပ

**ဆီဆိုင် အောက်တိုဘာ ၅**

မြို့နယ်အဆင့် ကင်းထောက်နည်းပြသင်တန်းဆင်းပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။

ဒုတိယမြို့နယ်ပညာရေးမှူး ဦးမိုးနှင့် အထကကျောင်းအုပ်ကြီး ဦးမောင်မောင်အေးတို့က အမှာစကားပြောကြားပြီး လက်ထောက်ပညာရေးမှူး ဦးခွန်ထွန်းခိုင်က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ တာဝန်သိသော နိုင်ငံသားကောင်းဖြစ်လာအောင် လူငယ် လူရွယ်တို့အား ပုံသွန်းဖန်တီးပေးရန်၊ လူငယ်လူရွယ်တို့အား ကိုယ်ကျင့်တရား၊ အကျင့်စာရိတ္တကောင်းများရရှိရေး၊ မိမိကိုယ်ကိုယ်အားကိုးတတ်ခြင်း၊ အကြီးအကဲတို့၏ အမိန့်နှင့်သွန်သင်မှုများကို လိုက်နာတတ်ခြင်း၊ မျက်စိရှင်စွာကြည့်တတ်ခြင်းစသော အလေ့အထကောင်းများရရှိရေးတို့အတွက် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသို့ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ဆရာ ဆရာမ ၄၃ ဦး တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်အထိ သုံးရက်ကြာ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**


### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
### ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)
### ပရိဘောဂပစ္စည်းဝယ်ယူရန်အတွက်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ပရိဘောဂပစ္စည်း ၂၆မျိုး ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|
| (က) | Long Conference Table (Oval Shape) |
| (ခ) | Office Table (T.1004) with One-sided Drawer |
| (ဂ) | Reading Table (T.1016) without Drawer |
| (ဃ) | Library Table (Twin) |
| (င) | Library Chair |
| (စ) | Computer table |
| (ဆ) | Table for Teacher (Language Lab Room) |
| (ဇ) | Twin table for student (Language Lab) |
| (ဈ) | Hardware Lab Table(10'x3') |
| (ည) | Physics Lab Table( 15'x5') |
| (ဋ) | Long Meeting Table |
| (ဌ) | Side Table |
| (ဍ) | Cabinet (Leeco 4 Drawers) |
| (ဎ) | Cabinet (Leeco simple) |
| (ဏ) | Cabinet (Teak+ Glass) |
| (တ) | Library Cabinet (with drawers) |
| (ထ) | File Shelf (Leeco/ taiyo/ standard) |
| (ဒ) | Long High Desk |
| (ဓ) | Long Low Desk |
| (န) | Office Chair (Armless) |
| (ပ) | Reading Chair |
| (ဖ) | Chair (for Graduation Ceremony-Single) |
| (ဗ) | Plastic Chair (Armed) |
| (ဘ) | Three-Legged Stool |
| (မ) | Aluminium Ladder |
| (ယ) | Lab Room Fumitures(Computer Table, Turnable Chair, Locker ...etc.) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) တွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ဤကြော်ငြာပါသည့်ရက်မှစတင်၍ ၁၂-၁၀-၂၀၁၄ ရက် မွန်းလွဲ ၁း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းကြပါရန် ကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်) ဖုန်း-၀၈၃-၂၂၁၀၆ နှင့် ၂၂၁၆၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)**



### ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၄ခုနှစ် အောက်တိုဘာ ၈ ရက် (ဗုဒ္ဓဟူးနေ့)သည် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ဖြစ်သဖြင့် ၎င်းရက်တွင်ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**



### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ တူညီဝတ်စုံနှင့် ရုံးသုံးပစ္စည်းများကို မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| (က) | တူညီဝတ်စုံ | ၅၀၀ စုံ |
| (ခ) | ကွန်ပျူတာ | ၅ လုံး |
| (ဂ) | ပရင်တာ | ၅ လုံး |
| (ဃ) | မိတ္တူကူးစက် | ၄ လုံး |
| (စ) | Fax | ၅ လုံး |
| (ဋ) | အင်တာနက်-အီးမေးလ်(၅)ခု | ၅ ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ပဲခူးမြို့တွင် ၆-၁၀-၂၀၁၄ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၂-၁၀-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**(က) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဖုန်း- ၀၅၂-၂၀၁၈၁၁**
**(ခ) တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း- ၀၅၂-၂၁၂၇၂**



### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၃၅၇၄၅ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၉/ပမန(နိုင်)၁၀၉၇၃၉က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်)**



### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၄၃၉၈၈ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုး ၉/ကပတ(နိုင်)၀၆၉၆၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မိတ္ထီလာခရိုင်)**

ကြော်ငြာ

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်သိန်းသိန်းမြင့်
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အေးရိပ်သာ (၁)လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ် ၂၂/(k) နေ ပြည်ထောင်စုကြေးမုံထင်ဦးတင်ထွန်း၊ ဒုတိယဝန်ကြီး(ငြိမ်း) စွမ်းအင်ဝန်ကြီးဌာန ၏ဇနီး ဒေါ်သိန်းသိန်းမြင့်သည် ၃-၁၀-၂၀၁၄ရက်တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိ ရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**စွမ်းအင်စီမံရေးဦးစီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ကျင်နု
**အသက်(၈၆)နှစ်**

ဒေါက်တာနေဇင်လတ် (နိုင်ငံတော်သမ္မတ အကြံပေး) - ဒေါ်ခင်စန်း (A.M.B.O Co.,Ltd.)တို့၏မိခင် ဒေါ်ကျင်နုသည် ၃၀-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထက(၁)တောင်ဥက္ကလာပ**
**အငြိမ်းစား ဆရာ၊ ဆရာမကြီးများ**
**ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက် သိမ်ဒါယိကာမကြီး**
## ဒေါ်ကျင်နု
**အသက်(၈၆)နှစ်**

ဒေါက်တာနေဇင်လတ် (နိုင်ငံတော်သမ္မတ အကြံပေး) - ဒေါ်ခင်စန်း (A.M.B.O Co., Ltd. )တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ကျင်နုသည် ၃၀-၉-၂၀၁၄ရက် (အင်္ဂါနေ့) ည ၈း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အောင်ခိုင်ဝင်း၊ ပြည့်ဖြိုးထက်၊ စုစု**

**(၁)လပြည့်လွမ်းဆွတ်သတိရခြင်း**
## ဗိုလ်မှူးကြီးအောင်မျိုး
**ကြည်း/၂၁၉၄၄၊ စစ်တက္ကသိုလ်အမှတ်စဉ်(၃၁)**
**နည်းဗျူဟာမှူး**

အမြဲတမ်း ရွှေကနေမားမားမတ်မတ် ရပ်ပေးခဲ့တဲ့မောင်လေး ဒီနေ့ ၆-၁၀-၂၀၁၄ရက်ဆိုရင် မကြီးကို လောကအလယ်မှာ တစ်ယောက်တည်းထားခဲ့တာ (၁)လပြည့်ပြီပေါ့နော်…နေ့စဉ်နဲ့အမျှ မောင်လေးကို လွမ်းဆွတ်သတိရကြေကွဲလျက်ပါ။ ဖေဖေရှိနေလို့ ဆက်လက်အားတင်းခဲ့ပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မောင်လေးနောက်ကို လိုက်ခဲ့မှာပါ။ စိတ်ထားကောင်းပြီး မကွယ်လွန်မီ ပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်အစုစုကြောင့် မောင်လေး မြင့်မြတ်အေးချမ်းတဲ့ ဘုံဘဝမှာရောက်ရှိပြီး ပျော်ရွှင်စွာ ခံစားစံစားနေမယ်လို့ မကြီး ယုံကြည်ပါတယ်…မကြီး အသက်ရှင်နေသမျှ မောင်လေးအတွက် ကောင်းမှုကုသိုလ်တွေကိုအဆက်မပြတ် ပြုလုပ်ပေးသွားမှာပါ။ နောင်ဘဝဆက်တိုင်းမှာလည်း တို့မောင်နှမ နှစ်ယောက် မောင်နှမအဖြစ်နဲ့ဘဲ ဆုံတွေ့ပါရစေလို့ ဆုတောင်းပါတယ်…မောင်လေးရေ…အမျှ…အမျှ…အမျှ…

**မမကြီး ဒေါ်ခင်မျိုးမျိုးကြည်**
**အလယ်တန်းပြ-အ.ထ.က(၂)သန်လျင်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်အေးအေးမြ(ခ)ဒေါ်ရှုတီ
**B.Com.(AA ). 1967**
**အသက်(၇၃)နှစ်**

သူငယ်ချင်း အေးအေးမြသည် ၃-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စီးပွားရေးတက္ကသိုလ်**
**၁၉၆၇ ဘွဲ့ရသူငယ်ချင်းများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဇော်ဝင်းလေး(ခ)ဦးဇော်ဝင်း
**စစ်တုရင်ဂရင်းမာစတာ**
**အသက်(၅၂)နှစ်**

နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် စစ်တုရင်အားကစားသမား ဂရင်းမာစတာ ဇော်ဝင်းလေး(ခ)ဦးဇော်ဝင်း အသက်(၅၂)နှစ်သည် ၃-၁၀-၂၀၁၄ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဇော်ဝင်းလေး(ခ)ဦးဇော်ဝင်း
**စစ်တုရင်ဂရင်းမာစတာ**
**အသက်(၅၂)နှစ်**

နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် စစ်တုရင်အားကစားသမား ဂရင်းမာစတာ ဇော်ဝင်းလေး(ခ)ဦးဇော်ဝင်း အသက်(၅၂)နှစ်သည် ၃-၁၀-၂၀၁၄ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးတိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဇော်ဝင်းလေး(ခ)ဦးဇော်ဝင်း
**စစ်တုရင်ဂရင်းမာစတာ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**
**အသက်(၅၂)နှစ်**

နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် စစ်တုရင်အားကစားသမား ဂရင်းမာစတာ ဇော်ဝင်းလေး(ခ)ဦးဇော်ဝင်း အသက်(၅၂)နှစ်သည် ၃-၁၀-၂၀၁၄ရက် နံနက် ၁၁း၃၀နာရီတွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊**
**စစ်တုရင်အသင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ ဇရပ်၊ ကထိန်၊ သင်္ကန်းဒါယကာကြီး**
## ဦးအေးဆွေ (ကသာမြို့)
**အေးကြိုင်-ပွဲရုံနှင့်ဆန်စက်**
**အသက်(၉၈)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နေ ဦးဘ-ဒေါ်ပိုးနှယ်တို့၏သားကြီး၊ မော်လူးမြို့ ဦးဘိုးလင်း-ဒေါ်မိတို့၏သားသမက်၊ (ဒေါ်ကြည်)၏ချစ်ခင်ပွန်း၊ ဦးအေးကြိုင်-ဒေါ်နှင်းရီတို့၏အစ်ကိုကြီး၊ ဒေါ်ဖြူဖြူဆွေ-ဦးစိုးနိုင်(ဟိုတယ်/ခရီး၊ ငြိမ်း)၊ ဦးအောင်ဝင်းဆွေ-ဒေါ်ချိုချိုဝင်း၊ ဦးတင့်ဆွေ-ဒေါ်မိမိရီ၊ ဒေါ်မြင့်မြင့်အေး-ဦးတင်မောင်သန်း(ကျန်းမာရေးဦးစီး)၊ ဒေါ်ခင်မာဆွေ-ဦးတင်မြင့်(ရွှေမန်းပရိက္ခရာ)၊ ဦးအောင်မြင့်ဆွေ-ဒေါက်တာလွင်လွင်ငြိမ်း(မလေးရှား)၊ ဒေါ်မြင့်မြင့်ဆွေ၊ ဦးမောင်မောင်သိန်း(Star Empire, Mdy.)တို့၏ဖခင်၊ တူ၊ တူမ ခုနစ်ယောက်တို့၏ဦးလေး၊ မြေး ၃၀၊ မြစ် ၁၉ယောက်တို့၏ဘိုးဘိုးကြီးသည် ၅-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းမင်းသားရပ်၊ ၃၈လမ်းနေအိမ်မှ မန္တလေးမြို့ တောင်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းသန်း အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်တာဝါ(၁)၊ အခန်း ၀၂၁၊ ဒုတိယထပ်နေ (ဦးထွန်းမြင့်-ဒေါ်သိန်းတင်)တို့၏သမီး၊ ကျောင်းကုန်းနေ (ဦးအုန်းမောင်)၏ဇနီး၊(ဦးသန်းမောင်-ဒေါ်မြင့်မြင့်)၊(ဦးဝင်း)တို့၏ညီမ၊(ဒုတိယဗိုလ်မှူးကြီးခင်မောင်လတ်၊ ငြိမ်း)-ဒေါ်ခင်ခင်လတ်တို့၏အဒေါ်၊ ဒေါ်မော်လီစိုး(UK)၊ ဒေါ်သန်းသန်းနု(တိုးတိုး)၊ ဦးလှအောင်တို့၏မိခင်၊ (ဦးခင်ကိုလတ်)-ဒေါ်ရီရီဝင်း၊ Capt မောင်မောင်စိန်-ဒေါ်တင်ချိုလတ်၊ (ဦးထွန်းထွန်းလတ်)၊ (ဦးသိန်းထူးလတ်)-ဒေါ်ခင်သီတာဦး၊ ဦးမိုးမိုးဇော်စိုး(UK)-ဒေါ်သင်းသင်းနွယ်(UK)၊ ဦးခင်ကျော်လတ်-ဒေါ်ပွင့်ဝါစိုး၊ ဦးကျော်ကျော်စိုး(UK)၊ ဦးသော်သော်စိုး (UK)တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၅-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၄နာရီတွင် သုခကမ္ဘာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၄ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးအေးမြ(ခ) ဒေါ်ရှုတီ (B.Com.AA)
**ရ/သုံးမှန်းခြေ ဦးစီး၊ စီမံဘဏ္ဍာ(ငြိမ်း)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၁၄၀၊ ဗိုလ်မြတ်ထွန်းလမ်းနေ [ဦးထွန်းစိန်(ခ)လှိုဖိတ်စူး - ဒေါ်ကျင်ရန်]တို့၏သမီး၊ ဦးခင်ဇော်(ခ)လှိုခဲဝါ-ဒေါက်တာ ဒေါ်ကြည်ကြည်ဝင်းတို့၏ညီမ၊ ဦးဉာဏ်ထိန်(Henry)၊ ဦးအေးသိန်း-ဒေါက်တာဒေါ်တင်မေညွန့်တို့၏အစ်မ၊ ဦးအောင်မြင့်ထူး(ခ)ကိုထူး-ဒေါ်ခင်မြထွေး(ခ)ထွေးထွေး၊ ဒေါ်မြမြသန်း(ခ)မီးမီးတို့၏အဒေါ်၊ မသီရိဇော်(ခ)ဟုန်းဟုန်းတို့၏ ဘွားလေးသည် ၃-၁၀-၂၀၁၄ရက် (သောကြာနေ့) နံနက် ၄း၄၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း
**အသက်(၆၈)နှစ်**

ကွမ်းခြံကုန်းမြို့နယ်၊ မြို့မပိုင်းရပ်ကွက်၊ ရွှေပြည်တန်လမ်း၊ အမှတ် ၁၈ နေ (ဦးခင်မောင်-ဒေါ်ခင်ရီ)တို့၏သား၊ (ဦးမောင်ကလေး - ဒေါ်ညွန့်မေ)တို့၏သားသမက်၊ ဦးဇင်မင်းညွန့်(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၊ ဌာနခွဲမှူး)-ဒေါ်တိုးတိုးမင်း (အထက-၅၊ ဗိုလ်တထောင်)၊ ဗိုလ်ကြီးသန်းထိုက်ကို (တပ်မတော်ဆေးရုံ၊ အောင်ပန်း)တို့၏ဖခင်၊ မအေးရတနာဇင်၏အဘိုး၊ ဒေါက်တာခင်မာနီ (မေဆေးကုခန်း၊ကွမ်းခြံကုန်း)၏ချစ်လှစွာသောခင်ပွန်းသည် ၄-၁၀-၂၀၁၄ရက် (စနေနေ့) ည ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဗိုလ်တထောင်စည်ပင်ဝင်း နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၄ရက်(သောကြာနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ တိုက် ၁၊ အခန်း ၁၁၊ ဗိုလ်တထောင် စည်ပင်ဝင်းတွင်လည်းကောင်း၊၁၂-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ (မေဆေးကုခန်း)၊ မြို့မရပ်ကွက်၊ ကွမ်းခြံကုန်းမြို့ နေအိမ်တွင်လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးလှတင်(ခ)ဦးတင်မောင်
**အသက်(၇၇)နှစ်**

အမှတ် ၃၉၉/က၊ မြို့မလမ်း၊ (၄)ရပ်ကွက်တောင်ပိုင်း၊ သာကေတမြို့နယ်နေ (ဦးအောင်ခင်-ဒေါ်သန်း)တို့၏သား၊(ဦးလှရွှေ-ဒေါ်စု)တို့၏သားသမက်၊ ဦးကိုကိုလေး-ဒေါ်ဌေးဌေး၊ ဦးလှတိုး-ဒေါ်မူမူတင်၊ ဦးကျော်နိုင်-ဒေါ်မြင့်မြင့်ကြွယ်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်သောင်းစိန်၏ခင်ပွန်း၊ မြေးလေးယောက်တို့၏အဘိုးသည် ၄-၁၀-၂၀၁၄ရက်(စနေနေ့) ညနေ ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၁၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၄ရက် (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မအေးသန္တာလွင်(ပျော်ဘွယ်)
**အသက်(၄၀)**

ပျော်ဘွယ်မြို့နေ ဦးမြင့်လွင်(မြို့နယ်သတင်းထောက်)-ဒေါ်ကြည်ကြည်ဝေ၊ မန္တလေးမြို့နေ ဦးအောင်ခင်-ဒေါ်တာတာကိုတို့၏သမီး၊ ကိုနိုင်ထွန်း(ခေတ္တ-လန်ဒန်)၊ ကိုအောင်မြင့်မြတ်-မစုစန္ဒာလွင်(ကောင်းကင်ပြာ ဖက်ရှင်) ပျော်ဘွယ်၊ ကိုပြည့်ဖြိုးအောင်(MD) PANDORA Media and Trading ရန်ကုန်တို့၏အစ်မသည်၅-၁၀-၂၀၁၄ရက် နံနက် ၂း၃၀နာရီတွင် ရန်ကုန်ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (အမှတ် ၃၀၃၊ လေးလွှာ၊ ဝေဇယန္တာလမ်း၊ ကျော်-လားရှိုးစားသောက်ဆိုင်အနီး နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မရွှေပြည့်အိမ်
**အသက်(၁၃)နှစ်**

မန္တလေးမြို့နေ ဒေါက်တာဦးအောင်ကျော်ညွန့် (အသည်းအထူးကုဆရာဝန်ကြီး)-ဒေါ်နော်လေးလီယံ၊ ဦးမြစိန်-ဒေါ်သန်းသန်းတို့၏မြေး၊ မောင်ဝီလျှံဖြိုး၏ညီမ၊ အမှတ် ၁၁၅/၁၊ ၆လလမ်း၊ အနိပ်တော်ရပ်၊ ၁၉×၂၀ကြား၊ ၆၃×၆၄ကြားနေ ဒေါက်တာအောင်ကျော်ဖြိုး (အရိုးအထူးကုဆရာဝန်၊ မင်းတပ်မြို့) - ဒေါ်မြသွယ်ခိုင်တို့၏ ချစ်လှစွာသော တစ်ဦးတည်းသောသမီးသည် ၅-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၀၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအောင်သိန်း
**(မန္တလေးအသင်းဝင်)**
**ရဲအုပ်၊ သတင်းတပ်ဖွဲ့(ငြိမ်း)**
**အသက်(၈၁)နှစ်**

မန္တလေးမြို့နေ (ဦးကိုကြီး-ဒေါ်လှရင်)တို့၏သား၊ရန်ကုန်မြို့နေ(ဦးထွန်း-ဒေါ်ခင်ညွန့်)၊ (ဦးတင်နွယ်-ဒေါ်ခင်စော)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်းနှင့် မလွှကုန်းလမ်းထောင့်၊ အမှတ် ၁၊ ပထမထပ်နေ(ဒေါ်ကြည်ကြည်သန်း)၏ခင်ပွန်း၊ မပွင့်ဝါဝါ၊ ကိုပြည့်ဟိန်း-မလဲ့ဝါဝါတို့၏ဖခင်၊ မအေးလဲ့ဟိန်း၏အဘိုးသည် ၄-၁၀-၂၀၁၄ရက်(စနေနေ့) ည ၇း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၄ရက်(တနင်္လာနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအောင်သိန်း (မန္တလေး)
**အသက်(၈၁)နှစ်**

မန္တလေးမြို့နေ (ဦးကိုကြီး-ဒေါ်လှရင်)တို့၏သား၊ရန်ကုန်မြို့နေ ဦးအောင်သန်း-ဒေါ်တင်တင်မိုး၊ မန္တလေးမြို့နေ ဒေါက်တာညွန့်လွင်၊ ဒေါက်တာကြည်ကြည်သိန်း၊ ဦးထွန်းမြင့်၊ ဒေါ်သန်းသန်းနု(ဦးညွန့်ဝင်း)၊ ဒေါ်မြင့်မြင့်သန်းတို့၏အစ်ကို၊တူ/တူမ ၁၁ယောက်တို့၏ဘကြီး၊ (ဒေါ်ကြည်ကြည်သန်း)၏ခင်ပွန်းသည် ၄-၁၀-၂၀၁၄ရက်(စနေနေ့)ည ၇း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၄ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီ၊အစ်ကို၊မောင်နှမတစ်စု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးခင်မောင် (ဖျာပုံ)
**မင်္ဂလာတောင်ညွန့်မြို့နယ်ပါတီယူနစ် အတွင်းရေးမှူး(ငြိမ်း)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ် ၄၀၊ သုံးလွှာ(B)နေ (ဦးညွန့်မောင်-ဒေါ်စိန်းတင်)တို့၏သားကြီး၊ ဒေါ်လှကြည်၏ခင်ပွန်း၊ ဦးချိုဝင်း(St John Management Co.,Ltd.-ဒေါ်ခင်စန္ဒာ(ထ-၂၊ စမ်းချောင်း၊ ငြိမ်း)၊ ဒေါ်လဲ့လဲ့ဝင်း (ဆက်သွယ်ရေး၊ ငြိမ်း)တို့၏ချစ်လှစွာသောဖခင်၊ မချစ်ချစ်ချို (Denso Industry Yangon)၊ မောင်ညီညီထက်နိုင်တို့၏အဘိုး၊ (ဦးအုန်းမြင့်)-ဒေါ်မြင့်မြင့်ခင်၊ [ဦးခင်မောင်မြင့်(ခ) ဦးမင်းအေး]-ဒေါ်ခင်မူ၊ ဦးခင်မောင်တင့် - ဒေါ်ရွှေရွှေမြင့်စိုးတို့၏ အစ်ကိုကြီး၊ တူ၊တူမ ကိုးယောက်တို့၏ဘကြီးသည် ၅-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဆန်းညွန့် (ကျိုက်လတ်)
**အထပြ(ငြိမ်း)**
**အထက(၅)တောင်ဥက္ကလာပ**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ ၆ လမ်း (အောက်)၊ အမှတ် ၆၂၆နေ (ဦးမောင်ကြီး-ဒေါ်အေးတင်)တို့၏သား၊ (ဦးမြကွန်း-ဒေါ်သောင်း)တို့၏ သားသမက်၊ ဒေါ်ခင်မြင့်၏မောင်၊ ဒေါ်မြင့်အေး [မထသ-ခွဲ(၃)၊ငြိမ်း]၏ခင်ပွန်း၊မသက်စုမာ(A1 Construction Co.,Ltd.)၏ဖခင်သည် ၅-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁၀-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ကရင်ပြည်နယ်၊ ဘားအံမြို့၊ (၃)ရပ်ကွက်၊ ကူးဆိပ်လမ်း၊**
**ဓမ္မပီယကျောင်း ပဓာနနာယကဆရာတော်**
## ဘဒ္ဒန္တသီလဝံသ
**သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ (၃)ရပ်ကွက်၊ ကူးဆိပ်လမ်း၊ ဓမ္မပီယကျောင်း၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသီလဝံသသည် (၁၃၇၆ခုနှစ် သီတင်းကျွတ်လဆန်း ၅ရက်) ၂၈-၉-၂၀၁၄ရက်(တနင်္ဂနွေနေ့) ည ၇း၁၅ နာရီတွင် တောင်ကလေး (ကုတင်-၁၀၀)တပ်မတော်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ရက်) ၁၂-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မူလကျောင်းနေရာမှ စံကျောင်းတော်သို့ ပင့်ဆောင်အပူဇော်ခံမည်ဖြစ်ပြီး အန္တိမအဂ္ဂိစျာပနအခမ်းအနား မီးသင်္ဂြိုဟ်ပူဇော်ပွဲကို (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ရက်) ၂၆-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

ဈာပနာကျင်းပရေးကော်မတီ၊ ဘားအံမြို့

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## သိက္ခာတော်ရဆရာကြီး ဦးတင်မောင် အသက်(၉၁)နှစ်

ဂုဏ်ထူးဆောင်နာယက လွတ်လပ်သောမက်သဒစ်အသင်းတော်များ အဖွဲ့ချုပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်နေ (ဦးဘကော်-ဒေါ်သိန်း)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊သဃ်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ ၁လမ်း၊ အမှတ် ၃၇၆(မြေညီခေါင်းရင်း)နေ (တရားဟောဆရာမကြီး ဒေါ်တင်မြင့်)၏ချစ်လှစွာသာခင်ပွန်း၊ ဒေါ်ခင်မူဝေ၊ သိက္ခာတော်ရဆရာ ဦးခင်မောင်မောင် (သင်းအုပ်ဆရာ၊ လွတ်လပ်သောမက်သဒစ်အသင်းတော်၊ ငမိုးရိပ်)-ဓမ္မဆရာမ ဒေါ်ခိုင်ခိုင်မာ၊ ဦးခင်မောင်ချို(အဖွဲ့ခွဲမှူး၊ လယ်ယာ/ဆည်မြောင်းဝန်ကြီးရုံး၊ နေပြည်တော်)-ဒေါ်နန်းအေးအေးမြင့်တို့၏ဖခင်၊ အာကာဝေယံမောင်၊ အာကာငြိမ်းချမ်းမောင်၊ ဇာနည်ရဲရင့်မောင်၊ မပွင့်ဖြူမောင်၊ မသဇင်မောင်၊ မရတနာမောင်တို့၏အဘိုးသည် ၅-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၁၀-၂၀၁၄ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## သိက္ခာတော်ရဆရာကြီး ဦးတင်မောင်
**အသက်(၉၁)နှစ်**

လွတ်လပ်သော မက်သဒစ်အသင်းတော်များအဖွဲ့ချုပ်၊ ဂုဏ်ထူးဆောင်နာယက သိက္ခာတော်ရဆရာကြီး ဦးတင်မောင်သည် ၅-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၁၀-၂၀၁၄ရက် (အင်္ဂါနေ့)မွန်းတည့်၁၂နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း သာသနာနယ်အသီးသီးရှိ ဓမ္မမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

လွတ်လပ်သော မက်သဒစ်အသင်းတော်များအဖွဲ့ချုပ်
အမှတ် ၂၅၆၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးအုန်းဖေ
**အသက်(၈၃)နှစ်**

ဦးတင်ထွန်းနိုင် (MIT Construction group Co.,Ltd. Director)-ဒေါ်ခင်နွယ်နီတို့၏ဖခင်၊ အမှတ် ၄၂၀၊ မင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေ ဦးအုန်းဖေသည် ၅-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Nadi Shwe War Construction Co.,Ltd.**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးမြင့်သိန်း (စက်မှု-၁)
**စက်မှု/သတ္တုပြင်ထိန်း**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်အမှတ် ၂၇၊ အခန်းအမှတ် ၀၀၁၊ ၁၀လမ်း၊ (B)ဘလောက်နေ (ဦးဟုတ်ကြည်-ဒေါ်ကြည်)တို့၏ တစ်ဦးတည်းသောသား၊ (ဦးသောင်း-ဒေါ်စိုးညွန့်)တို့၏သားသမက်၊ (ဒေါ်စန်းစန်း)၏ခင်ပွန်း၊ ဦးပဋ္ဌင်း ဦးဉာဏ၊ ဦးသိန်းနိုင်-ဒေါ်ချိုချိုမာ၊ (ဦးညွန့်ဝင်း)-ဒေါ်ခင်မြသွင်၊ (မောင်တင်ကိုကို)၊ မခင်သန်းဌေးတို့၏ဖခင်၊ မောင်ကောင်းမြတ်ကျော်၊ မနှင်းရွှေရည်၊ မဟန်မိုးသွင်၊ အရှင်သုစိတ္တ၊ မနှင်းထူးထူးစံ၊ မောင်ဘုန်းမြတ်ဟိဏ်းတို့၏အဘိုးသည် ၄-၁၀-၂၀၁၄ရက်(စနေနေ့) ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးစောလင်းနိုင်
**B.C.Sc, M.C.Sc**
**ကြည်း-၅၀၁၃၀၊ DSA**
**အမှတ်စဉ်(၅၀)**
**ဘုရင့်နောင်တပ်ခွဲ**
**အသက်(၂၈)နှစ်**

ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ထန်းတောကြီးလမ်း၊ အမှတ် ၄၂၃/၄ နေ ဦးသောင်းညွန့်-ဒေါ်စမ်းတင်တို့၏ ချစ်လှစွာသောသား၊ (မောင်ခင်မောင်သန့်)၏ညီ၊ မဥမ္မာကျော့မှူး(Global Star Co.,Ltd.)၊ မလေးခင်ခင်ထိုက် (ဈေးညောင်ပင် ကျန်းမာရေးဌာန၊ အောက်စီးတီးအရှေ့ ကျန်းမာရေးဌာနခွဲ)၊ မသန္တာပို (ဇိုင်းဂနိုင်းတောင်ပိုင်း၊ မှူလွန်)တို့၏မောင်၊ မောင်မြင့်မိုရ်မင်းခန့်၏အစ်ကိုသည် ၂-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကျော်ထွန်းမြင့်
**B.Sc (D.S.A)**
**စစ်တက္ကသိုလ်အမှတ်စဉ်(၂၃)**
**အသက်(၅၆)နှစ်**

ဝါးခယ်မမြို့၊မင်းပိုင်းရပ်နေ(ဦးဘုန်းမြင့်-ဒေါ်မြင့်မြင့်ရီ)တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်နီလာ၊ ဦးလှမြင့်(အလယ်တန်းပြ၊ ငြိမ်း)-ဒေါ်သီတာတို့၏မောင်၊ (ဦးခင်ဝင်း) - ဒေါ်သူဇာ (နည်းပညာကောလိပ်၊ ဝါးခယ်မ)၊ ဦးဇော်လွင် ငြိမ်း (Y.C.D.C) - ဒေါ်မိမိလေး (Y.C.D.C)၊ ဗိုလ်မှူးညီညီသန့်(ငြိမ်း) (Y.C.D.C) - ဒေါက်တာကြည်ကြည်လွင်(ကထိက၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏အစ်ကိုသည် ၄-၁၀-၂၀၁၄ရက် (စနေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၄ရက်(သောကြာနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်သာ၊ အမှတ်(၂/၃)၊ နဝဒေးရိပ်သာ (နဝဒေးလမ်းသွယ်) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရန် မိမိတို့အားလုံး ရှေ့ကိုတိုးပြီးသွားနေ လမ်းကြောင်းမှန်နေသော်လည်း တစ်ခါတစ်ရံ အခက်အခဲ၊ အကျပ်အတည်းများရှိ

ရန်ကုန် အောက်တိုဘာ ၅

**ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဝင်းရှိန်နှင့် ဒေါက်တာကံဇော်တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ မီဒီယာများနှင့်တွေ့ဆုံသည်။**

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့မှ မီဒီယာများတက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ဆိုလျှင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်လာသည်မှာ လေးနှစ်အတွင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အောင်မြင်သည်များရှိသကဲ့သို့ အခက်အခဲ၊ အကျပ်အတည်းများလည်း များစွာရှိကြောင်း၊ ယနေ့ကြုံတွေ့နေရသည့် အခက်အခဲများတွင် ပြည်သူလူထု၏ မျှော်လင့်ချက်များ မြင့်မားစွာပါဝင်ကြောင်း။

ယနေ့အစိုးရ၊ လွှတ်တော်နှင့် အခြားအဖွဲ့အစည်းများ အနေဖြင့် တစ်ဖက်က စွမ်းရည်ကို မြှင့်တင်နေသကဲ့သို့ တစ်ဖက်ကလည်း ဖွဲ့စည်းတည်ဆောက်မှုပုံစံကိုလည်း တစ်ပြိုင်တည်းပြန်လည်ဖွဲ့စည်းခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ အသစ်တည်ဆောက်ခြင်း စသည့် ဒီမိုကရေစီနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နေကြောင်း၊ ဖွဲ့စည်းတည်ဆောက်မှုပုံစံများကို ပြန်လည်တည်ဆောက်ခြင်း၊ *စာမျက်နှာ ၇ ကော်လံ ၃* ❊

---

# ပရီမီယာလိဂ်ပွဲစဉ် (၇) မန်ယူ၊ စပါးနှင့် ချယ်လ်ဆီးတို့ အနိုင်ရ

**မန်ချက်စတာ အောက်တိုဘာ ၅**

ပရီမီယာလိဂ်ပွဲစဉ်(၇) တနင်္ဂနွေနေ့ အစောဆုံးပွဲဖြစ်သည့် မန်ယူနှင့် အဲဗာတန်တို့ ယှဉ်ပြိုင်ကစားရာ မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ မန်ယူအသင်းတွင် ဗန်ပါစီနှင့် ဖယ်လ်ကာအိုတို့ တိုက်စစ်၌ ဦးဆောင်ခဲ့ပြီး ကွင်းလယ်တွင် ဒီမာရီယာ၊ ဗလင်စီယာ၊ မာတာတို့နှင့်အတူ အဓိကကစားသမားများ ပါဝင်ကစားခဲ့သည်။

မန်ယူအသင်းသည် ပွဲစသည်နှင့် အဲဗာတန်ဘက်သို့ ဖိကစားခဲ့ပြီး အဲဗာတန်အသင်းကလည်း အကောင်းဆုံး တုံ့ပြန်ကစားခဲ့သည်။ မန်ယူအတွက် ပထမဂိုးကို ပွဲချိန် ၂၇မိနစ်တွင် ဒီမာရီယာက သွင်းယူပေးသည်။ ပွဲချိန် ၄၅ မိနစ်တွင် မန်ယူနောက်တန်းလူ လုခ်ရှော၏ ဖျက်ထုတ်မှုကြောင့် မန်ယူတို့ ပယ်နယ်တီ အပေးခံရသည်။ အဆိုပါ ပယ်နယ်တီကို အဲဗာတန် တောင်ပံကစားသမား လေတန်ဘိန်းစ်က ကန်သွင်းသော်လည်း ဂိုးသမားဒီဂီယာ ပုတ်ထုတ်ကာကွယ်ခဲ့သည်။

ပထမပိုင်းအပြီး မန်ယူတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒုတိယပိုင်းတွင် မန်ယူတို့ကသာ အဲဗာတန်ဘက်သို့ ဖိကစားခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❊

---

# အာရှ ယူ-၁၉ ပြိုင်ပွဲကို အောက်တိုဘာ ၉ ရက်မှစ၍ ရန်ကုန်နှင့် နေပြည်တော်တွင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၅**

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွှန့်**

အာရှဘောလုံး အင်အားကြီးနိုင်ငံများ ဝင်ရောက်ယှဉ်ပြိုင်မည့် အာရှယူ-၁၉ ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၉ ရက်မှ စ၍ ရန်ကုန်နှင့် နေပြည်တော်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

ဒေသတွင်း၌ အဆင့်အမြင့်ဆုံး အားကစားပြိုင်ပွဲဖြစ်သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပပြီး တစ်နှစ်မပြည့်မီ အာရှအဆင့်ရှိ နိုင်ငံတကာ ဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲကို အောက်တိုဘာ ၉ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်းတို့၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းအပါအဝင် အာရှဒေသတွင်းမှ အသင်း(၁၆)သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အိမ်ရှင်မြန်မာအသင်းမှာ အုပ်စု(က)တွင် အီရန်၊ ယီမင်၊ ထိုင်းအသင်းတို့နှင့်အတူကျရောက်နေပြီး အုပ်စု(ခ)တွင် ဥဇဘက်ကစ္စတန်၊ ဩစတြေးလျ၊ ယူအေအီး၊ အင်ဒိုနီးရှား၊ အုပ်စု(ဂ)တွင် တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ဗီယက်နမ်၊ အုပ်စု(ဃ)တွင် အီရတ်၊ မြောက်ကိုရီးယား၊ ကာတာနှင့် အိုမန်တို့ ပါဝင်လျက်ရှိသည်။

အုပ်စု(က)နှင့် (ခ)ပွဲစဉ်များကို သုဝဏ္ဏကွင်း၊ အုပ်စု(ဂ)နှင့် (ဃ)ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိကွင်းတို့တွင် ကျင်းပမည်ဖြစ်သော်လည်း အုပ်စုနောက်ဆုံးပွဲစဉ်များကို အဆိုပါနှစ်ကွင်း၌ တစ်ပြိုင်နက် ကစားစေမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များမှာ အောက်တိုဘာ ၁၄ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၁၇ ရက်တွင် သုဝဏ္ဏကွင်းနှင့် ဝဏ္ဏသိဒ္ဓိကွင်း၌ တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် လေးပွဲစလုံးအပြီးကစားမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို *စာမျက်နှာ ၅ ကော်လံ ၁* ○



မြန်မာ ယူ-၁၉ အသင်း လေ့ကျင့်မှုများ ပြုလုပ်နေစဉ်။

---

# ပုဇွန်တောင်ရေကျော် သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပ လာရောက်လည်ပတ်ကြသူများနှင့် ဈေးဆိုင်ခန်းများ များပြား



**ရန်ကုန် အောက်တိုဘာ ၅**

**သတင်းနှင့်ဓာတ်ပုံ-တင်လှမောင်**

နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည့် ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမအနီး သီတင်းကျွတ်မီးထွန်းပွဲတော်ကို အောက်တိုဘာ ၅ ရက်မှ ၁၀ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်သည်။ အဆိုပါပွဲတော်တွင် ဈေးဆိုင်ခန်းများ၊ လာရောက်လည်ပတ်ကြသူများ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် မီးထွန်းပွဲတော်၌ ပါဝင်ဆင်နွှဲကြသည်ကို တွေ့ရသည်။

သီတင်းကျွတ်မီးထွန်းပွဲတော် ဖျော်ဖြေရေးအနေဖြင့် ၅ ရက်နှင့် ၆ ရက်တွင် သီချင်းဆိုပြိုင်ပွဲနှင့် တေးသရုပ်ဖော်ခြင်း၊ ၇ ရက်နေ့တွင် Starlet' Sky မှသီဆိုဖျော်ဖြေခြင်း၊ ၈ ရက်နေ့တွင် နိုင်ငံကျော် 5 Star အငြိမ့်နှင့် ၉ ရက်နေ့တွင် Hird Bird Band နှင့်အတူ နိုင်ငံကျော်ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ နိုင်ငံကျော်တေးသံရှင်များဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို ပုဇွန်တောင်မြို့နယ် အမှတ် (၉) ရပ်ကွက်အနေဖြင့် ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ရာ အမှီသဟဲရပ်ကွက်များဖြစ်ကြသော အမှတ် (၇) ရပ်ကွက်၊ အမှတ်(၁၀)ရပ်ကွက်နှင့် ဗိုလ်တထောင်မြို့နယ်များကပါ ဝင်ရောက်ပူးပေါင်းပြုလုပ်ခဲ့ကြခြင်းဖြစ်ပြီး ပွဲတော်အတွင်း သက်ဆိုင်ရာလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဆယ်အိမ်မှူးများနှင့် ရပ်ကွက်အသီးသီးရှိလူငယ်များမှ ပူးပေါင်းပါဝင်ကာ ပွဲတော်ကျင်းပရေးစနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ပွဲတော်ကျင်းပရေးကော်မတီ ဦးအောင်နိုင်က "ပွဲတော်ကျင်းပနိုင်ဖို့အတွက် သက်ဆိုင်ရာ အဆင့်အလိုက်ကို တစ်လလောက်ကတည်းက ကြိုတင်ခွင့်ပြုချက်တောင်းခံရပါတယ်၊ ဒီနှစ်အတွက်တော့ Premier ကော်ဖီမစ်က *စာမျက်နှာ ၇ ကော်လံ ၁* ■




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ၊ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၁၀-၂၀၁၄ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၇-၁၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၂-၁၁-၂၀၁၄ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၇-၁၂-၂၀၁၄ ရက်နေ့မှ ၁၈-၁၂-၂၀၁၄ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၉-၁-၂၀၁၅ ရက်နေ့မှ ၁၆-၁-၂၀၁၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၈၅၀၀၀ိ/-)၊ဒုတိယနှစ်(၈၆၀၀၀ိ/-)၊တတိယနှစ်(၈၇၀၀၀ိ/-)၊ စတုတ္ထနှစ်(၈၈၀၀၀ိ/-)ရရှိမည်။ [၎င်းအပြင် နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။]

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ **B.N.Sc(Bachelor of Nursing Science)**

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ **B.Pharm(Bachelor of Pharmacy)**

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) **B.Med.Tech (Medical Laboratory Technology)**

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) **B.Med.Tech (Physiotherapy)**

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) **B.Med.Tech (Medical ImagingTechnology)**

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(**Nurse**)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ **(Master of Science)** နှင့် ပါရဂူဘွဲ့ **(Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု /ဆေးဘက်ကျွမ်းကျင်သူ (ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ် ( သူနာပြု /ဆေးဘက်ကျွမ်းကျင်သူ ) အဖြစ် စတင်ခန့်အပ်ပေးမည်။ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံခြင်း မခံရသည့် သူနာပြု/ဆေးဘက်ကျွမ်းကျင်သူများသည် တပ်မတော်မှ နုတ်ထွက်ရမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်

## သူနာပြုသိပ္ပံဘွဲ့သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၁၀-၂၀၁၄ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၇-၁၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၆-၁၂-၂၀၁၄ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၉-၁၂-၂၀၁၄ ရက်နေ့မှ ၃၀-၁၂-၂၀၁၄ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁-၂၀၁၅ ရက်နေ့မှ ၂၃-၁-၂၀၁၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သူနာပြုသိပ္ပံဘွဲ့ **(Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၈၅၀၀၀ိ/-)၊ဒုတိယနှစ်(၈၆၀၀၀ိ/-)၊တတိယနှစ်(၈၇၀၀၀ိ/-)၊ စတုတ္ထနှစ်(၈၈၀၀၀ိ/-)ရရှိမည်။[၎င်းအပြင် နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။]

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု**(Nurse)**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက သူနာပြုမဟာသိပ္ပံဘွဲ့ **(Master of Nursing Science)** နှင့် ပါရဂူဘွဲ့ **(Ph.D Nursing)** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)အမှုထမ်းသက် (၁)နှစ်၊အထက်တန်းသူနာပြု အမှုထမ်းသက် (၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ် (သူနာပြု) အဖြစ် စတင်ခန့်အပ်ပေးမည်။ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံခြင်း မခံရသည့် သူနာပြုများသည် တပ်မတော်မှ နုတ်ထွက်ရမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

